www.burmeseclassic.com

BURMESE CLASSIC .com

# လွင်မင်းအုံ

# ရက်ငွေတဲ့ အိပ်မက်ကြီး



အချစ်၊ ဟာသ၊ လုံးချင်း ဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

# ဝှက်နေတဲ့ အိပ်မက်ကြိုး


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၀၃၄၀၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၀၃၈၀၁၀၈ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၈ခုနှစ်၊ မတ်လ |
| ထုတ်ဝေသူ | - | မျိုးမင်းသန့်၊ (၀၄၁၇၃)<br>မျက်ပွင့်စာပေ<br>အမှတ်(၁၆၇)၊<br>ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>ရန်ကုန်။ ဖုန်း ၇၀၀၅၇၉ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | - | ဦးဇော်မင်းအေး (၀၇၁၂၅)<br>ဇော်ပုံနှိပ်တိုက်<br>အမှတ်(၃၈၆)၊ အင်ကြင်းမြိုင်လမ်း၊<br>သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | - | လင်းခက် |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

## ဖြန့်ချိရေး

**မျက်ပွင့်စာပေ**

အမှတ်(၁၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဗိုလ်ဆွန်ပက်လမ်းထိပ်)၊

ရန်ကုန်။

ဖုန်း - ၇၀၀၅၇၉၊ ၀၉၅၁၃၄၈၅၅၈


www.burmeseclassic.com

www.burmeseclassic.com



၁

အခန်းထဲမှာ အပ်ကျသံ မကြားရလောက်အောင် တိတ်ဆိတ်နေပါတယ်။ သေသေချာချာ နားထောင်ကြည့်ရင်တော့ တိုင်ကပ်နာရီက စက္ကန့်သံလေးပြေးလွှားနေတာကိုတော့ ကြားနိုင်သား။ ပြီးတော့ ခပ်ပြင်းပြင်း ခပ်မြန်မြန်လေးနဲ့ စည်းဝါးမမှန်တဲ့ အသက်ရှူသံတစ်စုံ။ အခန်းထဲမှာတော့ သက်ရှိလူသားနှစ်ဦး။ သူတို့နှစ်ယောက်ကတော့ ဒီနေ့မှ ပူပူနွေးနွေး လက်ထပ်ပြီးစ ဇနီးမောင်နှံ ဘရန်းနယူးလေးပါ။ သတို့သမီးက သတို့သားကို မဝံ့မရဲလေး ကြည့်တယ်။ သတို့သားက သတို့သမီးကို စူးစူးရဲရဲလေး ကြည့်တယ်။

" ဂလု "

သတို့သားက တံတွေးမြိုချလိုက်တာပါ။

" ဟင်း "

သတို့သမီးဆီက သက်ပြင်းချသံ သဲ့သဲ့လေး။ သတို့သားက သတို့သမီးနားကို တစ်လက်မချင်းရွှေ့လာပါတယ်။ သတို့သမီးကတော့ နေရာမရွှေ့ပဲ ကိုယ်ကိုကျုံ့ထားလိုက်ပါတယ်။ သတို့သားရဲ့ မျက်နှာက သတို့သမီးရဲ့မျက်နှာနား တဖြည်းဖြည်းတိုးလာပါတယ်။ သတို့သမီးက မျက်နှာကိုခပ်လွှဲလွှဲလေး ငုံ့ချလိုက်တယ်။ သတို့သားရဲ့နှုတ်ခမ်းက သတို့သမီးရဲ့နားရွက်နဲ့ တစ်တန်းတည်း ဖြစ်သွားပါတယ်။ ခပ်ပြင်းပြင်း ရှူထုတ်လိုက်တဲ့လေကြောင့် သတို့သမီးရဲ့သစ်ရွက်ပုံနားဆွဲလေးတောင် ပရမ်းပတာလေး လှုပ်ခပ်သွားသေးတယ်။ နှုတ်ခမ်းနဲ့နားရွက်နဲ့က ထိလုထိခင်။ သတို့သမီးက မျက်လုံးစုံမှိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးကို ကျုံ့ထားလိုက် ပါတယ်။

"အဟမ်း"

သတို့သားက ချောင်းဟန့်လိုက်တာပါ။ သတို့သမီးက ဆတ်ကနဲ တုန်သွားရှာတယ်။ ဒင်းက အရေးထဲ ချောင်းဟန့်နေရသေးတယ်။ သူ့ကို အစည်းအဝေးမှာ မိန့်ခွန်းပြောခိုင်းတယ်များ အောင့်မေ့နေလား မသိဘူး။ လုပ်စရာရှိ မြန်မြန်လုပ်တာ မဟုတ်ဘူး။ အဟုတ်၊ တကယ် စိတ်ညစ်တယ်။ သတို့သားက ဒုတိယ အကြိမ် အားယူပြီး သတို့သမီးအနားကပ်လာပါတယ်။ ပြီးတော့ တိုးတိုးလေး ကပ်ပြောလိုက်တယ်။

"အဟင်း၊ အဟင်း၊ နင်နဲ့ငါ ပက်ကင် ဖွင့်ရအောင်နော်"

"ဘာ"

ကျုံ့ထားတဲ့ သတို့သမီးရဲ့ကိုယ်က ဆန့်ကနဲ ဖြစ်သွားပါတယ်။ သတို့သားဖက် လှည့်ပြီး မျက်လုံးကြီးပြူးကြည့်တယ်။

"ဘာ-ဘယ်လိုပြောလိုက်တယ်"

"ဟို-ဟိုလေ. . . . . ပက်ကင်ဖွင့်ရအောင်လို့"

သတို့သားက တုန်တုန်ရီရီနဲ့ အခန်းထောင့်ကို လက်ညှိုးထိုးပြလိုက်တယ်။ အခန်းထောင့်မှာတော့ မဖောက်ရသေးတဲ့ လက်ဖွဲ့ ပက်ကင်ထုပ်တွေက အပုံလိုက်။

"ဟူး"

သတို့သမီးလေးက သက်ပြင်းရှည်ကြီး ချလိုက်ပါတယ်။ ဆန့်ကနဲဖြစ်သွားတဲ့ခန္ဓာကိုယ်လည်း လျှောကနဲ နဂိုနေပြန်ဖြစ်သွားပါတယ်။ မဆိုသလောက် ပြူးစိစိဖြစ်သွားတဲ့မျက်နှာကို ခပ်တည်တည် မြင်ပြီး လိုက်ပြီးမှ သတို့သားဖက်လှည့်ပြီး ခေါင်း ညိတ်ပြလိုက်ပါတယ်။

"အင်းလေ တို့နှစ်ယောက် လက်ဖွဲ့ထုပ်တွေ ဖောက်ကြည့်ကြတာပေါ့။"

တော်ပါသေးရဲ့။ နှစ်လုံးထဲနဲ့ ကပ်ရှုပ်တော့မလို့။

. . . ☺ . . .





ဒီပြဿနာတွေ အားလုံးရဲ့ မူလဘူတပထမ အစကို ခြေရာကောက်ကြည့်မယ်ဆိုရင် အဲဒီလူကို လက်ညှိုးနှစ်ချောင်းလုံး တည့်တည့်ကြီး ထိုးရတော့မှာပဲ။ အဲဒီလူနာမည်က ဦးအောင်မျိုးလွင်၊ အလုပ်အကိုင်က ဝေဒလက္ခဏာ နက္ခတ္တ ပညာရှင်၊ သူ့ဟောခန်းရှေ့မှာ ဟောဒီလို ဆိုင်းဘုတ်ကြီးကြီးနဲ့ ကြေငြာထားသေးတယ်။

" ကျေးဇူးရှင် မူလပထမ ဝေဒလက္ခဏာ
နက္ခတ္တပညာရှင်
ဆရာကြီး ဦးအောင်ထွန်းစော ၏
သတ္တမမြောက် သမက်တပည့်

ဆရာ ဦးအောင်မျိုးလွင် "

သမက်တပည့်ဆိုတာ သားတပည့်ထက် ပိုအဆင့်မြင့်တာပေါ့။ သမီးတောင် ပေးထားရသေးတာပဲဥစ္စာ။ ရှေးတုန်းက ဒိသာပါမောက္ခ တွေဆိုရင် အတော်ဆုံး တပည့်ကိုရွေးပြီး သမီးနဲ့ ပေးစားကြတယ် ဆိုပဲ။ သမီးမမွေးထားတဲ့ ပါမောက္ခက အတော် မျက်နှာငယ်မှာ။ ဒိသာပါမောက္ခတွေက ဇီနိုင်းတွေနဲ့ကြေငြာရှင် ကြေငြာနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



မနှစ်က All-D ရတဲ့ သာကေတတိုင်းပြည်မှ မင်းသားလေးအား ဆရာကြီးက သမီးလတ်အား ထိုးကျွေး (အဲလေ) ဆု ချီးမြှင့်လိုက်သည်။ ဆရာကြီး၌ သမီး၂ယောက် ကျန်သေးသည်။ ကျန်သော တိုင်းပြည်မှ မင်းသားကြီး၊ မင်းသားလတ်၊ မင်းသားငယ်များ အမြန်ဆက်သွယ်ပါ။

သတိ. . . လူဦးရေ ကန့်သတ်ထားသည်။

ဆရာက ပေးစားတော့လည်း အဲဒီမင်းသားတွေလည်း ယူရတော့တာပေါ့။ သမီးကချောရင် တော်သေး၊ ရုပ်ကြမ်းကြီးနဲ့ ဆိုရင်တော့ အောင့်သီးအောင့်သက် ယူရခက်မယူရခက်။ အင်းလေ တပည့်တွေကလည်း သမီးချောတဲ့ဆီ ရွေးတက်ကြမှာပေါ့ မဟုတ်ဘူးလား။

စောစောက သမက်တပည့် ဆရာအောင်မျိုးလွင်ဆိုတာ အခုမှ အသက် ၃၀လောက်ပဲရှိသေးတာပါ။ လူပုံကြည့်ရင်တော့ တစ်စက်မှ ဗေဒင်ဆရာလို့ ထင်စရာမရှိဘူး။ ဘယ်အချိန်ကြည့်ကြည့် အရိုးခေါင်းပုံပါတဲ့ ဘီရှပ်အမည်းကြီးကို ဂျင်းဘောင်းဘီ အကျပ်အရှည်နဲ့တွဲဝတ်လို့။ ရာသီမရွေး Leather boot ကစီး ထားရသေးတယ်။ ဆံပင်ကလည်း ကျောလည်အထိရှည်လို့ Heavy Rocker ပုံစံအပြည့်။ အမယ် နားကွင်းလည်းတပ်ထားသေး။

အတွင်းသိလူတွေ အပြောကတော့ အဲဒီဆရာအောင်မျိုးလွင် ဆိုတာ အရင်တုန်းက ဂျလေဘီဆိုပဲ။ အဲဒါကိုမှ ဆရာကြီးရဲ့ သတ္တမ မြောက် သမီးထွေးလေးက မနေနိုင်၊ မထိုင်နိုင် သွားကြိုက်မိပြီး ခိုးပြေး သွားကြလို့ ဆရာကြီးခမျာ သမီးကိုမပစ်နိုင်လို့ ပေးစားလိုက်ရတာ ဆိုပဲ။ အိမ်ထောင်ကျပြီးတော့လည်း အလုပ်မရှိ အကိုင်မရှိ လပ်လျား လပ်လျား တစ်လုံး၊ နှစ်လုံး၊ သုံးလုံး၊ လေးလုံးတွေနဲ့ သူပါလုံးနေလို့ ယောက္ခမကြီးက ရင်နာနာနဲ့ သူ့ပညာတွေ အမွေပေးခဲ့ရတာတဲ့။





သူ့သမီးလေး ဒုက္ခရောက်မှာစိုးလို့လေ။ အမယ် အဲဒီပညာတွေ သင်ပြီးမှ ဆရာအောင်မျိုးလွင်လည်း Focus တွေ မှန်လွန်းလို့ဆိုပြီး နာမည်ကြီးလာတာ၊ အခုတော့ ရန်ကုန်မြို့ဗေဒင်ဆရာတွေထဲမှာ Top Ten ဝင်နေပြီ။ သူ့ယောက္ခမကြီးကတော့ ဆရာအောင်မျိုးလွင် ဟောခန်းဆိုင်းဘုတ်တင်ပြီးကတည်းက ဘုန်းကြီးဝတ်သွားလေရဲ့။ စိတ်နာလွန်းလို့တဲ့။ လောကီကိုတော့ ဟုတ်မယ်မထင်ဘူး။ သူ့သမက် ကိုပဲ ဖြစ်မှာ။

အခုလည်းဟောခန်းထဲမှာ စီးကရက်မီးခိုးကို မျက်နှာကျက်ဆီ မှုတ်ထုတ်ပြီး ကွန်ပျူတာစကရင်ပေါ်က ဇာတာခွင်၂ခုကို စူးစိုက် ကြည့်နေတဲ့ ဆရာအောင်မျိုးလွင်။ စီးကရက်ကို ခွက်ထဲထိုးချေလိုက်ပြီး သူ့ကိုအားကိုးတကြီးကြည့်နေတဲ့ ကောင်လေးနဲ့ကောင်မလေးကို ကြည့်လိုက်တယ်။ ပြီးမှစားပွဲကို တဒေါက်ဒေါက်နဲ့ခေါက်ရင်း. . .

"အင်း. . . . အင်္ဂါသမီး မစန္ဒီမိုးရဲ့ဇာတာကို ခွဲခြမ်း စိတ်ဖြာပြီး ဟောရမယ်ဆိုရင်တော့၊ အင်း. . . . စိတ်မဆိုးနဲ့နော်။ ဒီဇာတာရှင်ဟာ အိမ်ထောင်သည်တွေ၊ မုဆိုးဖိုတွေ၊ တစ်ခုလပ်တွေ အဲဒီလူမျိုးတွေနဲ့ အရှည်ပတ်သတ်ရကိန်း ရှိတယ်"

"ရှင်"

စန္ဒီမိုးဆိုတဲ့ကောင်မလေးက ပြူးပြူးပြာပြာဖြစ်သွားတယ်။ သူ့ဘေးမှာထိုင်နေတဲ့ကောင်လေးကို ဆတ်ခနဲ ကြည့်တယ်။ ကောင်လေးက ကောင်မလေးကိုတစ်လှည့် ဗေဒင်ဆရာကိုတစ်လှည့် ပြူးကြည့်တယ်။ စန္ဒီမိုးက ဗေဒင်ဆရာဖက်လှည့်ပြီး

"ဆရာ. . . . ဆရာ ပြောတဲ့ အရှည်ပတ်သတ်ရမယ်ဆိုတာ ဘာကို ဆိုလိုချင်တာလဲမသိဘူး"

"အင်း. . အရှည် ပတ်သတ်ရမယ်ဆိုတာ မစန္ဒီမိုးရဲ့ အိမ်ထောင်ဖက်ဟာ လူပျို၊ လူလွတ် မဟုတ်ဘဲ၊ အိမ်ထောင်သည်၊ မုဆိုးဖို၊ တစ်ခုလပ် အဲဒီလိုမရှင်းမရှင်းလူမျိုး ဖြစ်လိမ့်မယ် လို့ဆိုလိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ကောင်မလေးက သူ့ဘေးမှာထိုင်နေတဲ့ကောင်လေးဆီ ဆတ်ခနဲ ခေါင်းပြန်လှည့်သွားတယ်။ မျက်နှာမှာတော့ ဒေါသရိပ်တွေဆင်လို့။ ပြီးတော့ ကောင်လေးကိုလက်သီးနဲ့ တဖုန်းဖုန်းနဲ့ ထုပါတော့တယ်။ ထုနေရင်းက ငိုသံပါကြီးနဲ့. . .

"ဟီး အီး ရွတ်၊ ဝင်းကိုသိုက် နင်ကငါ့ကို သစ္စာမရှိဘူးပေါ့။ ငါက နင့်ကို လူပျိုအောက်မေ့နေတာ။ လက်စသတ်တော့ နင်က မိန်းမနဲ့ ကလေးနဲ့ကို။ တက္ကသိုလ်ကျောင်းသားဆိုတော့ မိန်းမ မရှိလောက်ဘူး ထင်တာ၊ ဟီး အီး၊ ငါကတော့ နင့်ကိုချစ်လိုက်ရတာ။ နင်က ငါ့အချစ်ကိုညာယူတယ်။ နင် လူလိမ်။ နင် သိပ်ရက်စက်တယ် ဝင်းကိုသိုက်"

"ဖုန်း၊ ဖုန်း၊ ဖုန်း"

ကောင်လေးခမျာ လက်သီးချက်တွေကို ရှောင်ရင်းတိမ်းရင်းက

"ဟာ စန္ဒီ မဟုတ်ဘူး။ ငါရှင်းပြမယ်။ ဟေ့ ဗေဒင်ဆရာ လုပ်ပါဦးဗျ။ ခင်ဗျား ဘာတွေလျှောက်ဟောနေတာတုန်း။ ကျွန်တော့်မှာ ဘယ်ကလာမိန်းမရှိရမှာလဲ။ ခင်ဗျားနဲ့ ကျုပ်နဲ့ တစ်ရပ်ကွက်ထဲနေတာ။ အချင်းချင်း ချောက်မတွန်းနဲ့ဗျ။ ကျုပ် ခံနဲ့ထုမှာနော်"

ဝင်းကိုသိုက်က ချက်ချင်း လက်ငင်း ဂျက်ကီချန်းမသေပဲ ဝင်စားတဲ့ စန္ဒီမိုးရဲ့ လက်သီးတွေကို ရှောင်ရင်း၊ ဖယ်ရင်း ဗေဒင်ဆရာနဲ့ စာရင်းရှင်းရသေးတယ်။ အားကိုးရမလားလို့ အသိဗေဒင်ဆရာဆီလာကာမှ အချွန်နဲ့မ ခံနေရတယ်။ အဲဒါကြောင့် မျက်နှာသိဆီD.V.D မဝယ်နဲ့လို့ပြောကြတာပေါ့။ ဝယ်ပြီးပျက်လွန်းလို့။ မိန်းမတွေကလည်း အတော်ခက်။ ၃နှစ်လောက်တွဲလာတဲ့ ကိုယ့်ရည်းစားစကားကျတော့ မယုံဘဲ အခုမှတွေ့တဲ့ ဗေဒင်ဆရာစကားကျ သွားယုံတယ်။ ကိုယ် လူပျိုအစစ်ဖြစ်ကြောင်း ဗေဒင်ဆရာဆီက ထောက်ခံချက် ယူပြရမလိုဖြစ်နေပြီ။ ဝင်းကိုသိုက်က တစ်စုံတစ်ခုကို





ရုတ်တရက် စဉ်းစားမိသွားတယ်။ စန္ဒီမိုးလက်ကို ရအောင်ဖမ်းချုပ်လိုက်ရင်း. . .

"ဒီမှာ-မိစန္ဒီ၊ နေစမ်းပါဦး ငါအခုမှ စဉ်းစားမိတယ်။ နင်ကရော ငါ့ကွယ်ရာမှာ အဲဒီမရှင်းမရှင်းဟာတွေနဲ့ ရှုပ်နေတာရော မဖြစ်နိုင်ဘူးလား။ နင်အပြစ်လုပ်ထားပြီး ဒီအပြစ်တွေကို ငါ့အပေါ် လွှဲချမလို့ပေါ့ ဟုတ်လား"

"ဘာ"

ဒီတစ်ခါတော့ စန္ဒီမိုးတစ်ယောက် မျက်ရည်တွေ တာကျိုးသွားပြီး လွမ်းခန်းရောက်သွားတယ်။ ဗေဒင်ဆရာကတော့ တွေးမိတယ်။

"အတော့်ကို ရှုပ်ပြောင်းရှုပ်လွှဲ မြန်တဲ့မိန်းမ၊ ဟိုကောင်တော့ မလွယ်ဘူး"

ဒါကြောင့်လည်း မိန်းမမာယာ သဲကိုးဖြာလို့ ဆိုခဲ့ကြတာပေါ့။ ဒါကလည်း အရင်ခေတ်ကပါ။ ဒီခေတ်မိန်းကလေးတွေကတော့ သဲကိုးဖြာမရှိတော့ပါဘူး။ ရှစ်ဖြာလောက်က စင်္ကာပူကို Export လုပ်တဲ့အထဲပါသွားလို့။ စန္ဒီမိုးကတော့ မျက်ရည်စမ်း စမ်းလေးနဲ့

"အီး ဟီး ဟီး မောင်ရယ် နင်ငါ့ကို ထင်ရက်လိုက်တာဟာ။ ငါမှာ မူးလို့ရူးစရာယောကျာ်းဆိုလို့ နင်တစ်ယောက်တည်းရှိတာ၊ နင်အသိပါ မောင်ရယ်။ နင်ပြောထွက်လိုက်တာ မောင်ရယ်"

လက်စသတ်တော့ယောကျာ်းလေးဆိုတာ မူးရင်ရူးရတာကိုး။ ဗေဒင်ဆရာလေးလည်း ခုတစ်လော သူ့မိန်းမမူးမူးနေတာကို သတိရသွားတယ်။

"အင်း အိမ်ပြန်ရောက်တော့မှ မိန်းမကို ရှုခိုင်းရမယ်၊ အဲလေ ဇက်ကြောဆွဲပေးရဦးမယ်"

ဗေဒင်ဆရာလေးက အတွေးကို လတ်စသတ်ပြီး သူ့ရှေ့က တစ်ရှူးဗူးကို စန္ဒီမိုးဆီ ထိုးပေးလိုက်ရတယ်။ မျက်ရည်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနေတဲ့ မိန်းကလေးတွေရဲ့အလှဟာ ကဗျာဆန်ပေမယ့် နှပ်ချေးတွဲလွဲ ဝင်ချည်ထွက်ချည် တရှုပ်ရှုပ်နဲ့ဆိုရင်တော့ ဥမ္မာဒန္တီပဲဖြစ်ဖြစ်၊ ဟယ်လင်မင်းသမီးပဲဖြစ်ဖြစ်၊ မယ်သီတာပဲ ဖြစ်ဖြစ်၊ ကလီယိုပက်ထရာပဲဖြစ်ဖြစ် ဘယ်နည်းနဲ့မှ ကဗျာမဆန်တဲ့အပြင် အော်ဂလီပါဆန်သွားနိုင်ပါတယ်။ ကောင်မလေးက တစ်ရှူးနှစ်လွှာပူးကြီးကို အားရပါးရဆွဲထုတ်လိုက်ပြီး မျက်ရည်တွေ နှပ်ချေးတွေ ပြောင်အောင် သုတ်နေပါတယ်။

"ရှီး၊ ရှုတ်၊ ရှုံ၊ ရှုံ၊ ညွှန့်"

နှပ်ချေးညှစ်သံ၊ နှာရှုံ့သံတွေကို ဂီတသံလိုသဘောထားပြီး ဆုံးအောင် နားထောင်ပြီးတဲ့အခါမှာတော့ ဆရာအောင်မျိုးလွင်က

"ခဏလေးနော်၊ ဆရာဟောနေတာ အခုမှ တစ်ခွန်းပဲရှိသေးတယ်။ ဆက်ပြီး ဟောရဦးမှာလားဟင်"

ဗေဒင်လာမေးတဲ့လူကို တောင်းပန်ပြီးဟောရမှာ ဒီတစ်ခါပဲရှိသေးတယ်။ ဆရာကလည်း တော်သလား မမေးနဲ့။ တစ်ခွန်းဆို တစ်ခွန်း ဟောလိုက်တာ မျက်ရည်တွေရော၊ နှပ်ချေးတွေပါ တစ်ပျော်ကြီးထွက်ကုန်ပြီ။ စန္ဒီမိုးက လက်ကလေးကာပြလိုက်ပြီး

"ခဏလေး ဆရာရယ်"

"ဘာများလုပ်ဦးမလို့ပါလိမ့်။ ကောင်မလေးက သူ့စလင်းဘက်ထဲက မွှေနှောက်ရှာဖွေပြီး ကရင်ပတ်ဗူးထုတ်လို့ မျက်ရည်တွေကြောင့် ပျက်သွားတဲ့နေရာတွေကို Puff နဲ့ တဖုန်းဖုန်း ရိုက်နေပါတယ်။ တောက်၊ တယ်လေ ဗေဒင်ဆရာမို့လို့၊ စပယ်ယာဆို ထရိုက်ပြီးပြီ ဟုတ်တယ်။ ဗေဒင်ဆရာက စိတ်ပျက်လက်ပျက်နဲ့ ဝင်းကိုသိုက်ဘက်လှည့်ပြီး ခေါင်းခါပြတယ်။ ဝင်းကိုသိုက်က စိတ်လေတဲ့ဒီဇိုင်းနဲ့ ခေါင်းညိတ်ပြတယ်။ ကောင်မလေးကတော့ မှန်ဝိုင်းလေးမှာပေါ်နေတဲ့ သူ့မျက်နှာကို ထက်အောက်ဝဲယာ ထောင့်ပေါင်းစုံကနေ လှလှလာ ကြည့်ရှုပြီးမှ

"အဟင်း၊ အားနာလိုက်တာ ဆရာရယ်။ ဆက်ဟောပေးပါဦး





ဆရာရယ်"

"ခဏလေး"

ဒီတစ်ခါ ပြောလိုက်တာက ဝင်းကိုသိုက်။ ဗေဒင်ဆရာခမျာ ဟောမလိုဟန်ပြင်ပြီးမှ ဆန့်ငင်ဆန့်ငင် ဖြစ်သွားရရှာပါတယ်။ စိတ်ပျက်သံကြီးနဲ့

"ဘာဖြစ်ရပြန်ပြီလဲကွာ"

ဝင်းကိုသိုက်က လက်ကာပြပြီး သူထိုင်နေတဲ့ထိုင်ခုံကို စန္ဒီမိုးနဲ့ သုံးပေအကွာလောက်ရောက်အောင် ရွှေ့ထိုင်လိုက်ပါတယ်။

"အဟင်း၊ ကြိုတင်ကာကွယ်ထားတာ။ ရပါပြီဆရာ၊ ဟောလို့ရပါပြီ"

"သေချာပြီနော်"

ဗေဒင်ဆရာက သေချာအောင် မေးရသေးတယ်၊ ကောင်မလေးက ကောင်လေးကို မျက်စောင်းအကြီးကြီး ဗလာချီကျွေးပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။ အဲဒီတော့မှ ဆရာလည်း မော်နီတာက ဇာတာခွင်လေးကို ထပ်ကြည့်ရင်း. . .

"အဲဒီကိစ္စတွေက အခုအချိန်ကစပြီး နောက်ငါးနှစ်ကြာတဲ့အချိန်ကျမှ ဖြစ်မှာ"

"ဟင်. . ."

နောက် ငါးနှစ်ကြာမှတဲ့။ ဒီက လောလောလတ်လတ် အောင့်မေ့လို့ ကျလိုက်ရတဲ့ မျက်ရည်တွေ။ နှမြောတောင် နှမြောသေး။ ဟင်း ဗေဒင်ဆရာကို ပြန်လျော်ခိုင်းရမယ်။ ဗေဒင်ဆရာက ဆက်ပြီး

"ဒါပေမယ့်. . .၊ မောင်ဝင်းကိုသိုက်ရဲ့ ဇာတာခွင်မှာတော့ အခုအချိန်က စပြီး တစ်နှစ်ခွဲအတွင်း အိမ်ထောင်ကျကိန်းမြင်တယ်"

"ဗျာ"

"ဟင်. . . ဒါဆိုရင် သမီးက ဟပ်ကော့ကြီး ဖြစ်ကျန်ခဲ့မှာပေါ့။ သူနဲ့သမီးနဲ့ မညားဘူးလို့ ဆိုလိုတာလား"

ဆရာက လက်ကာပြလိုက်တယ်။ အရမ်းကို အရေးကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာမျိုးနဲ့ . . .

"နောက်တစ်ခုက မောင်ဝင်းကိုသိုက်ရဲ့ ဇာတာမှာပဲ၊ နောင်ငါးနှစ်မှ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး မတည်ငြိမ်တဲ့သဘော အလှုပ်အခတ်လေးတွေ မြင်နေပြန်တယ်"

"ဒါဆိုရင်"

စန္ဒီမိုးက စိတ်ဝင်တစား ခေါင်းကို ရှေ့စိုက်ပြီးမေးလိုက်တယ်။ ဗေဒင်ဆရာက သူ့ဆံပင်အရှည်ကြီးကို သပ်လိုက်ရင်း. .

"အင်း အဲဒီတော့ . . ကောက်ချက်ချကြည့်ရမယ်ဆိုရင်. . . ဝင်းကိုသိုက် ပထမဦးဆုံးလက်ထပ်တဲ့မိန်းကလေးဟာ စန္ဒီမိုး ဘယ်လိုမှဖြစ်နိုင်ဘူး"

"ရှင်၊" "ဗျာ"

ကောင်လေးနဲ့ ကောင်မလေး နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ငိုင်ကျသွားတယ်။ ခဏကြာမှ ဝင်းကိုသိုက်က. . .

"ဟုတ်ရဲ့လား ဆရာရယ်၊ သူ့အိမ်ရော၊ ကျွန်တော့်အိမ်ကရောပါ ကန့်ကွက်စရာမရှိတဲ့ အနေအထားပါ"

ဗေဒင်ဆရာက သူ့လည်ပင်းကို သူ့လက်ဝါးနဲ့ တိကနဲလှီးပြလိုက်တယ်။ လည်ဖြတ်ခံတယ်ပေါ့။ အာမခံရဲလိုက်တာ ဆရာရယ်။ အင်းလေ ဘယ်သူက တကူးတက လာဖြတ်ရဲမှာလဲလို့။ ကောင်လေးက ထပ်မေးလိုက်တယ်။

"ဒါဆို့ နောက်ငါးနှစ်ဆိုတာကြီးကရော. . "

"အဲဒါကတော့ အတိအကျပြောဖို့ စောနေသေးတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ အားကောင်းနေမယ့် ဂြိုလ်သွားနက္ခတ် အနေအထားကို အတိအကျ မသိရသေးလို့ပဲ။ ကြိုပြောနိုင်တာတစ်ခုက နှစ်ယောက်စလုံးရဲ့ဇာတာခွင်မှာ အဲဒီအချိန်ကျအိမ်ထောင်ရေးဂြိုလ် အလှုပ်အခတ်ရှိတယ်ဆိုတာပဲ"

ဝင်းကိုသိုက်က စန္ဒီမိုးမျက်နှာကို ကြည့်မိတယ်။ စန္ဒီမိုး





ကတော့ သူ့ရှေ့က စားပွဲကို သေချာစိုက်ကြည့်ပြီး၊ တစုံတရာကို အပြင်းအထန် စဉ်းစားနေပုံပါပဲ။ တစ်ကယ်ဆို ဖြစ်သင့်တာက တစ်နှစ်ခွဲအတွင်း စန္ဒီမိုးနဲ့အရင်အိမ်ထောင်ကျ။ နောက်ငါးနှစ်ကျရင် အခန့်မသင့်ပဲ ကွဲကြ။ ပြီးမှ စန္ဒီမိုးထက်ပိုလှ၊ ပိုငယ်တဲ့ မိန်းကလေးနဲ့ ထပ်တွေ့။ ဇာတ်လမ်းကဒီလိုဖြစ်ရမှာ။ အခုတော့ ဘယ်ကမှန်းမသိတဲ့ မိန်းမနဲ့ အရင်ညားပြီး နောက်ငါးနှစ်မှ စန္ဒီမိုးနဲ့ ဆုံမယ့်ကိန်းကြီး။ အဲဒီအချိန်ကျရင် စန္ဒီမိုးထက် မော်ဒယ်မြင့်တာလေးတွေ တန်းစီနေရောပေါ့။ ကုသိုလ်ကံကြီးက ဘယ်လိုဖြစ်ပြီး ရှေ့နောက်စီနီယာလွဲခဲ့ပါလိမ့်၊ နှစ်ယောက်သား ငြိမ်နေရာက စန္ဒီမိုးက တစ်ခုမေးလိုက်ပါတယ်။

"နောက်ငါးနှစ်မှာ သမီးတွေ့တဲ့လူနဲ့ သမီးမြဲမှာလားဟင်"

ဗေဒင်ဆရာက မော်နီတာကိုပြန်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

"ဟုတ်တယ် မြဲလိမ့်မယ်၊ စန္ဒီမိုးရဲ့ ဇာတာမှာရော၊ ဝင်းကိုသိုက် ဇာတာမှာရော။ ဒါပေမယ့် ကောက်ချက်တစ်ခုခု ဆွဲဖို့တော့ အချိန်လိုနေသေးတယ်"

ဗေဒင်ဆရာက ကောက်ချက်မချရဲပေမယ့် စန္ဒီမိုးကတော့ အပီအပြင် ကောက်ချက်ချလိုက်ပါတယ်။

'သေချာပါတယ် ဆရာရယ်၊ မောင်. . . ဒီအတိုင်းဆိုရင် နင်နဲ့ငါ နောက်ငါးနှစ်မှ ဖူးစာဆုံနိုင်မယ့်ကိန်းပဲ။ တို့နှစ်ယောက် တစ်သက်လုံး ပေါင်းရဖို့အရေး ဒီငါးနှစ်ဆိုတဲ့အချိန်ကို စတေးရမယ့် သဘောပဲ"

"ဟာ. . အဲဒီလို တစ်ထစ်ချပြောလို့မရ. . ."

ဗေဒင်ဆရာက ဝင်ဖြေလိုက်ပါသေးတယ်။ ဒါပေမယ့် ဟိုဟာမလေးက ဗေဒင်ဆရာစကားကို ဂရုမစိုက်တော့ပဲ

"မောင်၊ နင်ငါ့ကိုချစ်တယ် မဟုတ်လားဟင်"

"အင်း၊ အဲချစ်တာပေါ့ ဟဲဟဲ ဟုတ်တယ်နော် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ကြာလာခဲ့တဲ့ စန္ဒီမိုးရယ်၊ ဗေဒင်ဆရာကိုရှေ့ ပါတွေမေးရတယ်လို့ ယောက်ကျ်ားလေးပြီး စွဲနဲ့ မိန်းကလေးတွေ့ရွာ တာဘဲ အသိအနေရေးမှာပဲ ပေါ့ချင်းလေးတွေက နှစ်ယောက်ထဲဆိုရင်ချစ်တယ်ဆိုတာတွေ အားနာနေတာတဲ့ သိပ်ပြီး ဖြစ်ပြလေ့ရှိတယ်။ အခုဒီအချိန်ကျတော့ မိန်းကလေးသားတွေ ပြောမထွက်တော့ရဲ ရှက်နေပြန်ရော။ အင်း ရှက်ချစ် မြေ့သိုင်းနေတာ လူနဲ့ရုပ် မြင်နိုင်ပါတယ်။ အဲ လူနဲ့ သူဌေးမလွှမ်းတိုင် တတ်ပြနေပေမဲ့ ကိုစွမ်းကျေတော့ ထွက်လာခဲ့ပါတော့မယ်။ သူတို့ပါးစပ်က အဲလိုအဲသည်အချိန်ရောက်တော့ အဲဒီအချိန်ရှက်တာတော့ အပြုံလေးတွေ ပြတ်ကိုရှက်တာ၊ အခုလည်း ဝင်းကိုသိုက်ခမျာ ရှက်ရှက်နေတဲ့ မျက်နှာကြီးကိုရဲလို့။ အရှက်တွေကို လောလောဆယ် ဖုံးထွက်လေ အားပို့ထားတဲ့ စန္ဒီမိုးကို မေးပြန်တာတွေ…

ပြုံးပြီး ခါနောက်ပြီး အချစ်ကြောင့်ရက်ထိမ်း နှစ်ကိုယ်ချစ်နေဦးမှာ လားဟင်”

ကိုယ်ပါးရှက်လိုတယ်ဆိုမှ သိုက်တွေမေးနေမှန်းလဲ မသိဘူး။ ဖြေရဦး မှာမို့ ရှက်ရှက်နဲ့…

“အင်း၊ ချစ်ဦးမှာပေါ့၊ ဒါပေါ့၊ ဟုတ်တယ်နော် ဆရာ”

…ကိုယ်ရည်စားကိုယ်ဖြေတဲ့အရေး ဗေဒင်ဆရာဆီ ထောက် ခံချက် လှမ်းတောင်းနေလေ ကြားရတော့ မြူလိုက်ရ …တော့မယ်။ စန္ဒီမိုးဆိုတဲ့ ကောင်မလေးအား ဘာတွေကို …ငါးနှစ်စာလှမ်းပြီး မေးနေ …ပါတယ်ဆိုတဲ့ …ပုံသဏ္ဌာန်များတွေ …ငါးနှစ်ဆိုတဲ့ကာလအတွင်း မြောင်းထဲရောက်သွားနိုင်တယ်။

“ဒါဆိုရင် … နှင်းငါ ထေချာပေါက် … တွေ့မယ်နော် …

“…”

…ပြီး … ပေးလိုက်ပါတယ်။ လေနဲ့ ကတိ … သွား … နဲ့၊ ပေနဲ့၊





အဲဒီလိုအကြောင်းအတားနဲ့ ကတိတွေ တော့ … ပျက်မယ်ဆို ဆွေးမှာပဲ ယောက်ကျ်ား မိန်းမ ရင်ဘောင်တန်းနေမှာနဲ့ မြေတ်မှာ … ဆိုတာလဲ ပြတိုက်ပို့ထားတာကြာလှပေါ့။

“… ဒါဆို လက်သန်းချင်းချိတ်မယ်…”

ဝင်းကိုသိုက်နဲ့ စန္ဒီမိုးတို့လဲ ဗေဒင်ဆရာကိုရှေ့ထားပြီး လက်သန်းချင်း ချိတ်လိုက်ပါတယ်။ စန္ဒီမိုးက. .

“ဆရာလည်းချိတ်လေ”

“ဟင်၊ ကိုယ် အဲ၊ ကျွန်တော်၊အဲဆရာက ဘာကိစ္စချိတ်ရမှာတုန်း”

“ဩော် ဆရာရယ် ဒီအခန်းထဲ လူသုံးယောက်ရှိတာ တစ်ယောက်က ငုတ်တုတ်ကြီးဆိုတော့ ဘယ်သင့်တော်ပါ့မလဲ။ လာပါ ချိတ်လိုက်ပါဆရာရယ် ကုသိုလ်ရပါတယ်”

“ဟင်”

ဗေဒင်ဆရာလည်း တွန့်ဆုတ်တွန့်ဆုတ်နဲ့ သူ့လက်သန်း ထုတ်ပေးလိုက်တယ်။ လူတစ်ကိုယ်လုံးမှာ လူပျိုစစ်တာဆိုလို့ ဒီ လက်သန်းပဲ ကျန်တော့တာ။ အိမ်က မိန်းမနဲ့တောင် ချိတ်ဖူးတာ မဟုတ်ဘူး။ လက်သန်းချင်း ပြောပါတယ်။ သုံးယောက်သား လက် သန်းချင်းချိတ် လက်မချင်းဖိတွန်းပြီးတဲ့ အခါမှာတော့

“ကတိ” “ကတိ” “ကတိ”

မော်ဒန်ကတိသစ္စာဆိုပွဲကြီး ပြီးမြောက်သွားပြီး၊ ဗေဒင် ဆရာကတော့ ကြားထဲက အချောင်ကတိပေးလိုက်ရရှာတယ်။ စန္ဒီမိုး က

“မောင်၊ နင် ဒီငါးနှစ်အတွင်း နင် AIDS သာဖြစ်မလာခဲ့နဲ့ ကျန်တာ အကုန်လုံး ငါခွင့်လွှတ်တယ် သိလား”

“တကယ်. . .”

ဝင်းကိုသိုက်ခမျာ ဝမ်းသာလုံးဆို့သွားရှာတယ်။ … တောင် သူ့ဘောလုံးသမားတွေကို ဒီအခွင့်အရေးမျိုး …



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒါပေမယ့် စန္ဒီမိုး ဆက်ပြောလိုက်တဲ့ စကားကြောင့် ဝင်းကိုသိုက်ခမျှာ စောစောပျော်နေတာလေး အငွေ့ပျံထွက်သွား တယ်။

"ငါ ဘာပဲလုပ်ခဲ့လုပ်ခဲ့၊ မောင်လဲ ငါ့ကို ခွင့်လွှတ်ပေးရမယ် နော် " တဲ့။

• • • ☺ • • •





"ဟဲ့ အဲဒါ၊ ဒီနှစ် queen ရသွားတဲ့ ကောင်မလေးပေါ့"

ကင်တင်းထဲကိုဝင်လာတဲ့ ကောင်မလေးသုံးယောက်ဆီ စန္ဒီမိုးရဲ့ အကြည့်ရောက်သွားတယ်။ ကောင်မလေးသုံးယောက်စလုံး လှတာပါပဲ။ မြန်မာနိုင်ငံမှာ မိန်းမချောလေးတွေ တိုးပွားလာပြီထင်ရဲ့။ ဘယ်သူ့ကြည့်ကြည့် လှလို့နေကြပါလား။

"ဘယ်တစ်ယောက်လဲဟ"

စန္ဒီမိုးက မြမြလတ်ကို ပြန်မေးလိုက်တယ်။ မြမြလတ်က

"ဆံပင်အရှည်ကြီးနဲ့တစ်ယောက်လေဟာ"

စန္ဒီမိုးက နှာခေါင်းလေးရှုံ့ရင်း

"ဒီနှစ် တို့မေဂျာက fresherတွေကိုတော့ မျက်စိဆေးရုံ ပဲ့ရတော့မယ်ထင်တယ်။ ဒီ၂ရာစုထဲမှာ ဘိုးတော်ဘုရား လေးဖက် တွားခေတ်ကပုံစံမျိုးကို queen သွားပေးရတယ်လို့။ သူ့ဘေးက ကောင်မလေးဆို ဟုတ်တုတ်တုတ်ရှိသေး"

"ဟင်း၊ စန္ဒီမိုးရယ် နင့်ရောဂါကလည်းမသေးပါလား။ queenမှန်သမျှ မျက်မုန်းကျိုးနေတော့တာပဲ။ မနှစ်က queenကိုလည်း အရုပ်ပုလို့ဆိုပြီး မှုံချိုးမှုစ်ချိုးပြော။ မေစံပယ်မိုး မြသဲနဲ့ကျတော့ queen လုဖက်ဆိုပြီး first yearကနေ အခုထိ စကားမပြောဖူး မဟုတ်လား။ ဒီလိုမှန်းသိရင် နင့်ကိုငါ ပူးတွဲqueen ပေးပါတယ် ဟင်း ဟင်း"

မြမြလတ်ပြောမယ်ဆိုလည်း ပြောချင်စရာ။ စန္ဒီမိုး ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဟာမလေးကလည်း major queen မရလိုက်တာကိုပဲ လူဖြစ်ရှုံး သလို ခံစားနေရတာ။ တကယ်ဆို စန္ဒီမိုးကလည်း လှတာပါပဲ။ ရက်ရက်စက်စက်လှတယ်လို့ ပြောမရတောင်မှ စက်စက်ရက်ရက် တော့လှတာပေါ့။ ဒါပေမယ့် သူတို့နှစ်က fresher welcome မှာကျောင်းသားထုအပေါင်းက သူ့ကိုကျော်ပြီး မေစံပယ်မိုးဖြူသဲ ဆိုတဲ့ ကောင်မလေးကို queen ပေးလိုက်ကြတော့ စန္ဒီမိုးခမျာ queen မရ၊ ဒွဲမဝင်ဘဲ တွတ်လောက်နဲ့ ကျေနပ်လိုက်ရတာ။ ကွင်းတွတ်ကြီး ဆိုတော့လည်း ဟပ်ကော့ကြီးပေါ့။ ဒါကို သိထားတဲ့ ဝင်းကိုသိုက်က စန္ဒီမိုးနားကပ်ပြီး 'မေစံပယ်မိုးဖြူသဲက နင့်လောက်မချောဘူး' ဆိုတဲ့ စကားတစ်ခွန်းထဲနဲ့တင် စန္ဒီမိုးရဲ့ ရင်ကိုအချိန်တို အတွင်း သိမ်းပိုက်နိုင်လိုက်တယ်။ စန္ဒီမိုးခမျာလည်း queen မရဘဲ ရည်းစားတစ်ယောက်သာ အဖတ်တင်သွားရှာတယ်။

အင်း မိန်းမ၊မိန်းမ တကယ့်ကို အပြိုင်အဆိုင်များတာ ပါပဲလား။ ရုပ်ပြိုင်ရည်ပြိုင်၊ အဝတ်ပြိုင်အစားပြိုင်၊ ရည်းစားပြိုင် နဲ့နောက်ဆုံး ပြိုင်စရာမရှိရင် ကိုယ့်ပေါင်ကိုယ်ဘယ်နဲ့ညာ ဘယ်ပေါင် ပိုဖြူသလဲဆိုတာတောင် ပြိုင်တတ်တာမျိုး။

"စောစောကတောင် ဝင်းကိုသိုက် နင့်လာရှာသေးတယ်"

မြမြလတ်က သံပုရာရည်ကိုပိုက်နဲ့ စုတ်ပြီးပြောလိုက်တာပါ။ စန္ဒီမိုးက ပါးစပ်ထောင့်ကို တစ်ရှူးလေးနဲ့ ခပ်ဖွဖွလေးသုတ်ရင်း

"ဟုတ်လား၊ ဘာပြောသွားသေးလဲ"

"ကျော်ဇေယျအစ်မကို သွားကြိုတာ လိုက်သွားမလို့ ဆိုလားပဲ"

"အော်၊ အေးအေး"

မြမြလတ်က စန္ဒီမိုးကို အထူးအဆန်းလို ကြည့်ပါတယ်။ ခါတိုင်းဆိုရင် စန္ဒီမိုးတို့က

"ဒီကောင် ဘာအချိုးချိုးတာလဲ၊ ကိုယ့်ရည်းစားတစ် ယောက်လုံးကို စောင့်ပြီးမပြောနိုင်ရအောင်၊ ဒင်းတော့ ပြန်လာမှ





တွေ့မယ်"

ဆိုတာမျိုး၊ တစ်ဘူဘူတစ်ဆူဆူနဲ့ ဘေးနားလူမခံသာအောင် ညံပွက်ပြတတ်တဲ့ စန္ဒီမိုးက ဒီနေ့ ရှအေးဆေးဆိုတော့လည်း၊ ဟိုကောင် ဝင်းကိုသိုက် ဘယ်နည်းလမ်းတွေသုံးပြီး စည်းရုံးထားလိုက် ပါလိမ့်။ မနေနိုင်တဲ့မြမြလတ်က စန္ဒီမိုးပေါင်ကို ပုတ်ပြီးမေးကြည့် လိုက်ပါတယ်။

"ဟဲ့ ၊ နင်တို့နှစ်ယောက် ဘာဖြစ်ထားကြလဲ"

"ဟင်-ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လားဟယ်၊ ခါတိုင်းဆို ဝင်းကိုသိုက်က နင့်ကို မစောင့်ဘဲ မပြောဘဲ လစ်သွားလို့က၊ နင့်မှာ မပြီးနိုင်၊ မစီးနိုင် ရေရွတ် ခနေတာ။ ဒီနေ့ကျတော့ အေးဆေးဆိုတော့၊ နင်တို့နှစ်ယောက် ပုံမှန် မဟုတ်တာတော့ သေချာတယ်"

အတတ်ပြောလာတဲ့ မြမြလတ်ကို စန္ဒီမိုးက ပြုံးစိစိကြည့်ရင်း၊

"ငါ မောင့်ကို လွတ်လပ်ခွင့်ပေးလိုက်ပြီဟ"

"ဟင်. . နင်တို့နှစ်ယောက် ပြတ်သွားကြပြီလား"

"မပြတ်ပါဘူး။ ဟိုနေ့က မောင်နဲ့ငါ ဗေဒင်သွားတွက်ကြ ဘယ်ဟ"

"ဟင် ဟုတ်လား၊ ဘယ်ဗေဒင် ဆရာတုန်း၊ ဘယ်နားမှာလဲ မှန်ရော မှန်ရဲ့လား"

မြမြလတ်က ဗေဒင်ဆိုတာနဲ့ လှုပ်လှုပ်သည်းသည်းလေး ဖြစ်သွားတယ်။ မိန်းကလေးဆိုတော့လည်း ဒါမျိုးဝါသနာပါတယ် မဟုတ်လား။ မိန်းကလေးဆိုတာမျိုးက နတ်ပြည်ကိုသွားရမယ် ဆိုရင်တောင် ရက်ရာဇာ၊ ပြဿဒါး ရွေးလိုက်ချင်တဲ့မျိုး။ စန္ဒီမိုးခမျာလည်း ပြောချင်ရက်လက်တို့ဖြစ်သွားတယ်။

"ဟာ အရမ်းမှန်တာပဲဟ။ ဆရာကလည်း ခပ်ငယ်ငယ်ပဲ ရှိသေးတယ်။ အမယ် လူက rocker ဒီဇိုင်းနဲ့ဟ။ ရုပ်ကလည်း ဟိုအဆိုတော် ဒိုးလုံးနဲ့ကတ်ကိုဘိန်းစပ်ကျထားတဲ့ ရုပ်မျိုး။ နားကွင်းကလည်း တစ်ဖက်တည်းနဲ့ လန်ထွက်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း သူလန့်ထွက်တာ ခဏထားဦး။ နင်လန့်ထွက်သွားအောင် ဘာတွေပြောလိုက်လဲ"

မိန်းကလေးနှစ်ယောက်ရဲ့ ဗေဒင်ဆွေးနွေးခန်းက စီဒီတစ်ချပ်စာ ကြာသွားပါတယ်။ အပြန်အလှန် ဆွေးနွေးသုံးသပ်ပြီးတဲ့အခါမှာတော့ မြမြလတ်က အင်တင်တင်နဲ့မှတ်ချက်ချတယ်။

"နင့်ဥစ္စာကလည်း မရေမရာမသေချာကြီးပါလား"

"ဩော် နင်ကလည်း ဒီထက်သေချာတာရှိဦးမလား၊ ဗေဒင်ဆိုတော့လည်း နည်းနည်းတော့ ဝေ့တာပေါ့ဟယ်။ နင် စဉ်းစားကြည့်စမ်းဟာ။ မောင့်ဇာတာမှာလည်း နောက်ငါးနှစ်ကြာတဲ့အခါ အိမ်ထောင်ရေး အလှုပ်အခတ်ရှိတယ်။ ငါ့ဇာတာမှာလည်း အဲဒီအချိန်မှာ တစ်ခုလပ်တွေ၊ မုဆိုးဖိုတွေနဲ့ အိမ်ထောင်ကျကိန်းဆိုတော့ ဒီလောက်တိုက်ဆိုင်တာ ရှိပါဦးတော့မလားဟ"

မြမြလတ်က တွေးတွေးဆဆလေးတော့ပြောရှာတယ်။

"ဒါကို နင့်စိတ်ထဲ အရမ်းကြီးတော့ မထားနဲ့ပေါ့ဟာ။ ဒါနဲ့ ဝင်းကိုသိုက်ကရော ဘာပြောလဲ"

"မောင်ကတော့ ထွေထွေထူးထူး မပြောပါဘူး"

ဟိုကတော့ ဘယ်ပြောမတုန်း။ သူ့အတွက် မဟာအခွင့်အရေးပဲ ဥစ္စာ။ သုံးနှစ်လောက် တွဲလာကြပြီ ဆိုတော့လည်း သူတို့နှလုံးသားတွေ အညောင်းမိပြီး ဟိုဆန့်ဒီဆန့် လုပ်ချင်လာပြီပေါ့။ မြမြလတ်တော့ သူ့ရှေ့ကစန္ဒီမိုးကိုကြည့်ပြီး စိတ်ထဲကနေ နှာခေါင်းရှုံ့နေမိတယ်။

"ငပေါမ။ ကိုယ့်ရည်းစားများ ငါးနှစ်အငှါးချနေသေးတယ် ထင်းလောက် ဘယ်ဟာမှ စိတ်မချရဘူးဆိုတာ နားမလည်ဘူ ထင်တယ်။ ရည်းစားအငှါးချလို့ကတော့ အတိုးမရတဲ့အပြင် အရင်း ဆုံးမယ့်တိန်း။ မြင်သေးတယ် စန္ဒီမိုးတို့တော့ အတောင်ကျွ လတ်လွတ်ချောလွတ်ဖြစ်မှာတော့ ဟေ့ဟင်း"

မြမြလတ်တစ်ယောက် စိတ်ထဲကြိတ်ပွားနေတုန်း စန္ဒီမိုး





ဝမ်းသာအားရ မြမြလတ်ရဲ့ပေါင်ကို ပုတ်လိုက်ပါတယ်။

"ဟဲ့ မြမြလတ် ငါအကြံတစ်ခုရတယ်"

"ဘာအကြံတုံး"

စန္ဒီမိုးက ခပ်လှမ်းလှမ်းထိုင်နေတဲ့ ဝိုင်းတစ်ဝိုင်းကို မေးငေါ့ပြတယ်။

"ဟိုစောစောက နင်ပြတဲ့ ဖရက်ရှာကွင်းလေ"

"အင်း အဲဒါဘာဖြစ်လဲ"

"အဲဒီကောင်မလေးကို မောင်နဲ့ကြည်သွားအောင် လုပ်ပေးလိုက်ရင် မကောင်းဘူးလား"

"ဟင် ဘာဖြစ်လို့. . ."

"သူ့အဖေက ငါတို့ရပ်ကွက်က အနားယူသွားတဲ့လူကြီး။ ရပ်ကွက်ထဲ ဟောင်ဖွာဟောင်ဖွာနဲ့ ကြည့်လို့ရတာမဟုတ်ဘူး။ ပြီးတော့ ငါနဲ့လည်း ရန်ငြိုးရှိတယ်။ အဲဒီတော့ လက်စားချေတဲ့အနေနဲ့ သူ့သမီးကို မောင့်ကိုလိုက်ခိုင်း၊ ကြည်သွားတော့ သူတို့နှစ်ယောက် မင်္ဂလာ ဆောင်၊ နောက်ငါးနှစ်ကြာတော့ ပြန်ကွဲ၊ အဲဒီကျမှ မောင်နဲ့ငါ ပြန်တွေ့ မကောင်းဘူးလား"

"ဘုရား ဘုရား"

မြမြလတ်ခမျာ ဘုရားပဲတမိတော့တယ်။ ဒီလိုအူကြောင်ကြောင်နိုင်တဲ့ အတွေးအခေါ်မျိုးကို ဦးနှောက်ရဲ့ ဘယ်အကန့်က ထုတ်လိုက်ပါလိမ့်။မျက်လုံးကြီးပြူးကြည့်နေတဲ့ မြမြလတ်ကို စန္ဒီမိုးက

"ဟဲ့ ဘာဖြစ်သွားတာလဲ။ ငါ့အကြံ မကောင်းဘူးလားလို့"

"အို ကောင်းတယ်၊ အရမ်းကောင်းတာပဲ၊ နင်မို့လို့ ဒီလို အကြံမျိုးထွက်တာ၊ အဲဒီကောင်မလေးနဲ့ နင်နဲ့သိတယ် မဟုတ်လား။ တစ်ခါတည်း ဝင်းကိုသိုက်နဲ့ပါ မိတ်ဆက်ပေးလိုက်လေ။ မြန်မြန် ပွဲသိမ်းသွားတာပေါ့ မဟုတ်ဘူးလား"

မြမြလတ်က ရွဲ့ပြီးပြောလိုက်တာပါ။ ဒါပေမယ့် နဂိုကတည်းက အတွေးအခေါ်တွေ ရွဲ့စောင်းနေတဲ့စန္ဒီမိုးက အတည်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး

"အေး ဟုတ်တယ်။ မောင်နဲ့ငါကိုယ်တိုင်မိတ်ဆက်ပေးရမယ်"

"ဟား"

မြမြလတ်ခမျာ သက်ပြင်းချပြီး စိတ်ထဲကပဲ ဝင်းကိုသိုက်ကို တောင်းပန်လိုက်ရတော့တယ်။

"ဆောရီးပဲ ဝင်းကိုသိုက်ရယ်။ နင်ကလည်း ဘာလို့များ ကျပ်လို့ကျပ်မှန်းမသိတဲ့ ချိုးဘရိန်းမကိုမှ ကြိုက်ရတာလည်းမသိဘူး။ အေးလေ သူကလည်းလှရှာတာကိုး။ နင်တို့ယောကျ်ားလေးတွေကလည်း လှပြီးစက်စက်ယိုနေတဲ့ဟာတွေပဲ မြင်တတ်ကြတာကိုး"

မြမြလတ်က မလိုတမာတွေးရင်း သူ့လွယ်အိတ်ထဲက မှန်ဝိုင်းနဲ့ဘီးကိုထုတ်ပြီး ဆံပင်တွေကိုဖီးနေလိုက်တယ်။ မှန်ဝိုင်းထဲမှာတော့ မြမြလတ်ရဲ့ မျက်နှာချောချောလေး။ ဟုတ်တယ် မြမြလတ်လည်း ချောတာပါပဲ။ မိန်းမချောလေးတွေ ပေါတဲ့ခေတ်မှာတော့ စန္ဒီမိုးလို ထင်းနေအောင် မလှတတ်ရှာဘူးပေါ့။ မြမြလတ်က မှန်နဲ့ဘီးကို အိတ်ထဲထိုးထည့်ရင်း တစ်ကိုယ်ကြားလေး ရွတ်မိတယ်။

"ငါလည်း၊ ဘုရားမတင် နတ်မဝင် မပန်ကောင်း မစားကောင်းတဲ့ အပုပ်အသိုး မဟုတ်ရပါဘူးဟယ်"

. . . ☺ . . .





"ဟဲ့ ငါနင့်ကို ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့"

အတင်းကြီး လက်ဆွဲခေါ်လာလို့ ယက်ကန်ယက်ကန် ပါလာတဲ့ ဝင်းကိုသိုက်ခမျာ စန္ဒီမိုးကို တအံ့တသြကြီး ကြည့်ပါတယ်။

"ဒါ ငါ့ရည်းစားမှဟုတ်ရဲ့လား"

စန္ဒီမိုးဆိုတာ အူတိုတတ်တဲ့နေရာမှာ ဘရာဇီးနည်းပြ ခေါ်စရာမလိုလောက်အောင်ကို ကျွမ်းကျင်ပြီးသား။ ဘယ်လောက်တောင် တိုသလဲဆို ပါးစပ်က စားပြီးတာနဲ့ တောက်လျှောက်ထွက်သွားတာပဲလို့ပြောရလောက်အောင်ကို တိုတာ။ အရင်တုန်းကဆို ဝင်းကိုသိုက်မျက်လုံးက ကောင်မလေးတွေဆီ ၁၅° လောက် ရောက်သွားတာနဲ့ စန္ဒီမိုးရဲ့မျက်စောင်းက ၃၀° လောက်ချိုးပြီး ဝင်းကိုသိုက်ဆီ ရောက်လာပြီးပြီ။ နောက်ဆက်တွဲအနေနဲ့ အမြန်နှုန်း ၁၂၀ကီလိုမီတာလောက်နဲ့ လက်သီးလွင့်လာပြီး ဝင်းကိုသိုက်ရဲ့ကျောကုန်းကို 'အုံး' ကနဲ ဝင်ဆောင့်ပြီးပြီ။ ဒါတောင် လက်သည်းနဲ့ ဆိတ်တတ်တဲ့ အကျင့် ပျောက်သွားလို့။ စန္ဒီမိုးရဲ့ နဂိုလက်သည်း၊ ခြေသည်းတွေက လုံးဝမလှဘူး။ နည်းနည်းလောက် အရှည်ထားလိုက်တာနဲ့ ကောက်ကွေးကုန်ရော။ အခုတော့ လက်ဆယ်ချောင်းလုံး လက်သည်းအရှည်လေးတွေနဲ့။ ဆိုင်က ကော်ကပ်ပြီးဆက်ပေးလိုက်တယ် ပြောတာပဲ။ ကော်နဲ့ပဲဆက်ဆက်၊ တံတွေးဆွတ်ပြီးပဲ ကပ်ကပ် အဲဒီ လက်သည်းလေးတွေ ကျိုးကုန်မှာကြောက်လို့ ဝင်းကိုသိုက်ကို ဆွဲမဆိတ်တော့ဘူး။ ကျေးဇူးပါပဲ manicure ရေ။



www.burmeseclassic.com

www.burmeseclassic.com



ခြေသည်းတွေကိုလည်း ကြည့်ပါဦး။ အရှည်ဆက်တာတွေကို ဖောက်ပြီး ခြုံသေးသေးလေးတွေ တပ်ထားသေးတယ်။ လမ်းလျှောက်ရင် ချလွင် ချလွင်နဲ့။ အဲဒီအသံကြားပြီး လူတွေလှည့်လှည့် ကြည့်ကြရင် စန္ဒီမိုးတစ်ယောက် ပီတိတွေဖြာပြီး အီအီးတွေ ပါကုန်ရော။ ဟိုတစ်လောက ဝင်းကိုသိုက်အညာကို ခရီးထွက်ရတုန်း နွားပွဲဆီ ရောက်သွားပါရောလား။ နွားပွဲဆိုတာ ကျွဲတွေ၊ နွားတွေ အရောင်းအဝယ်လုပ်တဲ့နေရာကို ပြောတာ။ အဲဒီက ဆိုင်တွေမှာ နွားတွေ လည်ပင်းမှာဆွဲတဲ့ ခြုံကွင်းကြီးတွေ ရောင်းနေတာတွေ့တော့ ဝင်းကိုသိုက်ခမျာ စန္ဒီမိုးကို တန်းသတိရတော့တာပဲ။

ကိုယ့်ရည်းစားကိုယ်လွမ်းတာရော၊ နောက်ချင်တာရော ပေါင်းပြီး အဲဒီခြုံကွင်းကြီးတွေဝယ်၊ စန္ဒီမိုးကို အညာပြန်လက်ဆောင် ဆိုပြီး ပေးလိုက်သေးတယ်။ ခြုံလည်ပတ်ကြီးက အောက်ခံလည်ပတ် အနီရောင်တောက်တောက်ကြီးမှာ ရောင်စုံချည်တွေ မှန်ဝိုင်း သေးသေးလေးတွေနဲ့ အလှဆင်ထားသေးတာ။ Crazy color တွေနဲ့ တောက်တောက် ရှားရှားကြီး ရှိုင်းထားတာ။ အဲဒါကြီးကို လက်ဆောင် ပေးလိုက်လို့ မယ်မင်းကြီးမ စိတ်ဆိုးမလားအောက်မေ့တယ်။ စိတ်မဆိုးတဲ့အပြင် 'မိုက်တယ်' ဆိုတာချည်းပဲ။ ပြီးတော့ အဲဒီလည်ပတ်ကို အပ်ချုပ်ဆိုင်ယူသွား၊ လည်ကွင်းကိုဖြတ်၊ ဂျင်းအင်္ကျီလည်ပြတ်မှာ တပ်ချုပ်ပြီး ကျောင်းကိုတောင် ဝတ်လာဦးမလို့တဲ့။ ဝင်းကိုသိုက်ခမျာ သူ့ရည်းစားကို မနည်းတောင်းပန်လိုက်ရတယ်။ ဟုတ်တယ်။ သူက နွားအဖြစ်ခံနိုင်ပေမယ့် ကိုယ်ကမှ နွားမ ရည်းစားအဖြစ်မခံနိုင်တာ။ အဲဒါပဲ ကြည့်တော့။ ပေါတာနဲ့ ချောတာ ထပ်တူညီနေတဲ့ စန္ဒီမိုး။ အခုလည်း . . .

"ဟဲ့ ဟိုမှာ၊ ငါပြောတဲ့ကောင်မလေး"

ဝင်းကိုသိုက်က အသက်ခုနစ်ခါအောင့်ပြီး သူ့ရည်းစား လက်ညှိုးထိုးရာကို လှမ်းကြည့်လိုက်ပါတယ်။

"ဟင် အဲဒါ တို့မေဂျာက ဖရက်ရှာကွင်း မဟုတ်လား"





"အေး ဟုတ်တယ်၊ အောင်မာ နင်ကသိသွားရပြန်ပြီ"

"ဟာ. . . တစ်ကျောင်းလုံး သိတဲ့ဥစ္စာ၊ ငါတစ်ယောက်တည်း မသိပဲ ကွက်ကျန်နေပါ့မလားဟ"

စန္ဒီမိုးက ဘဝင်ကျသွားပုံပါပဲ။ ဝင်းကိုသိုက်ရဲ့ အင်္ကျီစလေးကို အသာဆွဲရင်း

"အင်း၊ ဒါလည်းဟုတ်တာပဲ။ ဒါနဲ့မောင် သူ့ရှေ့ရောက်တာနဲ့ နင်နဲ့ငါ ချစ်သူတွေ မဟုတ်တော့ဘူးသိလား"

"ဟင်၊ ဘာအထာလဲဟ"

ဝင်းကိုသိုက်က အူကြောင်ကြောင်ဖြစ်သွားတယ်။ ပရော်ဖက်ဆာတွေ၊ မော်ကွန်းထိန်းတွေရှေ့မှာတောင် လက်တွဲမဖြုတ်တဲ့ဟာ။ ဒီငတိမလေးရှေ့မှာမှ သူငယ်ချင်းလို့ နေရမယ်ဆိုတော့။ စန္ဒီမိုးက နှုတ်ခမ်းကို လက်ညှိုးလေးနဲ့ ကန့်လန့်ပိတ်ပြပြီး .

"အခု မမေးနဲ့၊ နောက်ကျမှရင် ငါပြောပြမယ်၊ လာလိုက်ခဲ့"

စန္ဒီမိုးက အဲဒီ queen မလေးတို့အုပ်စုဆီ ဦးတည်သွားပါတယ်။ အဲဒီကောင်မလေးတွေက ကော်ရစ်ဒါမှာတန်းစီပြီး ဇရုတ်ကျနေတဲ့ပုံစံပါပဲ။ မျက်စေ့လည်လမ်းမှားပြီး သူတို့ရှေ့ ရောက်သွားတဲ့ ကျောင်းသားလေးတစ်ယောက်ကို

"ဟဲ့၊ ဟိုကောင်လေး နင့်နာမည်လေးပြောခဲ့ပါဟယ်။ ဟိုတစ်ယောက်က သိချင်လို့တဲ့ ဟီး ၊ဟီး"

ကျောင်းသားလေးက မဝံ့မရဲလေး ကြည့်ရှာတယ်။ သူ့နာမည်ကို ဘယ်သူများ သိချင်ရှာလဲပေါ့။ သူတို့အုပ်စုနဲ့ မျက်လုံးချင်း ဆုံမိတဲ့ အချိန်လောက်မှ

"ဟဲ့ ဘယ်သူက သူ့နာမည်သိချင်တာတုံး"

"ကျောင်းအိမ်သာ သန့်ရှင်းရေးလုပ်တဲ့ကုလားမကြီးက"

"ဝါးဟားဟား"

ကျောင်းသားလေးခမျာ ခြေလှမ်း လှမ်းရမှာတောင် ဘယ်ညာ မှားသွားရှာပါတယ်။ သူ့ခမျာ ဝံပုလွေမတွေကြား ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့သမင်ဖိုလေးလို ချိုမထောင်နိုင်တဲ့ဘဝ ရောက်သွားတယ်။ ဦးနှောက်က ခြေထောက် ဝယ်နဲ့ညာ သေသေချာချာခွဲနိုင်တော့မှ အပြေးတစ်ပိုင်းနဲ့ တစ်ချိုးတည်းလစ်သွားရှာတယ်။ ဒါကိုမြင်လိုက်ရတဲ့ ဝင်းကိုသိုက်ခမျာ ကျောတွေရင်တွေတောင် စိမ့်တက်လာတယ်။

"ဟာ. စန္ဒီနင့်ဟာမတွေက လွယ်မယ့်ဟာတွေ မဟုတ်ဘူး။ အဲဒါတွေနဲ့ မိတ်ဆက်ပေးမယ့်အစား ခြင်္သေ့လှောင်အိမ်ထဲဝင်နေတာမှ သက်သာဦးမယ် ထင်တယ်"

"ကျွတ်၊ နင်ကလည်း၊ ငါ့ရည်းစားဖြစ်ပြီး သွေးနည်းလိုက်တာ။ ငါတစ်ယောက်လုံးပါတယ်။အိန္ဒြေမပျက်သာ လိုက်ခဲ့"

ဝင်းကိုသိုက်ခမျာ မရွတ်တာငါးနှစ်လောက်ကြာနေတဲ့ သံဗုဒ္ဓေ ဂါထာတော်ကြီးကို စိတ်ထဲက ရွတ်ပြီးပါသွားရှာတယ်။ တော်သေးတယ်။ အရေးကြုံတော့ မှတ်ဉာဏ်ထဲက ပြန်ခေါ်လို့ရလို့။စောစောက လောင်နေတဲ့ ဝံပုလွေမတွေရဲ့ မျက်လုံးရိုင်းတွေက သူတို့နှစ်ယောက်ဆီ ပျံ့ထွက်လာတယ်။ စန္ဒီမိုးက ခပ်တည်တည်နဲ့ ကွင်းမလေးကို ပြုံးပြလိုက်ပြီး. .

"ညီမလေးက ဦးကျော်ဆွေသိန်း သမီးမဟုတ်လား။ ဒေလီယာလမ်းထဲကလေ၊ ဟုတ်တယ်၊ ဟုတ်"

ဟိုကွင်းမလေးက ခေါင်းညိတ်ပြပြီး

"ဟုတ်၊ အစ်မက သဇ္ဇာလမ်းထဲကမဟုတ်လား၊ တိုက်အနီကြီးနဲ့လေ"

စန္ဒီမိုးက ဝမ်းသာအားရနဲ့ ဝင်းကိုသိုက်ပခုံးကို ဖြောင်းကနဲ ရိုက်ည သ့်လိုက်တယ်။

"ကဲ၊ ငါမပြောဘူးလား။ သူကငါတို့ရပ်ကွက်ထဲကပါလို့။ နင်တာခ င်ဘည်တည်နဲ့ နင်တို့ရပ်ကွက်ကဆိုပြီး လာရှိုးနေသေးတယ်"

ဘ ် ဘယ်တုံးက ပြောမိလို့ပါလိမ့်။ စန္ဒီမိုးက တဆက်တည်း

"ဟောဒီ ်င်းကိုသိုက်ရယ်လေ။ ညီမလေးက သူတို့ရပ်ကွက်ထဲကလို့ပြောနေလို့၊ အဲဒါဟုတ်မဟုတ် လောင်းကြတာလေ။ ဒါနဲ့





ညီမလေးနာမည်က နီလာသိန်းနော်၊ အစ်မနာမည်က စန္ဒီမိုးတဲ့။ သူကဝင်းကိုသိုက်။ တို့နှစ်ယောက်စလုံးက final က။ ညီမတို့နဲ့ majorတူပဲ။ သူက အရမ်းသဘောကောင်းပြီး အရမ်းလည်း ကူညီတတ်တာ။ ရည်းစားလည်း အခုထိ မရှိသေးဘူး သိလား။ ညီမလေးတို့ အကူအညီလိုရင် သူ့ဆီတောင်းနော်"

"အို"

ဝင်းကိုသိုက်ခမျာ ရုတ်တရက် ရင်ညွန့်ထဲကတက်လာတဲ့ အလုံးကြီးတစ်လုံး လည်ချောင်းထဲ တစ်နေသလို ခံစားလိုက်ရတယ်။ ဒီစန္ဒီမိုး ဘာတွေ လျှောက်လုပ်နေပါလိမ့်။ နီလာသိန်းဆိုတဲ့ ကွင်းမလေးက ဝင်းကိုသိုက်ကို ခပ်ပြုံးပြုံးလေးနဲ့ မျက်လုံးလေးဝင့်ကြည့်လိုက်ပါတယ်။ အခုမှပဲစောစောက နင်နေတာလေး ရင်ခေါင်းထဲ ပြန်ကျသွားတယ်။ အင်း မိန်းမလှလေးတွေရဲ့အကြည့်ကလည်း ဆေးဖက်ဝင်သကိုး။ နင်နေပါက ကောင်မလေးချောချောလေးတစ်ယောက်ကို မခို့တရို့လေး ကြည့်ခိုင်းလိုက်ပါ။ နင်နေတာတွေ လုံးဝ ပျောက်ကင်းသွားပါလိမ့်မည်လို့ အနယ်နယ်အရပ်ရပ်က ထောက်ခံစာတွေတောင်းပြီး မဂ္ဂဇင်းထဲ ပို့လိုက်ဦးမှပဲ။ မိတ်ဆက် ပေးပြီးသွားပြီဆိုတော့ ဒီနေရာမှာ ပါးစပ်ကြီး ပိတ်နေလိုက်ရင် ဝင်းကိုသိုက်ကို တစ်သက်လုံး လူညံ့ထင်သွားတော့မှာပဲ။ ဒီတော့ ချော်လဲရောထိုင် ဆိုသလိုပဲ . . .

"အင်း၊ ဟောဒီက ညီမက အစ်ကိုတို့ရပ်ကွက်ထဲက ကောင်မလေးတစ်ယောက်နဲ့ တကယ်တူတာ။ အဲဒါကြောင့် လူမှားသွားတာ။ နာမည်သိပြီးသွားပြီဆိုတော့ လမ်းတွေ့ရင်ခေါ်၊ အကူအညီလိုရင်တောင်းပေါ့။ နီလာသိန်းတင် မဟုတ်ပါဘူး၊ ဟောဒီက ညီမတွေအားလုံးရောပဲ"

ဝင်းကိုသိုက်က "ကွင်း" တင်မကပဲ၊ ဖဲတစ်ထုပ်လုံးပါ ဆွဲစိပ်လိုက်ပါတယ်။ ကျန်တဲ့ကောင်မလေးတွေလည်း လှတပတလေးတွေပဲဥစ္စာ။ ကိုယ့်အတွက်မဟုတ်တောင် သူငယ်ချင်းတွေအတွက် ဝေစားမျှစားလေးပေါ့။ စန္ဒီမိုးခမျာ ချက်ချင်းကြီး ကေ ခိုန်း



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ဝင်းကိုသိုက်ကို စိတ်ထဲကနေ နှုတ်နှုတ်စင်းနေပါတယ်။

“တောက်၊ အိန္ဒြေကိုမရဘူး။ ရည်းစားငုတ်တုတ် ဘေးမှာထားပြီး ဒင်းက အပြည်ပြည်ဆိုင်ရာချစ်ကြည်ရေး ကွန်ဖရင့် လုပ်ချင်နေသေးတယ်။ ဟင်း တွေ့မယ်”

ဒါ စန္ဒီမိုးစိတ်ထဲက ကြိမ်းနေတာပါ။ မျက်နှာကတော့ ပြုံးပြုံးချိုချိုလေးနဲ့. . .

“ကဲ ဝင်းကိုသိုက်ရေ၊ သွားရအောင်၊ ဒီနေ့ A-P ကိုယ်တိုင်ဝင်မှာဆိုတော့ အတန်းလွတ်လို့မဖြစ်ဘူး။ ကဲ ညီမရေ သွားပြီနော်”

ခြေထောက် မကြွချင်ကြွချင်ဖြစ်နေတဲ့ ဝင်းကိုသိုက်ရဲ့ခြေသန်းလေးကို တမင်ကလာဖိနင်းခဲ့ပြီး စန္ဒီမိုးကလှည့်ထွက်သွားပါတယ်။ ကောင်မလေးတွေရှေ့ဆိုတော့ ဝင်းကိုသိုက်ခမျာအသံထွက်ပြီးတောင် မနာရဲရှာဘူး။ နာတာလေးကို စိတ်ထဲကနေ ‘နာတယ်’လို့ မှတ်ပြီး ပြုံးပြုံးနှုတ်ဆက်၊ မသိမသာ လက်ကလေးပြပြီးမှ လှည့်ထွက်လာခဲ့ရတယ်။ ဟင်း၊ ယောကျ်ားလေးတွေများ ပြောကိုမပြောချင်ဘူး။ ဝက်အူတစ်ရစ်စာလောက် လျော့လိုက်တာနဲ့ ဒင်းတို့က နှစ်ရစ်စာလောက် အခွင့်အရေးယူချင်သေးတယ်။ ရုပ်သေကြီးနဲ့ ဆတ်တောက် ဆတ်တောက်လျှောက်နေတဲ့ စန္ဒီမိုးကို ဝင်းကိုသိုက်က မဝံ့မရဲလေး မေးကြည့်လိုက်ပါတယ်။

“နင်က အဲဒီ နီလာသိန်းနဲ့ ဘာဖြစ်လို့ မိတ်ဆက်ပေးရတာလဲ”

“နင့်ကို လိုက်ခိုင်းမလို့”

“ဟင်”

ဝင်းကိုသိုက်က မျက်လုံးကြီးပြူးပြီး သူ့ရည်းစားကို ကြည့်ပါတယ်၊ ဇာတ်တော်တွေထဲမှာတော့ မယားလှူတာ၊ သားလှူတာတွေတော့ ဖတ်ဖူးတယ်။ လင်လှူတာ အဲလေ ရည်းစားလှူတာတော့ မဖတ်ဖူးသေးဘူး။ စန္ဒီမိုးကျမှ။ ဘုရား၊ ဘုရား ဒါစန္ဒီမိုးမှဟုတ်ပါရဲ့လား။ အလှပြင်ဖို့က ပွဲရင် ကိုယ့်နှုပ်ချေးတောင် ကိုယ်နှမြောတတ်တဲ့ မိန်းမက၊ အခုတော့ ရည်းစားအကောင်းစားလေးကို ရက်ရက်ရော





ရောကြီး စွန့်လွှတ်လို့။ ဒါ သွေးရဲတာလား၊ သွေးကျဲတာလား မပြောတတ်ဘူး။ စန္ဒီမိုးက ဆက်ပြီး. .

“ဟုတ်တယ်၊ နင်အဲဒီကောင်မလေးကို ရအောင်လိုက်၊ ပြီးရင်သူနဲ့မင်္ဂလာဆောင်၊ ပြီးရင် နောက်ငါးနှစ်ကြာတော့ကွာပစ်။ အဲဒီတော့မှ နင်နဲ့ငါနဲ့ ပြန်ပေါင်းကြမယ်လေ။ ဗေဒင်ဆရာ ပြောတဲ့အတိုင်းပေါ့၊ မကောင်းဘူးလား”

“ဟိုက်”

ဝင်းကိုသိုက်ခမျာ အဲဒီတစ်လုံးပဲ ထွက်နိုင်တော့တယ်။ လွဲတာ တော့လွဲနေပြီ။ ဗေဒင်ဆရာစကား ဒီလောက်တောင် ယုံရသလား။ ဒင်းယုံပုံက ဗေဒင်ဟောထားတာ မှားမှာစိုးလို့ ကိုယ်က ဟောထားတဲ့ အတိုင်း မဖြစ်ဖြစ်အောင် လိုက်လုပ်ပေးနေတဲ့ ကိန်းဆိုက်နေပြီ။ ပြီးတော့ ဘယ်လိုအညှိုးအတေးနဲ့ အဲဒီနီလာသိန်းဆိုတဲ့ ကောင်မလေးကို ရွေးပြီး လိုက်ခိုင်းရတာလဲမသိဘူး။ ကိုယ်က ယောကျ်ားလေးဆိုတော့ အဲဒီလှလှပပ မိန်းမပျိုလေးတစ်ယောက်ကို ရအောင်လိုက်ပြီး ပေါင်းသင်းရမှာ နာစရာမရှိပေမယ့်၊ ငါးနှစ်ကြာရင် ကွဲပစ်လိုက်ရမှာတော့ ရက်စက်လွန်းရာကျပါတယ်။ ပြီးတော့ ဝင်းကိုသိုက်ရဲ့ နှလုံးသားက ကောင်မလေးချောချော လေးတွေအပေါ် ရက်စက်နိုင်ရလောက်ကို မမာကျောဘူးလေ။

“နေပါဦး စန္ဒီရယ်။ ငါလိုက်တာမလိုက်တာ အပထား။ ဘာဖြစ်လို့ အဲဒီ နီလာသိန်းကို ရွေးပြီးလိုက်ခိုင်းရတာလဲ”

စန္ဒီမိုးရဲ့ သူငယ်အိမ်က ကျဉ်းမြောင်းသွားတယ်။ အတိတ်ကို ပြန်အောင့်မေ့ပြီး နာကျည်းသွားတဲ့ ပုံစံမျိုး။

“ငါ. . . သူ့အဖေကို မကျေနပ်လို့”

“ဩော်”

လတ်စသတ်တော့၊ ရာဇဝင်ကြောင်းလေးနဲ့ကို။ မဟုတ်မှလွဲရော၊ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို၊ စန္ဒီမိုးအမေနဲ့ နီလာသိန်းအဖေတို့ စိတ်နာစရာ ဇာတ်လမ်းတွေရှိခဲ့ကြတယ်ထင်ပါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အမုန်းတရားကိုရင်မှာပိုက်ထားတဲ့ စန္ဒီမိုးရဲ့အမေက အရှုံးသမားဘဝကို ခံ့တံ့တား အစမှာ၊ အဲလေ လက်စားချေမလို့ ထင်ပါရဲ့။ ကိုယ်မွေးထားတဲ့ သားယောကျာ်းမရှိတော့ သမက်လောင်းကို လက်စားချေခိုင်းမလို့နဲ့ တူတယ်။ အင်း ဒါမျိုးက မလုပ်ကောင်းဘူး။ ငရဲကြီးတတ်တယ်။ ဝင်းကိုသိုက်က စန္ဒီမိုးကို လေပြည်လေးနဲ့ ဖျောင်းဖျရပါတယ်။

"ပြီးတာတွေလည်း ပြီးပါစေတော့ဟာ။ လူဆိုတာနှလုံးသားမှာ အနာတရကင်းတဲ့လူ ခပ်ရှားရှားပါဟာ။ အခုအချိန်မှာ နင့်အမေရင်ထဲက အမုန်းတရားတွေကို ချေဖျက်လိုက်ပါတော့။ နင့်အမေနဲ့ သူ့အဖေကြား . ."

"ဘာ၊ ဘာငါ့အမေနဲ့သူ့အဖေလည်း။ ငါ့အမေမဟုတ်ဘူး၊ ဒီဇာတ်လမ်းကငါနဲ့သူ့အဖေဇာတ်လမ်း"

"ဘာ နင်နဲ့သူ့အဖေ ဟုတ်လား"

အခုမှ ဝင်းကိုသိုက်ခမျာ ငယ်ထိပ်သားရေကွင်းနဲ့ အပစ်ခံရသလို ငပ်ဖုင်းဖုင်းဖြစ်သွားရှာတယ်။ အဲဒါကြောင့် ဗေဒင်ဆရာဟောလိုက်တာနေမှာ၊ စန္ဒီမိုးကအိမ်ထောင်သည်တွေ၊ တစ်ခုလပ်တွေ၊ မုဆိုးဖိုတွေ၊ ဦးအောင်ဇေယျတွေနဲ့ ပတ်သတ်လိမ့်မယ်လို့။

"ပြောစမ်း မြန်မြန်၊ နင်နဲ့ သူ့အဖေနဲ့ ဘာဖြစ်ကြတာလဲ။ တောက် ဒီလူကြီးကွာ ကိုယ့်သမီးအရွယ်လောက်ကို၊ နင်ကိုက၊ မနေတတ် မထိုင်တတ်"

"ဟာ၊ ဘာတွေလာပြောနေတာလဲ၊ငါ အဲဒီလူကြီးကို မကျေနပ်ဘူး ဆိုတာက ငါ First yearတုန်းက မျဉ်းကျားကလမ်းဖြတ်မကူးလို့ အဖမ်းခံရပါရောလား။ အဲဒါ ငါကထွက်အပြေး ယာဉ်ထိန်းရဲတွေကအလိုက်၊ တကယ်ဆို တစ်ရပ်ကွက်သားချင်းတွေပဲ၊ ခြေထိုးခံလိုက်တာတို့၊ လူချင်း မသိမသာလေး တိုက်လိုက်တာတို့ လုပ်ပါတော့လား။အဲဒါကို ဒင်းက ပြုံးပြုံးကြီးနဲ့ ငါအဖမ်းခံရတာကို ရပ်ကြည့်နေတယ်လေ။ ငါ့မှာ အဖမ်းလည်းခံရ၊ တစ်နေကုန် ကားကြီးနဲ့လည်း





လိုက်သွားရ၊ ဒဏ်ငွေလည်းဆောင်ရနဲ့ ငါ့မျက်နှာ ပေါင်းတင်မလို့ စုထားတဲ့ ပိုက်ဆံတွေ ကုန်ပါရောလား။ အဲဒီလက မျက်နှာပေါင်းမတင် လိုက်ရတာရော၊ စိတ်ညစ်တာရောကြောင့်၊ ဝက်ခြံ ငါးလုံးကြီးများတောင် ထွက်လာတယ်လေ။ ငါ ဘယ်လောက်တောင် ခံစားရမလဲဆိုတာ နင် ကိုယ်ချင်းစာကြည့်စမ်းပါ"

"သေဟ"

ဝင်းကိုသိုက်ခမျာ တစ်ဒေါသကနေ နှစ်ဒေါသပြောင်းသွားတယ်။

"ဒီမှာ မိစန္ဒီ၊ ဒါနဲ့ပဲ ငါက သူ့သမီးကို ရအောင်ယူရမယ်ဆိုပါ တော့"

"ငါးနှစ်ထဲပါ မောင်ရယ်၊ ငါးနှစ်ထဲပါ"

"တော်. . .၊ ငါးနှစ်မပြောနဲ့ ငါးရက်တောင် ဆောရီးပဲ။ ငါက အကောင်းမှတ်လို့ နားထောင်နေတာ၊ ဒီမှာ နင့်ဗေဒင်ယုံတာ တော်ရုံပဲကောင်းတယ်။ တောက် အဲဒီအောင်မျိုးလွင်ဆိုတဲ့ ဗေဒင်ဆရာကလည်း၊ အသိမိတ်ဆွေချင်းမို့ ခေါ်လာမိခါမှ မော်ပေါက်နေတာနဲ့ သွားတိုးနေရသေးတယ်။ ဒီမှာ မိစန္ဒီ နင်သိထားဖို့က၊ နင်နဲ့ငါ ရည်းစားပဲ။ အဲဒီဗေဒင်တွေ လက္ခဏာတွေ ငါ့ ကိုလာမပြောနဲ့။ ကွဲကာမှ ကွဲရော နင့်ကိုပဲ ငါယူမယ်။ ဒါပဲ"

ဝင်းကိုသိုက်က ပြောပြီးပြီးချင်း ခြေလှမ်းကျဲကြီးတွေနဲ့ လှည့်ထွက်သွားတယ်။ စန္ဒီမိုးက နောက်ကလိုက်ခေါ်သေးတယ်။

"မောင် နေဦးလေဟာ။ ပြီးရင် နင်ငါ့ကို လပြည့်ဝန်း လိုက်ပို့ပေးမယ်ဆို'

ဝင်းကိုသိုက်က နောက်လှည့်မကြည့်ပဲ လက်ခါပြလိုက် တယ်။

"နင့်ဘာသာနင် မြမြလတ် ခေါ်ပြီးသွားတော့"

စန္ဒီမိုးက ခြေဆောင့်ပြီး ကျန်ခဲ့တယ်။ ခြေဆောင့်လိုက်တော့လည်း ခြေသည်းမှာတပ်ထားတဲ့ ခြူသံလေးတွေက ချလွင်ချလွင်နဲ့။ စန္ဒီမိုးက ဝင်းကိုသိုက်နောက် ပြေးလိုက်မယ်အလုပ် မြေကြီးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျနေတဲ့ ကတ်ပြားလေးတစ်ကတ်ကို တွေ့လိုက်ရတယ်။

"ဟယ်၊ တာရော့ကတ်လေး"

စန္ဒီမိုးက ဆောင့်ကြောင့်လေးထိုင်ပြီး တာရော့ကတ်ကို ဆွဲလှန် ကြည့်လိုက်ပါတယ်။

"ဦးဖွ"

ကတ်ကလေးမှာ ဆွဲထားတဲ့ပုံက "fool" "အရူး" တဲ့။

• • • ☺ • • •





"ဒီအတိုင်းဆိုရင် မင်းဥစ္စာကမလွယ်ကျောကြီးပါလား"

စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ ဝင်းကိုသိုက်ကို ကျော်ဇေယျ ကပြောလိုက်တာပါ။ ဒီနေ့ ကျောင်းပိတ်ရက်မို့ ဝင်းကိုသိုက်ရယ်၊ ကျော်ဇေယျရယ်၊ မိုးသူရယ် သုံးယောက်သား သူတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ဝင်းကိုသိုက်က သူ့ရည်းစားအ ကြောင်းပြန်ပြီး ဖောက်သည်ချနေတာပါ။

"အေးကွာ လှလှပပလေးမို့ ကြိုက်လိုက်မိပါတယ်။ သမီးရည်း စား ဖြစ်တော့မှပဲ ဝမ်းတွင်းရူးမှန်း သိတော့တယ်။ ဘာကြောင့်များ ဗေဒင်တွေ လက္ခဏာတွေ ဒီလောက်ယုံနေမှန်း မသိဘူး"

ဝင်းကိုသိုက်က စိတ်ညစ်ညစ်နဲ့ သူ့ရှေ့က ရေနွေးခွက်ကို နှစ်ခွက်ဆင့်သောက်လိုက်ပါတယ်။ မိုးသူက သူငှဲ့ထားတဲ့ခွက်ကို သူ့ဖက်ဆွဲလိုက်ပြီး

"ဒါပေမယ့်၊ စန္ဒီမိုးကမင်းကို တစ်ကယ်ချစ်တာပါကွာ။ မင်း အလိုက်သင့်လေးနေလိုက်ရင် ဘာမှညစ်စရာ မရှိပါဘူး"

"ရှိတယ်ကွ၊ ရှိတယ်။ အခု နောက်တစ်မျိုးဖြစ်လာပြန်ပြီ။ ဘယ်ဗေဒင်ဆရာက အချွန်နဲ့ မလိုက်ပြန်ပြီလဲမသိဘူး။ အခု ငါ့ကို အချိန်နဲ့ပိုင်းပြီး ရည်းစားလိုဆက်ဆံလိုက်၊ သူငယ်ချင်းလို ဆက်ဆံလိုက်နဲ့"

"ဘာလဲကွ၊ မင်းဥစ္စာက"

ဟိုနှစ်ကောင်က ခေါင်းစားသွားတယ်။ ဝင်းကိုသိုက်က

"ယတြာချေတာတဲ့။ ဗေဒင်ဆရာက Time Table ထုတ်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဆိုပါတော့ကွာ၊ တနင်္လာနေ့မနက် ကိုးနာရီကနေ ဆယ်နာရီခွဲအတွင်း သမီးရည်းစားလို ဆက်ဆံရမယ်။ ဆယ်နာရီခွဲကနေ ဆယ့်နှစ်နာရီအထိ သူငယ်ချင်းလို၊ အဲဒီလိုမျိုးကွ"

"အဲဒါမှ အော်တာနေးတစ်အစစ် ဟဲဟဲ"

မိုးသူက ဝင်ပြောလိုက်တယ်။ ဝင်းကိုသိုက်က ခေါင်းခါရင်း. . .

"သူ့ Time Table ကြီးက တစ်နေ့နဲ့ တစ်နေ့လည်း မတူဘူး။ အချိန်ပိုင်းထားတာလည်း ပုံသေမဟုတ်ဘူး။ ငါက အီစီကလီ လုပ်ချင်လို့ သူ့ဆီသွားပါတယ်၊ သူက Time Tableကြီး ထုတ်ကြည့်ပြီး၊ ဒီအချိန်မှာ နင်နဲ့ငါက သူငယ်ချင်းဆိုတော့၊ ဂန့်ရော။ ငါ့မလဲ အခုမှ အရှူးမရည်းစားဖြစ်နေရတယ်"

"ဒါဆိုလည်း ဖြတ်ပစ်လိုက်ပေါ့ကွာ"

"ဖြတ်တော့ ဖြတ်ချင်တယ်။ အဲဒီ ၃၄-၂၁-၃၆ ကြီးကို နှမြောနေလို့ကွ"

"ဟာ အတိအကျပါလား"

"ဟဲဟဲ ဟိုတစ်ခါ ကန်တော်ကြီးသွားတုံးက ပေကြိုးနဲ့ အတိအကျ တိုင်းထားတာ"

ကျော်ဇေယျက သွားရေတမြားမြား ဖြစ်သွားတယ်။

"မိုက်တယ်ကွာ။ မင်းက အဲဒီလိုလုပ်တော့ စန္ဒီမိုးက ဘာမှ မပြောဘူးလား"

"ဟာ ပြောတာပေါ့ကွ"

"ဘာပြောလဲ. . ."

နှစ်ကောင်သား စိတ်ဝင်တစား ဖြစ်သွားတယ်။ ဝင်းကိုသိုက် တ[illegible]ခေ့ကို လက်နဲ့ပွတ်ရင်း

"ဟိဟိ၊ ယားတယ်တဲ့"

"ဟာ၊ မင်း လက်မငြိမ်လို့ ဖြစ်မှာပေါ့ကွ"

"ဟား ဟား ဟား"





ဝင်းကိုသိုက်က ရယ်ရင်းနဲ့ စီးကရက်တစ်လိပ်ကို မီးညှိရင်း လမ်းမကိုလှမ်းကြည့်ပြီး ရှုံ့မဲ့သွားတယ်။

"အင်း၊ ခေါင်းတော့ပြားပြီနဲ့ တူတယ်"

"ဘာဖြစ်လို့လဲ"

ဝင်းကိုသိုက်က အဖြေမပေးဘဲ လမ်းမဖက်ကို မေးထိုးပြလိုက်တယ်။ ကျော်ဇေယျနဲ့ မိုးသူတို့ လှမ်းကြည့်လိုက်တော့၊ ဝင်းကိုသိုက်ရဲ့ ၃၄-၂၁-၃၆ ကြီး။ တစ်လမ်းလုံးကို သူတစ်ယောက်တည်း စည်ပင်ခွန် ဆောင်ထားတဲ့ ပုံစံမျိုးနဲ့ တစ်လှမ်းချင်း လျှောက်လာလေရဲ့။ ဒီထိ တကူးတက လိုက်လာပုံထောက်တော့ ကိစ္စက ပေါ့သေးသေး တော့ ဟုတ်မယ်မထင်ဘူး။

"ဟော့ကောင်၊ ပြင်ဆင်ထားတာတော့ ဖျလို့ပဲ။ ဝါးတီးသွားမလို့လား မသိဘူး။ ဟုတ်ရင် ငါတို့လည်းလိုက်မယ်"

အရေးထဲ မိုးသူက ဝေါ်ကြီးကျနေတယ်။ စန္ဒီမိုးက လက်ဖက်ရည်ဆိုင် အဝကနေ တစ်ဆိုင်လုံးကို ဝေ့ကြည့်တယ်။ သူ့မျက်လုံးက ဝင်းကိုသိုက်တို့ ဝိုင်းမှာမရပ်ဘဲ ကျော်သွားတယ်။ တစ်ဆိုင်လုံး ခုံပေါက်စေ့၊ ဝိုင်းပေါက်စေ့ကို အကြည့်ကစားလိုက်ပြီးမှ ဝင်းကိုသိုက်ဆီ မျက်လုံးတည့်တည့် ရွှေ့လိုက်ပါတယ်။ တောက်၊ မိန်းမများ ရည်းစား တစ်ယောက်လုံး ဆိုင်ထဲ ငုတ်တုတ် ထိုင်နေတာတောင် လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ လူပေါက်စေ့ ' ပဲ 'စတုဒီသာ လုပ်နေသေးတယ်။ ပြီးမှ မော်ဒယ်တွေ catwalk လျှောက်သလိုမျိုး လျှောက်လာပြီးမှ ဝင်းကိုသိုက်နဲ့ မိုးသူကြား ထိုင်လိုက်ပါတယ်။ ပြီးမှ အသံနွဲ့နွဲ့လေးနဲ့

"ငါက မောင့်ကို ဒီဆိုင်မှာရှိမှရှိပါ့မလားလို့"

စခေါ်ကတည်းက မောင်တဲ့။ ဒါဆိုရင် Time tableအရ သမီး ရည်းစားအချိန်ပေါ့။ မိုးသူကစပ်ဖြဲဖြဲနဲ့ ကျော်ဇေယျဘက်လှည့်၊ အခြောက်သံလေးနဲ့ . .

"နင်နဲ့ငါ အခုအချိန် သူငယ်ချင်းနော်လို့"

စန္ဒီမိုးက မိုးသူခေါင်းကို ခေါက်လိုက်တယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုသိုက်ကို မျက်စောင်းလေးချီပြီး

"မောင်နော်၊ နင် ငါ့မကောင်းကြောင်းတွေ လျှောက်ဖွထား တယ် မဟုတ်လား"

"မဖွပါဘူး။ ငါစိတ်ညစ်တဲ့အကြောင်းတွေ ပြောပြနေတာ"

အင်း၊ ဖွသာ မဖွတယ်။ ဟိုနှစ်ကောင်က စန္ဒီမိုးရဲ့ အတိုင်းအ တာတွေတောင် အလွတ်ရနေပြီ။ ကောင်မလေးက ဝင်းကိုသိုက်ကို အချိုဆုံး ပြုံးပြလိုက်ပြီး . . .

"ဟင်း ဟင်း၊ မောင်၊ ငါဒီနေ့ ငါ့ Time tableကြီးကို ဖျက် ထားတယ်သိလား"

အင်း ဒီအခေါ်အပြောလေးနဲ့ဆိုရင်တော့ . . .

"နင်ငါ့ကို ဘာဒုက္ခပေးမလို့ ကြံစည်ထားလဲ"

"ဒုက္ခမပေးပါဘူးမောင်ရဲ့။ ဟီး . . ငါ့လက်သည်းတစ် ချောင်း ကျိုးသွားလို့"

အင်း ဒီလောက်ဆို သိလိုက်ပါပြီ။ manicure သွားမယ်။ ပြီးရင် window shopping လုပ်မယ်။ ကြိုက်တာတွေ့ရင် နားငြီး အောင် ဈေးဆစ်တော့မယ်။ ကောင်မလေးက ဆက်ပြောပြန်တယ်။

"ပြီးတော့လေ . . . ဘုရားသွားပြီး ယတြာသွားချေမလို့"

"တော် ဆက်မပြောနဲ့"

ဝင်းကိုသိုက်က ခပ်ငေါက်ငေါက် ပြောလိုက်တယ်။ စန္ဒီမိုးက သူ့မျက်နှာကို ရက်လည်ပြီးစမုဆိုးမ မျက်နှာမျိုးလေးဖြစ်အောင် ညှိုးလိုက်ပြီး . . .

"ငါပြောတာ ဆုံးအောင်နားထောင်ပါဦး မောင်ရယ်။ အိမ်မှာ ဆွမ်းခံကြွတဲ့ ဘုန်းဘုန်းက ပြောတယ်ဟ။ ယတြာတွေထဲမှာ ဗုဒ္ဓယတြာက အစွမ်းဆုံးတဲ့"

ဝင်းကိုသိုက်က ဆက်ကနဲ ဖြစ်သွားတယ်။

"နေစမ်းပါဦး။ နင်နဲ့ငါနဲ့ သမီးရည်းစား ဖြစ်နေတဲ့အ ကြောင်းကို နင်က ဘာကိစ္စ ဆွမ်းခံတဲ့ ဘုန်းကြီးကို သွားလျှောက်ရ





တာတုန်း"

အင်းလေ ဟုတ်ပါရဲ့ မဆီမဆိုင်။ စန္ဒီမိုးက သူ့မျက်နှာကို ရက်လည်ပြီးစကနေ လင်သေပြီးစ သုံးရက်လောက်ပဲရှိသေးတဲ့ မုဆိုးမ မျက်နှာပေး ပြောင်းလိုက်ပါတယ်။

"မောင်ရယ်၊ ငါက လျှောက်ပြောတာ မဟုတ်ပါဘူးဟယ်။ ပြီးတော့ ဒါတွေအားလုံးဟာ နင်နဲ့ ငါ့အတွက်ပါပဲဟာ"

"ဟုတ်သားပဲ ဝင်းကိုသိုက်ရာ"

ငြိမ်နေတဲ့ မိုးသူက ဝင်ထောက်ခံတယ်။ ကောင်မလေးက အားတက်သွားပြီး . . ."

"အဲဒါပြောတာပေါ့ မိုးသူရဲ့။ ဘုန်းဘုန်းက ငါတို့နှစ်ယောက် ရွှေတိဂုံဘုရားသွားပြီး ဘုရားကို သက်စေ့ပတ် ဂြိုလ်တိုင်အားလုံးမှာ ရေသက်စေ့လှူပြီး ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ် တော်တွေကို ရည်မှန်းကာသိုလ်ပြုပြီး ကိုယ်ဖြစ်ချင်တာဆုတောင်းတဲ့။ ကဲပါ မောင်ရယ်၊ ဒီတစ်ခါနောက်ဆုံးပါပဲဟယ်၊ ဘုရားသွားပြီးရင် ငါ့ Time Table ကြီးကိုလည်းအပြီး ဖျက်လိုက်တော့မှာပါ"

အင်း ဒီတစ်ချက်ကတော့ စိတ်ဝင်စားစရာကောင်းတယ်။ ဒီ Time Tableကြီး ရှုပ်နေလို့ သမီးရည်းစားဘဝတောင် မေ့တော့တော့ ဖြစ်နေပြီ။ ဒီအခြေအနေကို အကဲခတ်နေတဲ့ ကျော်ဇေယျက . . .

"ကဲပါ၊ ဝင်းကိုသိုက်ရယ်။ စန္ဒီမိုးက မင်းတို့နှစ်ယောက်ရှေ့ရေး အတွက် ရင်တွေပူ၊ ဆံပင်တွေဖြူအောင် စဉ်းစားနေတဲ့အချိန်မှာ. . ."

"ဟဲ့ . . . ငါဆံပင်မဖြူသေးပါဘူးဟ"

ကောင်မလေးက ချက်ချင်း ငြင်းချက်ထုတ်ပါတယ်။ ဆန့်ငင် ဆန့်ငင် ဖြစ်သွားတဲ့ကျော်ဇေယျက

"အေးပါဟာ၊ ဘယ်သူကမှလည်း နင့်ခေါင်းကို ဖြဲရဲမရှာ ပါဘူး။ တကယ်တည်း ငါပြောနေတာတောင် ဘယ်ရောက်သွားမှန်း မသိဘူး။ ကဲ၊ ဟေ့ကောင် ဝင်းကိုသိုက်။ ဘာမှစဉ်းစားမနေနဲ့။ မင်းလိုက်သွားလိုက်။ ဘာပဲပြောပြော ဘုရားသွားတာ ကုသိုလ်ရပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်ကွာ။ တတ်နိုင်ရင်၊ ငါတို့ဖို့ပါ ဆုပိုတောင်းခဲ့။ တို့နှစ်ကောင် ရည်းစားရပါစေ ဆိုပြီး”

“မင်းတို့ဘာသာ တောင်းပါလား။ အရေးထဲ ယတြာချေတာ တောင် အချောင်ဝင်နှိုက်ချင်သေးတယ်”

ဝင်းကိုသိုက်က နှစ်ကောင်စလုံးကို ဟောက်ထည့်လိုက်ပြီး စန္ဒီမိုးကို ကြည့်လိုက်ပါတယ်။ စန္ဒီမိုးက ကြောင်ပေါက်စနလေး အစာ တောင်းတဲ့လေသံမျိုးနဲ့

“လာပါ မောင်ရယ်. . နော်လို့၊ နင်နဲ့ငါ ဘုရားအ ရင်သွားမယ်။ ပြီးတော့မှ manicure သွားတာပေါ့။ အဲဒီမှာ ငါနင့်ကို ငုတ်ရိုက်မထား ပါဘူး ဟယ်။ ငါလက်သည်းဆက်နေတုန်း နင်က တစ်နေရာသွားနေ ပေါ့။ ကဲပါ မောင်ရယ်၊ ငါ ဘီယာတိုက်ပါ့ မယ်နော်။ လာပါဆို”

အင်း သစ်ငုတ်တောင် နှဲ့ဖန်များလှုပ်သေးတာပဲ။ ဝင်းကို သိုက်လည်း လှုပ်တုတ်တုတ် ဖြစ်လာပြီပေါ့။ သွေးနဲ့သားနဲ့ ဆဲလ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ယောကျာ်းလေးပဲဟာ။ ကိုယ့်ချစ်သူက တီတီတာတာ ချော့ချွဲတွဲလေးခေါ်နေတော့မှ . . အင်း မလိုက်ပြန်ရင်လည်း မိုက်ရာ ကျဦးမယ်။ နည်းနည်းတော့မူဦးမှ

“အာဘွားပေးမှ လိုက်မယ်”

“ဟင်း၊ ဒီကောင်တွေရှေ့မှာဟာ၊ မောင်ကလဲ။ ရော့ စရန်ယူ ထား”

ကောင်မလေးက အနမ်းပျံလေးလွှတ်လိုက်တာနဲ့ ဝင်းကို သိုက်ခမျာ ဂီယာချိန်းလိုက်တဲ့ Air bus လေယာဉ်ကြီးလို ဝုန်းကနဲ ကြွသွား ပါတယ်။

အဲဒီနေ့က ဝင်းကိုသိုက်နဲ့ စန္ဒီမိုးတို့ နှစ်ယောက်သား၊ ရွှေတိဂုံ ဘုရားဆီ ရောက်သွားကြပေမယ့် ၊အခြားဘယ်နေရာကိုမှ မသွားနိုင် တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၊သူတို့နှစ်ယောက်ပေါင်း သက်စေ့ အပတ်လေးဆယ် ရင်ပြင်ပေါ်မှာ ပတ်နေရလို့ပါပဲ။ အဆူဆူကုန်





သော ဘုရားရှင်တွေနဲ့ သိကြားနတ်၊ဗြဟ္မာ၊ဂဠုန်၊နဂါး၊ဘီလူး တွေက သည်းခံ ခွင့်လွှတ်နိုင်ကြပေမယ့်၊ တာဝန်ကျဂေါပကတွေ၊ လုံခြုံရေး တွေကတော့ ဒီအတွဲပတ်လှချည်လားဆိုပြီး အတော့်ကို မျက်စေ့ နောက် သွားရှာတယ်။ ဘုရားပေါ်ကအဆင်း၊ ဒူးတွေချောင်နေလို့ စောင်းတန်းတစ်လျှောက် နားလိုက် ဆင်းလိုက်နဲ့ လှေကားတစ်ထစ်ကို တစ်မိနစ်နှုန်းလောက် ကြာသွားလေရဲ့။ဝင်းကိုသိုက်ခမျာ အိမ်ပြန် ရောက်တော့ ဒဏ်ကြေဆေးတောင် လိမ်းယူရတယ်။ ဒဏ်ကြေဆေး လိမ်းရင်း စန္ဒီမိုးကိုမေတ္တာပို့ ရပါတယ်။

“သေနာမလေး၊ ဒင်းလည်း တော်တော် အီစိမ့်သွားမှာ”

စန္ဒီမိုးကတော့ အီရုံ၊ စိမ့်ရုံတင်မကဘူး။ ပန်းဖျားပါ ဖျား ယူပါတယ်။ဆေးသောက်၊ အိပ်ယာမှာလှဲ၊ ဝင်းကိုသိုက်လက်ဆောင် ပေးထားတဲ့ မွေးပွဝက်ဝံရုပ်ကြီးကို ခွပြီး စောင်ခေါင်းမြီးခြုံလို့ မျက်လုံးစင်း စင်းနဲ့ တိုးတိုး လေး ရေရွတ်နေမိပါတယ်။

“ငါ နင့်ကို တကယ်ချစ်တာပါ မောင်ရယ်”

. . . ☺ . . .


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့မောင်၊ အခုလျှောက်လာတဲ့ ကောင်မလေးကို လှည့်ကြည့်လိုက်။ ပေါ်တင်ကြီးမကြည့်နဲ့၊ ခြေဆင်လေးနဲ့ကြည့်"

စန္ဒီမိုးအပြောကြောင့် လက်ဖက်ရည်ကို ဇွန်းနဲ့မွှေနေတဲ့ ဝင်းကိုသိုက်ခမျာ တွန့်ကနဲ ဖြစ်သွားရှာတယ်။ တောက်၊ ဘယ်ကောင်မလေးကို လာပြပြန်ပြီလဲ မသိဘူး၊ အဲဒီ စန္ဒီမိုးတစ်ယောက်ဟာလေ၊ ကိုယ့်ရည်းစားကိုယ် နဲနဲလေးမှ မနာမြောတတ်ဘူးလား။ ဟိုလူနဲ့စပ်၊ ဒီလူနဲ့စပ်နဲ့ လူကိုများ ဝက်သိုး အောက်မေ့နေတယ် ထင်ရဲ့။ ဝင်းကိုသိုက်က စိတ်ညစ်ညစ်နဲ့ သူနဲ့ကန့်လန့်ဖြတ်ထိုင်နေတဲ့ မြမြလတ်ကို အကူအညီတောင်းသလို ကြည့်လိုက်တယ်။ မြမြလတ်က ဝင်းကိုသိုက်ကို မျက်လုံးပြူးပြပြီး ခေါင်းခါပြတယ်၊ သူလည်း ဘာမှမတတ်နိုင်ဘူးဆိုတဲ့သဘော။ ဝင်းကိုသိုက်က စန္ဒီမိုးပြတဲ့ကောင်မလေးကို ခပ်တင်းတင်းပဲ ကြည့်လိုက်ပါတယ်။

"အမ်း"

ကြည့်လိုက်ပြီးမှ နောင်တရသွားတယ်။ ပါးစပ်ကလည်း လွှတ်ကနဲ . . .

"ဟာ- ကွင်းတစ်ခြမ်း"

အသံနည်းနည်းကျယ်သွားလို့ အဲဒီကွင်းတစ်ခြမ်းက ဝင်းကိုသိုက်ကို မျက်စောင်းထိုးသွားလေရဲ့။ မျက်စောင်းထိုးတယ်လို့ ပြောရအောင်ကလည်း လည်ပင်းစောင်းသွားတဲ့ အနေအထားကြောင့် ပြောရတာပါ။ ဘာကြောင့်လည်းဆိုတော့ အဲဒီကောင်မလေးက နဂိုကတည်းက မျက်လုံးနည်းနည်းလောက် စွေနေတယ်။ နည်းနည်းဆို



www.burmeseclassic.com

www.burmeseclassic.com



တာက ၄၄ လောက်။ ၄၅ မှ မပြည့်သေးတာ။ နည်းနည်းပေါ့ မဟုတ်ဘူးလား။ ဒါပေမယ့် အရပ်ကတော့ ရှယ်ပဲ။ ငါးပေခုနှစ်လက်မလောက်ရှိတယ်။ ဘော်ဒီစထရပ်ချာကလည်း မိုက်တယ်။ ဘော်ဒီလှပါတယ်ဆိုတဲ့ စန္ဒီမိုးတောင် အရပ်က ငါးပေလေးလက်မပဲ ရှိတော့ အဲဒီ ကျောင်းသူနဲ့ယှဉ်ရင် အမောင်းချင်းတူရင်တောင်မှ အရပ်ချင်းကျ ဟိုက စားသွားနိုင်တယ်။နောက်ကျောက ကြည့်လို့ကတော့ ဟောလိဝုဒ် မင်းသမီး ဟီလာဘယ်ရီ လျှောက်နေတဲ့ အတိုင်းပဲ။ နောက်ကျောကြည့်ပြီး မျောသွားတဲ့ ကျောင်းသားတွေ မျက်နှာလည်းမြင်လိုက်ရော မြန်မာအဘိဓာန်ထဲမှာမပါတဲ့ 'အွန်း' တို့ 'အမ်း'တို့ဆိုတဲ့ အသံကြီးတွေ ထွက်လာတော့တာပါပဲ။ နင်တယ်ဆိုတာ အဲဒါမှအစစ်။ ဒါကြောင့် ကျောင်းသားတွေက နာမည်ပေးထားတယ်။ 'ကွင်းတစ်ခြမ်း' တဲ့။ ကျောဖက်တစ်ခြမ်းကို ကွင်းပေးထားပေမယ့် ရှေ့တစ်ခြမ်းကတော့ မီးရှို့ပြာချပြီး ရေထဲမျှောလိုက်ဖို့ပဲ ကောင်းတော့တယ်။ သူ့အဖေနဲ့ အမေက ဘာဆေးစားပြီး ဘယ်လိုမျိုး မွေးခဲ့လည်း မသိဘူး။ လူပြက်တွေ ပြက်သလို 'ဟဲ့-ကောင်မလေး နင့်တင်နဲ့ နင့်ရင်က တစ်ကုမ္ပဏီထဲမှ ဟုတ်ရဲ့လား' ဆိုပြီး မေးဖို့ ကောင်းနေပြီ။

မြမြလတ်က နင်သွားတဲ့ ဝင်းကိုသိုက် ပုံစံကို ကြည့်ပြီး တခစ်ခစ်ရယ်နေပါတယ်။ တော်သေးတာပေါ့။ စန္ဒီမိုး ခိုင်းတဲ့အတိုင်း၊ ကြွေဆင်လေးနဲ့များ ကြည့်မိလိုက်ရင်တော့။ ဘုရားဘုရား ၊တွေးရင်း ကြက်သီးတောင်ထတယ်။

"ဒါ နင် ငါ့ကိုသက်သက် ဒေါက်ဖြုတ်တာပေါ့၊ ဟုတ်လား မိစန္ဒီ"

"မဟုတ်ပါဘူး မောင်ရယ်"

စန္ဒီမိုးရဲ့ မျက်နှာက အရိုးခံအတိုင်း။ မြမြလတ်က ဝင်ပြောတယ်။

"ဟုတ်သားပဲ စန္ဒီရယ်။ နင်ဘာတွေ လျှောက်လုပ်နေတာတုံး။ ဟိုက သူ့အားနည်းချက်ကို နောက်တယ်ထင်ပြီး အချောင်





သက်သက် ပါးရိုက်ခံ နေရဦးမယ်"

စန္ဒီမိုးက မျက်နှာငယ်လေးနဲ့ . . .

"ငါ အဲဒီလို မရည်ရွယ်ပါဘူးဟယ်။ ငါဘုရားက ပြန်လာတဲ့နေ့က ဖျားပါရောလား။ အဲဒီညက ငါအိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ နင်နဲ့ နီလာသိန်းနဲ့ အိမ်ထောင်ကျနေပြီဟ"

ဟာ၊ မိုက်သဟ။ ဝင်းကိုသိုက်က တွေးရင်း အူမြူးသွားတယ်။ မိန်းမချောလေးနဲ့ အိမ်ထောင်ကျနေပြီဆိုတော့ အိပ်မက်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ ဆိုးဂွတ်၊ အဲဗားဂွတ်၊ ဗဲရီးဂွတ်ပဲပေါ့။ ခက်တာက ကိုယ်တိုင် မမက်လိုက်ရပဲ စန္ဒီမိုးက သွားမက်နေတာဆိုတော့၊ နှမြောစရာကောင်းသား။ အဲဒီအိပ်မက်တွေကို ကွန်ပျူတာ တစ်လုံးကနေ တစ်လုံး data ပြောင်းသလို ပြောင်းလို့ရရင် သိပ်ကောင်းမှာပဲ။ စန္ဒီမိုးမက်တဲ့ အိပ်မက်ကို memory stick ထဲ copy လုပ်။ ကိုယ်အိပ်တဲ့အချိန်ကျမှ paste လုပ်ပြီး ပြန်မက်။ ခက်တာက အဲဒီ memory stick ကို ကိုယ့်ဘယ်အပေါက်ထဲ စွပ်ရမှန်းမသိတာပဲ။ တွေးရင်းနဲ့ ပြုံးစိစိဖြစ်သွားတဲ့ ဝင်းကိုသိုက်ကို ကြည့်ရင်း စန္ဒီမိုးက . . .

"မောင်၊ နင်က ပြုံးနိုင်သေးတယ်နော်။ ငါက အဲဒီ အိပ်မက်မက်ပြီး တွေးပူနေတာ။ အဲဒီ အိပ်မက်ထဲမှာ ငါကနင့်ကို ငါးနှစ်ပြည့်ပြီငါ့ဆီ ပြန်လာခဲ့ပါတော့ မောင်ရယ်လို့ ပြောတော့၊ နင်ကငါ့ကို ပြန်မလာနိုင်တော့ဘူးတဲ့။ နီလာသိန်းကိုပဲ ချစ်တော့မယ်တဲ့။ ငါ့ကို မချစ်တော့ဘူးတဲ့ မောင်ရယ်၊ ဟီးအီးရှုတ်"

စန္ဒီမိုးက ပြောပြောဆိုဆိုငိုချလိုက်တယ်။ ဝင်းကိုသိုက် ခေါင်းခါလိုက်ရင်း . . .

"နင်ရူးနေပြီ စန္ဒီရယ်"

ပြီးတော့ တစ်ရှူးထုတ်ပြီး စန္ဒီမိုးကို မျက်ရည်သုတ်ပေးလိုက်တယ်။ မြမြလတ်ကတော့ မျက်နှာလွှဲပြီး အဝေးကို ငေးနေလေရဲ့။ စန္ဒီမိုးက ရှိုက်ရင်း . . .

"မောင်၊ နင်ငါ့ကို တစ်ကယ်ချစ်တာပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုသိုက်က မြမြလတ်ဘက်ကို မလုံမလဲ ကြည့်တယ်။ မြမြလတ်က ပြုံးယောင်ယောင်လေး ဘာမှမကြားသလို ပုံစံမျိုးနဲ့ အဝေးကို ကြည့်နေရှာရဲ့။ ဝင်းကိုသိုက်က သက်ပြင်း ရှိုက်လိုက်တယ်။ ပြီးမှ.

"နင်သက်သက် အုံးစားမနေပါနဲ့ စန္ဒီရယ်။ ငါ နင့်ကို အခုလည်း ချစ်တယ်။ နောင်လည်း ချစ်တယ်။ နောင်ငါးနှစ်မှ မဟုတ်ဘူး။ အနှစ်ငါးဆယ်ဆိုလည်း ချစ်သွားမှာပဲ ဟုတ်ပြီလား"

မြမြလတ်ရဲ့မျက်ဝန်းထဲ အစိပ္ပါယ်ဖော်ရခက်တဲ့ အရိပ်အရောင်တွေ ဖြတ်ပြေးသွားတယ်။ ဝင်းကိုသိုက်က ပြောပြီးမှ မျက်နှာကြီးနီရဲပြီး ရှက်လို့။ ဟုတ်တယ်လေ။ မဆိုင်တဲ့ လူရှေ့မှာ အတည်ပေါက်ကြီး ပြောရတာ။ ကိုယ်က ဒီလောက်မှ အကြောမတင်းတာ။ စန္ဒီမိုးက ဝမ်းသာအားရနဲ့ . . .

"ငါ ပျော်လိုက်တာ မောင်ရယ်၊ နင်က နီလာသိန်းကို မကြိုက်ဘူး မဟုတ်လားဟင်"

"ဟာ၊ ငါက ဘာကိစ္စ ကြိုက်ရမှာလဲ"

"ဒါဆိုရင် နင့်ကိုငါ နီလာသိန်းကို ကြည်အောင်လိုက်ခိုင်းထားတဲ့ကိစ္စကို ခေါင်းထဲကနေ ထုတ်ပစ်လိုက်တော့ မောင်"

"နင်လိုက်ခိုင်းလည်း မလိုက်ပါဘူးစန္ဒီရယ်"

"ဒါဆိုရင် နင်ကွင်းတစ်ခြမ်းကို ကြည်အောင်လိုက်။ ပြီးရင် နောက် ငါးနှစ်ကျရင် သူနဲ့ကွာရှင်းပြီး ငါနဲ့ လက်ထပ်ကြတာပေါ့ဟယ်။ ကွင်းတစ်ခြမ်းက နီလာသိန်းလိုမလှတော့ နင်လွယ်လွယ်နဲ့ ကွာပေးနိုင်မှာ။ အိပ်မက်ထဲကလို နင် နီလာသိန်းကို မပြတ်နိုင်ရင်တော့ ငါကြေကွဲရလိမ့်မယ်"

"ဟိုက်"





အဝေးကို ငေးနေတဲ့ မြမြလတ်ရော၊ ဝင်းကိုသိုက်ပါ၊ စန္ဒီမိုးကို ထိတ်လန့်တကြား ကြည့်လိုက်ပါတယ်။ ဪ၊ တီးကွက် ပြောင်းသွားလို့ ဟုတ်နေပြီ ထင်တာ။ ပွဲသိမ်းတော့လည်း 'မြနန္ဒာ' ပါပဲလား။

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com



"နင့်သူငယ်ချင်းတွေ ဆိုလို့ ငါက ဘယ်သူများလဲလို့"

အိမ်အတွင်းခန်းက ထွက်လာတဲ့ မြမြလတ်က ပြောလိုက်တာပါ။ ဒီနေ့ တနင်္ဂနွေဆိုတော့ ကျောင်းပိတ်ရက် အိမ်မှာ အေးအေးဆေးဆေး ဟင်းကူချက်နေရင်း သူငယ်ချင်းတွေ လာတယ်ဆိုလို့ ဧည့်ခန်းထဲ ထွက်လာတာ။ ဧည့်ခန်းထဲမှာတော့ ဝင်းကိုသိုက်၊ မိုးသူ၊ ကျော်ဇေယျ တို့သုံးယောက် ဟိုကြည့်ဒီကြည့်နဲ့၊

"နင် ဟင်းချက်နေတာလား"

ဝင်းကိုသိုက်က အခုထိ အေပရွန်ကြီးခါးမှာ ပတ်ထားတဲ့ မြမြလတ် ကို မေးလိုက်တာပါ။ မြမြလတ်က ရှက်သလိုလေး ပြုံးလိုက်ပြီး အေပရွန်ကိုချွတ်လိုက်တယ်။

"အင်း၊ စန္ဒီမိုးဆိုရင် ဟင်းဝင်ချက်မှာမဟုတ်ဘူး။ သူ့လက်သည်းတွေကျိုးမှာ ကြောက်တာနဲ့။ မတော်လို့ ဟင်းဝင်ချက်ရင်း လက်သည်းကျိုးကြီး ဟင်းအိုးထဲပါသွားရင် ဒုက္ခ"

ဝင်းကိုသိုက် စိတ်ထဲတွေးမိတာပါ။ မိုးသူက

"နင် အပြင်ထွက်လို့ရလား မြမြလတ်"

မြမြလတ်က ခဏလောက် စဉ်းစားလိုက်ရင်း

"အင်း . . ရပါတယ်။ ဘာကိစ္စရှိလို့လဲ"

"ကိစ္စ ကြီးကြီးမားမားတော့ မရှိပါဘူး။ နင့်အိမ်ကို မရောက်ဖူးတာရယ်၊ ဒီကောင် ဝင်းကိုသိုက်က စန္ဒီမိုးအကြောင်း ပြောချင်တာရယ်၊ ဒီလောက်ပါပဲ။ ငါတို့က အခုမှသိတဲ့ အိမ်မှာ ဟီးဟီး၊ဟားဟား လုပ်နေလို့ မကောင်းဘူး မဟုတ်လား။ နင့်ကို လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားဖို့ကလည်း နင့်အိမ်က ကြိုက်၊မကြိုက် မသိဘူးလေ။ ပြီးတော့ လာတာကလည်း ကောင်လေးချောချောလေးတွေဆိုတော့ ဟဲဟဲ"

မြမြလတ်က ကျကျနနရှင်းပြနေတဲ့ ကျော်ဇေယျကို ပြုံးပြီး ကြည့်လိုက်ရင်း . .

"အမယ်၊ ကျော်ဇေယျတို့က ဒီနေ့ကျတော့ လူလိုသူလို ပြောတတ်နေပါလား"

"အော်၊ ငါက ဒါတိုင်း ဟောင်နေတာကျနေတာပဲ"

"ဟောင်နေတာ မဟုတ်ဘူး၊ အူနေတာ"

ကွဲမြီးတိုသွားတဲ့ ကျော်ဇေယျကို မိုးသူက ဝင်ဖွဲ့လိုက်ပါတယ်။

မြမြလတ်က . .

"ကဲပါလေ လက်ဖက်ရည်ဆိုင်ပဲ သွားတာပေ့ါ။ ငါ့အိမ်က ယောကျ်ားလေးသူငယ်ချင်းတွေ မလာဘူးတော့ နည်းနည်းတော့ ထူးဆန်းနေတာပေ့ါဟာ။ ဒါပေမယ့် ငါ့ကို ယုံပါတယ်။ ခဏနေဦး၊ ငါ အမေ့ကိုပြောလိုက်ဦးမယ်"

ဝင်းကိုသိုက်က ခေါင်းညိတ်ပြလိုက်တယ်။ မြမြလတ်အမေက အကွယ်ကနေအကဲခတ်နေတာ မြင်သားပဲ။ မိုးသူက မျက်နှာကို တို့ပတ်ရိုက်၊ ရေမွှေးဆွတ်၊ ခေါင်းဖြီးပြီး၊ roll-on လိမ်းတဲ့ပုံစံ လုပ်ပြလိုက်တယ်။ မြမြလတ်က အသံတိတ် ပါးစပ်လှုပ်ရုံလေး ဆဲသွားတယ်။

"နင့်ဘိုးအေ"

ဒါပေမယ့် မိန်းကလေးမဟုတ်လား။ ဒါတွေမလုပ်ဘဲ လမ်းဆယ်ထွက်ပ့ါမလဲ။ ခဏကြာတော့ မြမြလတ်က တီရှပ်လက်ပြတ် အနီရဲရဲ အောက်ကလဲ ပါတိတ်ထမီကြီးနဲ့ ပိုက်ဆံအိတ် ပိစိလေး တရမ်းရမ်းနဲ့ ပြန်ထွက်လာတယ်။ စောစောက အဆီပြန်နေတဲ့မျက်နှာလေးလည်း မှုံလို့။ အလှပြင်ချိန်စုစုပေါင်း ခုနစ်မိနစ်ဆိုတော့ မိန်းကလေးတစ်ယောက်အတွက်ဆို အမြန်နှုန်းပဲ။ မိုးသူက နောက်မလို့ ပါးစပ်ပြင်ပြီးမှ ကပ်ပါလာတဲ့ မြမြလတ်အမေကြီးကြောင့် ပါးစပ်ပိတ်ထားလိုက်ရတယ်။





"အမေ၊ ဒါကကျော်ဇေယျ၊ ဒါကမိုးသူ၊ ဒါက ဝင်းကိုသိုက်တဲ့ဟဲ့၊ ဒါ ငါ့အမေပဲ။ ငါ့ထက် ချောတယ်နော်။ အမေ သူတို့က သမီးတို့အတန်းထဲကပဲ။ သမီး သူတို့နဲ့ လက်ဖက်ရည်ဆိုင် ခဏလိုက်သွားလိုက်ဦးမယ်။ ဒီကောင်တွေက အိမ်ပေါ်မှာ ဟီးလာတိုက်နေရင် အမေ့ကို အားနာလို့တဲ့"

"အားလုံး . . ငလောင်တွေ ချည်းပဲပေ့ါ ဟုတ်လား"

မြမြလတ် အမေက ပြုံးပြီး မေးလိုက်တာပါ။ မိုးသူက စပ်ဖြဲဖြဲနဲ့

"ဟဲဟဲ နည်းနည်းပါးပါးပါ အန်တီရယ်"

"ကျောင်းသားဘဝဆိုတာ ဒီလိုပဲပေ့ါ။ အိမ်မှာလဲ မြမြလတ် အစ်ကို သူငယ်ချင်းတွေ တရုန်းရုန်းပဲ။ နောက်လည်း လာကြပါကွယ်။ သမီးလတ် ရဲ့ သူငယ်ချင်းတွေက အိမ်အရောက်အပေါက်နည်းတော့ အန်တီတို့က စိုးရိမ်နေတာ။ ငါ့သမီးများ လူ့တောမတိုးဘူးလား ဆိုပြီးတော့"

မြမြလတ်ရဲ့အမေက ဖော်ဖော်ရွေရွေပါပဲ။ မြမြလတ်ကတော့ သူ့အမေကို ပြုံးပြီးကြည့်နေတယ်။ ဝင်းကိုသိုက်က

"စိတ်မပူပါနဲ့ အန်တီရယ်။ မြမြလတ်က လူတောတိုးတာမှ ဘတ်စ်ကားတောင် ကျပ်တဲ့ကားမှ ရွေးစီးတာ။ လူတောတိုးလွန်းလို့ စပယ်ယာကတောင် တားယူရတယ်။ အစ်မလေး ဆက်မတိုးနဲ့တော့ ရှေ့ပေါက်ကတက်တာ၊ နောက်ပေါက်ရောက်နေပြီ ဆိုပြီး ဟဲ ဟဲ"

ဝင်းကိုသိုက်က ရင်းရင်းနှီးနှီး နောက်ပြောလေးပြောလိုက်တာကို မြမြလတ်အမေက သဘောကျပြီး ရယ်လိုက်ပါတယ်။ ကျော်ဇေယျက

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်တီ"

"အေးကွယ် သွားကြ၊ သွားကြ၊ နောက်လည်း လာလည်ကြဦး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး နှုတ်ဆက်ပြီး ထွက်လာကြတယ်။ လမ်းပေါ်ရောက်မှ မိုးသူက

"မြမြလတ်ရာ၊ နင့်အမေ စိတ်ချမ်းသာအောင် နေစမ်းပါ"

"အောင်မာ၊ ငါက အမေစိတ်မချမ်းသာအောင် ဘာတွေလုပ်နေလို့လဲ"

"အခုပြောလိုက်တာ ကြည့်လေ။ သမီးက နောက်ဆုံးနှစ်ရောက်နေပြီ။ ယောကျ်ားလေးအကြောင်းလည်း ပြောသံမကြား။ အိမ်ကပဲ ရှာပေးစားရမလား။ ကတုံးတုံးပြီး သီလရှင်ကျောင်းပဲ ပို့ရတော့မလား စဉ်းစားနေရပြီ။ အခု တို့သုံးယောက်တွေ့တော့မှပဲ သူ့ခမျာ စိတ်ချမ်းသာသွားပုံပဲ။ နင့်အမေ စိတ်ချမ်းသာဖို့ တို့တောင် မကြာမကြာ လာရမယ့်ကိန်းဆိုက်နေပြီ"

"အောင်မာ"

မြမြလတ်က ဆွေ့ဆွေ့ခုန်သွားတယ်။ မြမြလတ်ရုပ်ရည်နဲ့ဆို ဒင်းတို့ သုံးယောက်မပြောနဲ့ ဆယ်ယောက်လောက်တောင် ရနိုင်သေး အဲလေ မှားသွားလို့၊ ယောကျ်ားလေးဆယ်ယောက်လောက်ထဲကတောင် တိန်ကနဲ မြည်အောင် ခေါင်းခေါက်ရွေးနိုင်သေး။ ဒီတ. . . ဟင်း ဆက်မပြောချင်တော့ဘူး။ ကြာရင် မေ့ထားတဲ့ သံယောဇဉ်အကြောင်းတွေ ပေါ်လာတော့မယ်။ ဝင်းကိုသိုက်က. .

"နင့်အမေက ခေတ်မီတဲ့ပုံပါပဲ။ နင်ကဘာဖြစ်လို့ ငါတို့ကို အိမ်အလည်လေးတောင် မခေါ်တာလဲ"

"ဘာမှမဖြစ်ဘူး။ မျက်စေ့နောက်လို့။ အိမ်မှာ ငါ့အစ်ကိုသူငယ်ချင်းတွေက တစ်မျိုး၊ ငါ့ညီမကျူရှင်က တစ်မျိုးနဲ့ တရုံးရုံးဖြစ်နေတာ။ အိမ်က ခပ်ကျဉ်းကျဉ်းထဲ ငါ့သူငယ်ချင်းတွေပါ ခေါ်ရရင် အိမ်ကျိုးကျတော့မယ်။ ကိုယ်တောင် ဘယ်နားနေရမှန်း မသိရတဲ့ကြားထဲ"

"ငါ့အိမ် လာနေပေါ့။ ငါ့အိမ်က ကျယ်တယ်"

ကျော်ဇေယျက ဖမ်းနောက်လိုက်တယ်။ မြမြလတ်က လက်သီးနဲ့ ထုထည့်လိုက်ရင်း





"အောင်မာ နင့်စကားက"

ကျော်ဇေယျက ဖမ်းကာလိုက်ရင်း

"ရိုးရိုးတွေးပါဟ။ ငါက အိမ်ကျယ်တဲ့ အကြောင်း ပြောတာကို၊ ကျွတ်၊ ကောင်မလေးနော်၊ နင်ဘာတွေ လျှောက်စဉ်းစားမှန်း မသိဘူး၊ အားလားလား"

မြမြလတ်က ကျော်ဇေယျကို ဆွဲဆိတ်ထည့်လိုက်ပါတယ်။ နှုတ်ခမ်းကို စူထည့်လိုက်ပြီး

"ဟင် နင့်အိမ်လာနေမယ့် အစား၊ ဦးရှင်ကြီးလေးဆိုင်စင်ကို စဘော်တင်ပြီး သွားနေလိုက်မယ်၊ ဟင်း"

မိုးသူက. . .

"ဒါဆို အောက်ထပ် ငါလာနေမယ်လေ"

"တော်"

အားလုံး တဟားဟားနဲ့ ရယ်ရင်း၊ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်ကြပါတယ်။ အားလုံး နေသားတကျထိုင်ပြီး စားသောက်စရာတွေ မှာပြီးတော့မှ ဝင်းကိုသိုက်က

"မြမြလတ် နင့်သူငယ်ချင်းကို ကြည့်ပြောစမ်းပါဦးဟာ၊ ငါလည်း စိတ်ပျက်လှပြီ"

"အော် နင်တို့က သမီးရည်းစား အချင်းချင်းလေဟာ၊ ငါတို့က ဘယ်လိုလုပ် ကြားဝင်မှာလဲ"

"နင်ရော အဲဒီ ပေဒင်တွေ ဝါသနာမပါဘူးလား"

မိုးသူက မြမြလတ်ကို စပ်စုလိုက်တယ်။

"အော် မိန်းကလေးဆိုတော့လည်း နည်းနည်းပါးပါးပေါ့ဟယ်။ စန္ဒီမိုးလိုတော့ အသည်းအသန်ကြီး မဟုတ်ဘူး"

"အေးဟာ၊ ငါလည်း စန္ဒီမိုးကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

ဝင်းကိုသိုက်ခမျာ ခေါင်းကို တစ်ဗျင်းဗျင်းကုတ်ရင်း ပြောလိုက်တယ်။ သူ့ခမျာ တစ်ကယ်ကို စိတ်ရှုပ်နေပုံပါပဲ။ မြမြလတ်က

www.burmeseclassic.com

www.burmeseclassic.com

တော့ ရှု့မဲ့နေတဲ့ ဝင်းကိုသိုက်ရဲ့မျက်နှာလေးကို ငေးငေးလေး ကြည့်နေလေရဲ့။ အဲဒီအချိန်မှာ မိုးသူက

"ဟာ ဟော့ကောင် ဟိုမှာ"

လမ်းမကို လက်ညှိုးထိုးပြီး အော်လိုက်တော့ အားလုံး ဝိုင်း ကြည့်လိုက်ကြတယ်။တွေ့လိုက်ရတာက မော်ဒန်ပေဒင်ဆရာ အောင်မျိုးလွင်။ ထုံးစံမပျက် ဟဲဗီးကေအရှည်ကြီးကို နောက်ကနေ စည်းထားပြီး တီရှပ်အနက်၊ ဂျင်းဘောင်းဘီ အပြာနဲ့ leather boot ကြီးဝတ်လို့။ဒီအချိန် သူ့ဟောခန်းမှာ ရှိနေရမှာ၊ ဘာကိစ္စနဲ့ ဒီဖက် ရောက်နေရပါ လိမ့်။ ဝင်းကိုသိုက်က အသံပြကြီးနဲ့ လှမ်းခေါ်ပါတယ်။

"ဗျို့၊ ပေဒင်ဆရာ၊ လက်ဖက်ရည်သောက် ကြွခဲ့ပါဦးဗျ"

ဆရာ အောင်မျိုးလွင်က အသံလာရာ လှမ်းကြည့်ပြီး ဝင်းကိုသိုက်တို့ဆီ လျှောက်လာပါတယ်။ ပြီးတော့ သွားအချောင်း သုံးဆယ်လောက်ပေါ်အောင် ပြုံးလိုက်ပြီး

"ဟဲဟဲ ဒီအချိန်က ပုဏ္ဏား နတ်သမီးရကိန်းရှိတယ်။ ပုဏ္ဏား လည်းရောက်လာပြီ၊ နတ်သမီးရဖို့ပဲ လိုတော့တယ်၊ ဟဲဟဲ"

ကိုအောင်မျိုးလွင်က ထိုင်နေတဲ့မြမြလတ်ကို မသိမသာ ကြည့်ပြီး လှမ်းပြောလိုက်တာပါ။ ပြောလိုက်တာက လူများကို မထိ ခလုတ်နဲ့။ မြမြလတ်က မကြားတကြား ပြန်စောင်းလိုက်ပါတယ်။

"နတ်သမီးမရခင် သွေးအံကိန်းမြင်တယ်၊ ဟင်း"

ပုဏ္ဏား၊ အဲလေ၊ ပေဒင်ဆရာခမျာ နည်းနည်းတော့ အောင့် သွားတယ်။ မြမြလတ်က မိုးသူကို တိုးတိုးလေးကပ်မေးတယ်။

"ဟဲ့ အဲဒါ စန္ဒီမိုးကို ဟောလိုက်တဲ့ပေဒင်ဆရာလား"

ဟိုကလဲ တိုးတိုးပြန်ဖြေတယ်။

"အေး ဟုတ်တယ်၊ နင်က ဘယ်လိုလုပ်သိလဲ"

"ဒိုင်းကြည့်ပြီး ပြောတာ။ စန္ဒီမိုးက လန်ထွက်နေတာပဲ ပြော ဖူးလို့"

ကိုအောင်မျိုးလွင်က အနားကပ်လာတဲ့ စားပွဲထိုးလေးကို





အစားအသောက်တွေ လှမ်းမှာပြီး ဝင်းကိုသိုက်ကို မေးလိုက်ပါတယ်။

"မင်းတို့က ဒီမှာ ဘာကိစ္စ ရောက်နေရတာလဲ"

"ခင်ဗျားကရော ဟောခန်းမဖွင့်ပဲ ဘာဖြစ်လို့ဒီရောက် လာရ တာလဲ"

ဝင်းကိုသိုက်က မဖြေပဲ ပြန်မေးလိုက်တယ်။ ပေဒင်ဆရာက သူ့ဆံပင်ကို သားရေကွင်းနဲ့ ပြင်စည်းလိုက်ရင်း . . .

"အေးကွာ ဒီနေ့ ဟော်ရမှာ စိတ်မပါလို့။ ငါ့မလဲ တစ်နေ့ တစ်နေ့ လူများတွေရဲ့ လောဘမီး၊ ဒေါသမီး၊ သောကမီးတွေ ကူးစက် ခံနေရတာကြာတော့ ညစ်လာတယ်။ ဒါကြောင့် ဒီနေ့ ဆရာအစိဌာန် ဝင်ရန်ရှိသဖြင့် ဟောခန်းပိတ်သည်ဆိုပြီး ဆိုင်းဘုတ်ချိတ်လိုက်တယ်။ အဲဒီအိမ်မှာလည်း မနေချင်၊ ကိုယ့်ရပ်ကွက်ထဲလည်း လပ်လျှား လပ်လျှားလုပ်လို့ မကောင်းတာနဲ့ ဒီဖက်ရပ်ကွက် စတေးရှောင်လာ တာ။ ဒါတောင် မင်းတို့နဲ့တိုးနေသေးတယ်"

အင်း လူများဒုက္ခတွေ၊ စိတ်ဖိစီးမှုတွေကို ပြေလျော့ပေးနေတဲ့ ပေဒင်ဆရာခမျာ သူကိုယ်တိုင် စိတ်ဖိစီးလာတော့လည်း ဒုက္ခ။ ဝင်းကိုသိုက်ကတော့ မကြည်ရင်းခွဲလေးနဲ့ . .

"ခင်ဗျားပဲ အဲဒီဒေါသ၊ လောဘ၊ သောကမီးတွေနဲ့ ထမင်းအိုး တည်နေတာပဲ မဟုတ်လား"

ပေဒင်ဆရာက ပြုံးရုံလေး ပြုံးလိုက်ပြီး

"သိန်းထောင်ချီတဲ့ကား ရောင်းမထွက်လို့ ပူနေတဲ့လူဆီက စားရတာတော့ ဘယ်အချိန်စားစား ချိုတယ်ကွ။ ထောင်ကျတော့မယ့် လူဆီက စားရတာကျတော့ ခါးတယ်ကွ။ လင်ပူ၊ သားပူတွေကျတော့ ဖန်တွတ်တွတ်နဲ့။ မရှိဆင်းရဲသားတွေဆီက စားရတာတော့ စပ်တာ ပေါ့ကွာ။ ငါ့မိန်းမ၊ ငါ့သမီးမျက်နှာကို မြင်အောင်ကြည့်ပြီး အားလုံး ရောပြီး မျိုချလိုက်တော့လည်း ချိုသွားတာပါပဲ။ တစ်ခါတစ်လေတော့ လည်း အခုလိုမျိုး အချဉ်ပေါက်တတ်တာပေါ့။ ဘာပဲပြောပြော ငါလုပ်ပေးလိုက်လို့ သူတို့ရဲ့သောကပြဒါးတိုင်ထဲက သောက[illegible]ဒီဂရီ


www.burmeseclassic.com

www.burmeseclassic.com



လောက် ကျသွားတယ်ဆိုရင်ပဲ ငါလုပ်ပေးရကျိုးနပ်တာပေါ့ကွာ"

ဒီစကားပြောလိုက်မှ ဝင်းကိုသိုက်က ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်သွားတယ်။

"ခင်ဗျားပြောတော့ သောက တစ်ဒီဂရီလောက်ကျသွားတယ်။ အခု ကျွန်တော့်မှာ ခင်ဗျားဆီလာပြီးတော့မှ ဆယ်ဒီဂရီလောက် တက်နေရပြီ"

ဗေဒင်ဆရာက စားလက်စ နန်းကြီးသုတ် ပြန်ကျသွားတယ်။

"ဟ. . ငါဘာများ ဟောလိုက်လို့တုန်း"

ဟောလိုက်တဲ့လူက မေ့တောင်မေ့နေပြီ။ အင်းလေ သူမှလဲ ဟောရတဲ့လူက နည်းမှမနည်းပဲ။ ဘယ်မှတ်ထားနိုင်ပါ့မလဲ။ ဟောတဲ့လူက လျှာဖျားလေးနဲ့ ဟောလိုက်ပေမယ့်၊ အဟောခံရတဲ့လူကတော့ မချိမဆန့် . . . ။

"ခင်ဗျားကတော့ မေ့သွားပြီပေါ့။ ခင်ဗျားပဲ ကျွန်တော့်ကောင်မလေးကို ကျွန်တော်နဲ့မညားဘူးတို့၊ ကျွန်တော့်ကိုလည်း နောက်ငါးနှစ်ကျ မိန်းမနဲ့ကွဲမယ်တို့ ဟောလိုက်တာလေ"

"ဩော်. . ဒါလား၊ ဒါက လူရင်းချင်းမို့ မြင်တဲ့အတိုင်း တည့်တည့်ဟောလိုက်တာ"

လူရင်းချင်းမို့တဲ့။ ဒီ ဗေဒင်ဆရာက ဆန်ရင်းနာနာ ဖွတ်တတ်တဲ့လူစားမျိုး ထင်ပါရဲ့။ ဒီထက် ဖွတ်ရရင်တော့ ဆန်ကွဲကနေ ဆန်မှုန့် ဖြစ်တော့မယ်။ ကျော်ဇေယျက

"ခင်ဗျားသာရင်းနေ၊ ဝင်းကိုသိုက်ကတော့ သူ့ကောင်မလေး ပုံစံပေးတာ ရေလည်လည်ခံနေရပြီ"

"ဘာ. . တွေ ဖြစ်နေလို့လဲ"

"ဘာဖြစ်နေတာနောက်ထား၊ အခုဒီကောင့်ကို ဘာလုပ်ပေးနိုင်မလဲ စဉ်းစားပေးဦး "

"ဘာဖြစ်နေတာသိမှ၊ ဘာလုပ်ပေးရမယ် ဆိုတာသိမှာပေါ့"

ငြိမ်ငြိမ်လေး ပွဲကြည့်ပရိတ်သတ်လုပ်နေတဲ့ မြမြလတ်က. .

"ဒီလိုပါ ဆရာရယ်၊ စန္ဒီမိုး . . .၊အဲ ဝင်းကိုသိုက်ကောင်မ





လေးက ဝင်းကိုသိုက်ကို သူကိုယ်တိုင် ကောင်မလေးတွေနဲ့ အတင်းမိတ်ဆက်ပေး၊ ပြီးတော့ အဲဒီကောင်မလေးတွေကို အတင်းလိုက်ခိုင်း အတင်း မင်္ဂလာဆောင်ခိုင်း၊ နောက်ငါးနှစ်ကျရင် ပြန်ကွာပြီး သူနဲ့ယူရအောင်လုပ်မလို့တဲ့"

ဗေဒင်ဆရာက တွေတွေလေးဖြစ်သွားတယ်။

"ငါ အဲဒီတုံးက အဲဒီလို ဟောခဲ့လို့လား။ မင်းကလည်း ညံ့ပါ့ကွာ။ ဖောရကိတ်နဲ့ ရောကြိတ်နေပေါ့ကွ။ ယူတယ်ဆိုတာကလည်း မင်းကိုယ်တိုင်စိတ်ပါမှ ယူလို့ရမယ့်ဥစ္စာ၊ မယူချင်မယူနဲ့ပေါ့ကွ၊ ဘာခက်တာမှတ်လို့"

ဝင်းကိုသိုက်က ဗေဒင်ဆရာကို ဘုရှိန်းရှိန်းပြီး

"ခင်ဗျားက အခုတော့ လက်လွှတ်စပယ် ပြောပြီပေါ့ မရဘူး။ ခင်ဗျား အဲဒါပြန်ရှင်းပေး။ ကျွန်တော် ကောင်မလေးကို ပြန်ခေါ်လာခဲ့မယ်။ အဲဒါ ယတြာချေလိုက်ရင် ဘယ်လိုကောင်းသွားမယ်ဆိုပြီး သွားရည်တမြားတမြားကျအောင် ဟောလိုက်၊ ပြီးရင် သူ့ဆီက ယတြာကြေး ခပ်ကြမ်းကြမ်းလေးတောင်းလိုက်၊ သူက ကြေးနည်းရင်အထင်ကြီးမှာမဟုတ်ဘူး။ ပြီးရင် ခင်ဗျားက ကျွန်တော်တို့ကို ဘိယာပြန်တိုက် မကောင်းဘူးလား"

မြမြလတ်က နှာခေါင်းလေးရှုံ့ပြီး ဝင်းကိုသိုက်ကို ကြည့်ပါတယ်။ အရေးထဲ ကိုယ့်ရည်းစားကိုယ် ဂွင်ချဲ့နေတဲ့ကောင်နဲ့ လာတွေ့နေရ သေးတယ်။ ဝင်းကိုသိုက်က သွားဖြဲလေးနဲ့ မြမြလတ်ကို လက်ကာပြလိုက်တယ်။ စန္ဒီမိုးကို ပြန်မပြောနဲ့ ဆိုတဲ့သဘော။ ဗေဒင်ဆရာကလည်း ခေါင်းခါလိုက်တယ်။

"ဟာ၊ အဲဒီလိုလုပ်လို့ မရဘူးလေ။ ငါက ပြန်ပြင်လို့ မရဘူး။ အခြား ဗေဒင်ဆရာဆီ သွားလိုက်ပါကွာ။ အကျိုးအကြောင်းလေး ပြောပြပြီး အကူအညီတောင်းပေါ့"

အင်း ဒင်းတို့ လုပ်တော့မှ ဗေဒင်ဆရာတွေလည်း နာမည်ပျက်ရတော့မှာပဲ။ ကျော်ဇေယျက ကြားထဲကနေပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း၊ ခင်ဗျားကပဲ ဗေဒင်ဆရာ တစ်ယောက်ယောက်ဆီ အကျိုးအကြောင်း စာရေးပေးလိုက်လေ"

ဗေဒင်ဆရာက ကျော်ဇေယျကို မျက်လုံးပြူးကြည့်တယ်။

"ဟေ့ကောင် ကျော်ဇေယျ၊ ဗေဒင်ဆရာတွေမှာ ဆရာဝန်တွေလို ရိုးရိုးကုတို့၊ စပယ်ရှယ်လစ်တို့ ဆိုတာမျိုးတွေမရှိဘူး။ ကိုယ်မနိုင်လို့ အထူးကုကိုလွှဲပေးတာမျိုး မရှိဘူး။ အားလုံး အထူးကုတွေ ချည်းပဲ"

"ဒါဆို ဘယ်လိုလုပ်မလဲ ခင်ဗျားကိုယ်တိုင်လည်း မလုပ်ပေးချင်။ လူများကိုလည်း မလွှဲပေးချင်"

"မင်းတို့ ကိုယ့်ဘာသာကိုယ် သွားပေါ့ကွ"

မြမြလတ်က တစ်ခွန်းဝင်ပြောလိုက်တယ်။

"အခြားဗေဒင်ဆရာတွေဆီသွားလည်း မလွယ်လှဘူးထင်တယ်။ စန္ဒီမိုးကို အခြားဗေဒင်ဆရာ လေးငါးယောက်လောက်ကလည်း ဒီအတိုင်း ဟောထားတယ်တဲ့"

အဲဒါမှ ဝွကျပြီ။ ကျသွားတဲ့ဝွ ဘယ်နား ကောက်တင်ရပါ့။ ဗေဒင်ဆရာတွေကလည်း စန္ဒီမိုးလာရင် ဒီအတိုင်းပဲဟောမယ်လို့ လက်မောင်းသွေးဖောက်ပြီး သစ္စာဆိုထားကြလား မသိဘူး။ တစ်ယောက်တစ်လေ၊ လွှဲပြောလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ။ ဉာဏ်နီဉာဏ်နက်ထွက်တဲ့ မိုးသူက ဝင်ပြီးအကြံပေးပါတယ်။

"ဒီလိုလုပ်ပါလား ဗေဒင်ဆရာ။ ခင်ဗျား မိန်းမကို လုပ်ခိုင်းပါလား။ သူကမှ ဆရာကြီးသမီးအရင်းပဲဥစ္စာ"

ဒီတစ်ခါတော့ အားလုံး စဉ်းစားသွားရတယ်။ ဗေဒင်ဆရာက လေးလေးနက်နက်စဉ်းစားပြီး အရေးကြီးတဲ့အချက်တစ်ချက်ကို ထောက်ပြပါတယ်။

"ငါ့မိန်းမကို လုပ်ခိုင်းမယ်ဆိုရင်၊ ငါတို့အဲဒီပိုက်ဆံကို ဘီယာသောက်လို့ရမှာ မဟုတ်ဘူးကွ။ သူအကုန် သိမ်းသွားမှာ"

ဪ အရေးထဲ မိန်းမကိုဘတ်ဖို့ စဉ်းစားနေရသေးတယ်။





ယောကျ်ားတွေဟာ အားလုံးအတူတူအနူနူချည်းတွေပဲ ထင်ပါ့။ ဝင်းကိုသိုက်က

"ကဲပါ ဗေဒင်ဆရာရယ်၊ ကျွန်တော်ကပဲ ဘီယာတိုက်ပါ့မယ်။ ခင်ဗျားမိန်းမကို နည်းနည်းစည်းရုံးလိုက်စမ်းပါဗျာ"

မိုးသူနဲ့ ကျော်ဇေယျတို့ကလည်း ဝိုင်းတွန်းကြတယ်။

"ဟုတ်ပါတယ် ဗေဒင်ဆရာရယ်။ ကျွန်တော်တို့လည်း ဘီယာမကစ်ရတာ နည်းနည်းကြာနေပြီ"

ဗေဒင်ဆရာက သက်ပြင်းအရှည်ကြီး ချလိုက်ပါတယ်။ သူ့ခမျာ သူ့ဘော်ဒါလေးတွေကိုလည်း ကူညီချင်၊ နာမည်လည်း ပျက်မှာကြောက်၊ ထမင်းစားနေတဲ့ပညာကိုလည်း စော်ကားမိမှာစိုး။ ဘီယာကလည်းသောက်ချင်၊ အင်း ခုမှ ခက်ပြီ။

"နေဦးကွာ ငါပြန်တွက်ကြည့်လိုက်ဦးမယ်။ မင်းတို့နှစ်ယောက် မွေးသက္ကရာဇ်တွေပြန်ပြောစမ်းကွာ"

ဝင်းကိုသိုက်က အလွတ်ရနေတဲ့ သူ့မွေးသက္ကရာဇ်နဲ့စန္ဒီမိုး မွေးသက္ကရာဇ်တွေကို ရွတ်ပြလိုက်တယ်။ ဗေဒင်ဆရာက သူ့ဘောင်းဘီအိတ်ထဲ အသင့်ပါလာတဲ့စာရွက်နဲ့ဘောပင်ထုတ်ပြီး ဇယားတွေချ၊ အကွက်တွေဆွဲ၊ ဂဏန်းတွေဖြည့်၊ တိုင်တွေထူ၊ ဒိုင်းတွေ မြားတွေ၊ ထုတ်တွေ၊လျှောက်တွေ၊တန်းတွေထည့်။ ကြမ်းခင်းနံရံ အ မိုး၊အကာ အကုန်ပြည့်စုံအောင် ချတွက်လိုက်ပြီးတဲ့ အခါမှာတော့

"ဟူး . . . ဘယ်လိုတွက်တွက်၊ အရင်အတိုင်းပဲ။ အဲဒီတော့ ငါ့မိန်းမကို ငါပြောကြည့်လိုက်မယ်ကွာ။ အိုကေတယ်ဆိုရင် ချိန်းလိုက်ကြတာပေါ့"

ဗေဒင်ဆရာလေးက ဘောပင်ချပြီး လက်အညောင်းဆန့်နေပါတယ်။ တစ်ချိန်လုံး တွက်တာချက်တာလိုက်ကြည့်နေတဲ့ မြမြလတ်က ရိုရိုကျိုးကျိုးလေးနဲ့

"ဟို ဆရာ၊ တစ်လက်စတည်း သမီးကိုလည်း [illegible] ပါလားဟင်။ ဟော ကြေးဘယ်လောက်ယူလည်း မသိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဩော် ဗေဒင်မတွက်ချင်လို့ ဟောခန်းပိတ်ပြီး ထွက်လာပါတယ်ဆိုမှ၊ အလကားတွက်ပေးရ၊ အတင်း တွက်ခိုင်းကြတဲ့လူတွေနဲ့ တိုးနေရသေးတယ်။ ဗေဒင်ဆရာလေးက လက်ကာပြပြီး

"နေပါစေ၊နေပါစေ၊ အလကားပဲ ဟောပေးလိုက်ပါ့မယ်။ ပြော မွေးသက္ကရာဇ်"

မြမြလတ်က သူ့မွေးသက္ကရာဇ်ကို တိုးတိုးလေး ပြောလိုက်တယ်။ ပြီးတော့မှ ဟိုကောင်သုံးကောင်ကို မလုံမလဲ ကြည့်တယ်။ ဗေဒင်ဆရာက ခပ်သာသာလေး ကောက်ခြစ်လိုက်ပြီး မြမြလတ်ကို တန်းတန်းကြီး ကြည့်၊ တည့်တည့်ကြီး ဟောလိုက်ပါတယ်။

"ဟောစရာ နှစ်ချက်ရှိတယ်။ ဒါပေမယ့် အလကားဟောပေးရတာဆိုတော့ တစ်ချက်ပဲဟောမယ်။ အဲဒါကတော့ ညည်းဒီတစ်နှစ်ခွဲအတွင်း ကိုယ်ချစ်ရတဲ့လူနဲ့ အိမ်ထောင်ကျကိန်း ရှိတယ်၊ ဒါပဲ"

ဗေဒင်ဆရာက လုပ်ချသွားပြန်ပြီ။ နောက်တစ်ချက်သိရဖို့ အရေး သူ့ဟောခန်းဆီ လိုက်ရဦးမှာပေါ့။ မြမြလတ်က ဗေဒင်ဆရာ ဟောချက်ကိုကြည့်ပြီး ရင်ထဲဖိုတက်သွားတယ်။ ရှက်စနိုးလေးနဲ့ ဝိုင်းထဲတလူတွေဆီ တစ်ချက်ဝေ့ကြည့်ပြီး မျက်လွှာလေး ချလိုက်ပါတယ်။ အမယ်လေး ရင်တွေခုန်လာလိုက်တာနော်။

"ကိုယ်ချစ်ရတဲ့လူနဲ့တဲ့"

မြမြလတ် ချစ်ရတဲ့သူကတော့ . . . . .။

• • • ☺ • • •





"ဟဲ့မောင်၊ ဒီ ဗေဒင်ဆရာဆီ ငါတို့ တစ်ခါလာပြီးသားလေ မောင်ရဲ့"

ဝင်းကိုသိုက် ခေါ်လာတဲ့နောက်လိုက်လာတဲ့ စန္ဒီမိုးက ဗေဒင်ဆိုင်းဘုတ်ကိုကြည့် ဝင်းကိုသိုက်ကို ပြောလိုက်တာပါ။ ဩော် ဒီကောင်မလေးနှယ်၊ ဗေဒင်ဆရာ တစ်ယောက်ဆီ နှစ်ခါများ မသွားရဘူးလို့ ဘယ်သူက ဆုံးမထားလည်း မသိဘူး။ ဝင်းကိုသိုက်က

"အေး လာဖူးတယ်။ ဒါပေမယ့် အခုသွားတွေ့မှာက ဆရာအောင်မျိုးလွင်ကို မဟုတ်ဘူး။ သူ့မိန်းမ ဆရာမဒေါ်နွယ်နွယ်တင်ဆီ။ ဆရာမကသူ့ယောကျာ်းထက် ပိုစွမ်းတယ်ဟ။ ဆရာကြီး ဦးအောင်ထွန်းစောက သူ့သမီးကို ရှယ်အကွက်တွေချည်းပဲ သီးသန့် ရွေးသင်ပေးသွားတာ။ အဲဒါ ငါတို့အကြောင်းသိသွားပြီး ကူညီမယ် ဆိုလို့။ ဆရာမက ဟောခန်းဖွင့်တာ မဟုတ်ဘူး"

"ဩော်၊ ဟုတ်လား"

ဒီတော့မှ မယ်မင်းကြီးမက ဘဝင်ကျပြီး နှစ်ယောက်သား ဟောခန်းထဲ ဝင်လိုက်ကြတယ်။ ဟောခန်းပေါက်ဝမှာ 'ဆရာ အမိဋ္ဌာန် ခြောက်ရက်ဝင်နေသည် 'ဆိုတဲ့ ဆိုင်းဘုတ်လည်း ဆွဲထားသေးတယ်။ လူများတွေ အဓိဋ္ဌာန်ဝင်တာ ၉ရက်တို့၊ ၁၈ရက်တို့၊ ၂၇ရက်တို့၊ ဒါမျိုး ကိုးနဝင်းကြေတွေပဲ တွေ့ဖူးတာ။ သူကမှ ခြောက်ဆဌင်းကြေနဲ့ လာတိုးတော့တယ်။

ဟောခန်းထဲမှာ စိမ်းစိမ်းကြီးထိုင်နေတာက ဦးအောင်မျိုးလွင်ရဲ့မိန်းမ ဆွဲခန့်ဗေဒင်ဆရာမ ဒေါ်နွယ်နွယ်တင်။ ခေါင်းဖြူးတ



www.burmeseclassic.com

www.burmeseclassic.com



ခြေဆုံးထိ တစ်ကိုယ်လုံး အစိမ်းရောင်တွေ ဆင်လို့။ အမယ် ထိုင်မသိမ်းကြီးလည်းခြုံလို့ပါလား။ ဒီဗိုင်းကတော့ ဇာတ်တော်တွေထဲ မှာတွေ့ရတဲ့ ဥစ္စာစောင့် ဒီဗိုင်းပဲ။ ဆံပင်ဖားလျားချလိုက်ရင်တော့ ကွက်တိ။ ဇာတ်တော်တွေထဲမှာ ဘီလူးမတွေ၊ ဥစ္စာစောင့်တွေကို အစိမ်းရောင်ဆင်ရမယ်လို့ ဘယ်ခေတ်ကဥပဒေနဲ့ ပြဋ္ဌာန်း လိုက်လဲမသိဘူး။ ခါတိုင်း လမ်းမှာတွေ့ရင် မဂ္ဂဆီကန် အင်္ကျီတစ် ဖားဖားနဲ့ ဖိုသီဖတ်သီတွေနေကျဆိုတော့ အရောင်ပြောင်းနေတဲ့ ဒေါ်နွယ်နွယ်တင်ကို မြင်လိုက်ရတာ ဝင်းကိုသိုက်ခမျာ မရယ်မိ အောင် အတော်သတိထားလိုက်ရတယ်။ဖားတွေ၊ ငါးတွေတင် အရောင်ပြောင်းတတ်တယ် အောက်မေ့ တာ။ လူလည်း အရောင် ပြောင်းတတ်တာကို။ ဟုတ်တာပေါ့။ ဒီခေတ် ကောင်မလေးတွေဆိုရင် ဆံပင်တွေဆိုးလိုက်၊ လက်သည်းခြေသည်း အမျိုးမျိုးဆိုးလိုက်နဲ့၊ နောက်ဆုံးမျက်လုံးတောင် အရောင်ပြောင်းလို့ ရသေး။ ဒေါ်နွယ်နွယ် တင်က မျက်လုံးစုံမှိတ်ပြီး ဥစ္စာစောင့်လေသံနဲ့ ခရီးဦးကြို ပြုလုပ်ပါတယ်။

"မောင်ငယ်နှင့် ညီမငယ်တို့ လာလော့။ ထိုင်လော့။ သင်တို့၏ အခက်အခဲများကို အစ်မတော် ကူညီအံ့"

"ခွီး ၊ခစ် ခစ်၊ ခွစ်"

ခါတိုင်း လူချင်းလမ်းမှာဆုံမိရင် 'ဟဲ့၊ ဝင်းကိုသိုက်' ဆိုပြီး လေးစိတ်ကွဲတဲ့အသံပြဲနဲ့ ပြောတတ်လူက အခုတော့ အိန္ဒြေရရ ထီးသံ၊ နန်းသံ သိုက်သံ၊ တွင်းသံတွေနဲ့ ဆိုတော့ စောစောက ဒီဗိုင်းကြည့်ပြီး ရယ်ချင်ချင်ဖြစ်နေတဲ့ ဝင်းကိုသိုက်ခမျာ လုံးဝမထိန်းနိုင်ပဲ ရယ်ချ လိုက်ပါတယ်။

"ဟဲ့"

စန္ဒီမိုးက ဝင်းကိုသိုက်ကို ဟန့်လိုက်ပါတယ်။ ဒေါ်နွယ်နွယ် တင်ကတော့ တင်းသွားတဲ့ပုံစံနဲ့ . . . .

"အိုမောင်ငယ်၊ အဘယ့်ကြောင့် ဘောက်မဲ့ရယ်ရသနည်း"





ဘောက်မဲ့တာ shampoo ကောင်းလို့ နေမှာပေါ့။ ဝင်းကို သိုက်ကတော့ ရယ်နေတာ ဘရိတ်အုပ်လို့ မရသေးဘူး။ ဟုတ်တယ် ဓါတ်သိချင်းကို မောင်ငယ်တွေ၊ ညီမငယ်တွေ လုပ်နေတော့ ဒီကကောင်က ရယ်ချင်တာပေါ့။ ရှိုးရှိုးတန်းတန်း ဟောလို့ရတာပဲ ဥစ္စာကို သူက အဆန်းထွင်ချင်နေသေးတယ်။ မဟုတ်မှလွဲရော ကိုရီးယားဇာတ်လမ်းတွဲထဲက အကြားအမြင်ဆရာမကို အားကျပြီး ရှုးရာဝတ်စုံဝတ်ထားတာ နေမှာ။ဝင်းကိုသိုက်က အရမ်းရယ်နေတော့ စန္ဒီမိုးက အားတုံ့အားနာနဲ့ . . .

"ဟဲ့မောင်၊ နင်အရမ်း ရယ်မနေနဲ့လေ။ တော်ကြာ ဆရာမ၊ အဲ အစ်မတော် စိတ်ဆိုးသွားဦးမယ်"

ဝင်းကိုသိုက်လည်း ရယ်ချင်စိတ်ကို အသာလေး ခေါက်သိမ်း ပြီး အစ်မတော်ကို နှုတ်ဆက်စကားလေး ဆိုရပါတယ်။

"အစ်ကိုတော် တစ်ယောက်ရော၊ ဟောခန်းဆီ ကြွချီမလာ ဘူးလား၊ အစ်မတော် ခွီး"

ဒီလောက် ထိန်းထားတဲ့ကြားက ရယ်သံက အဆစ်ပါသွားရ သေးတယ်။ မနွယ်နွယ်တင်တတော့ မျက်လုံးကို ခပ်စင်းစင်းမှေးရင်း

"အိမ်း- မောင်ငယ့် အစ်ကိုတော်က အိမ်တော်မှာ အဝတ် တော်လျှော်၊ အဲလေ အမိဋ္ဌာန် လုပ်နေလေရဲ့။ ကဲကဲ အချိန်လင့်မယ်။ လာရင်းကိစ္စ ဆွေးနွေးကြစို့ရဲ့"

လမ်းကြောင်းပေါ် မြန်မြန်ရောက်အောင် ဆွဲတင်ရပါတယ်။ ကြာလာရင် ကကြိုးကကြောင် ဖြစ်လာတော့မယ်။ မြန်မြန် ပွဲသိမ်းမှ ဖြစ်မယ်။ အစ်မတော်က စန္ဒီမိုးကို လက်ညှိုးထိုးလိုက်ပြီး မေးဆတ် ပြလိုက်တယ်။ ကဲပြောတော့ဆိုတဲ့သဘော။ စန္ဒီမိုးက ရှိုရှိုကျိုး ကျိုးလေးနဲ့

"ဒီလိုပါ အစ်မတော်ရယ်၊ အစ်ကိုတော်က ညီမတော်နဲ့ မောင် တော်၊ အဲ ဝင်းကိုသိုက်နဲ့ ညီမကို . ."

သပွတ်အူထဲ ကင်းခြေများဝင်သွားသလို ဘယ်အပေါက်က



www.burmeseclassic.com

www.burmeseclassic.com



နေဘယ်လို ထွက်ရမှန်း မသိတော့ဘူး။ ဒေါ်နွယ်နွယ်တင်က လက်ကာပြလိုက်ရင်း

"တော်ပြီ၊ ရပြီ ညီမငယ်၊ ဒီလောက်ဆိုရင် အစ်မတော် သိပြီ"

သိမှာပေါ့။ ကြိုညှိထားတာပဲဥစ္စာ။ ဒေါ်နွယ်နွယ်တင်က ဘေးမှာ ချထားတဲ့နံ့သာဖြူယပ်တောင်ကို ဖြန့်လိုက်ပြီး တဖျတ်ဖျတ်နဲ့ ခတ်နေလိုက်တယ်။ ပြီးမှ အာရုံယူသလို မျက်လုံးလေးမှေးစင်းစင်းနဲ့၊ အတော်လေး ကြာတော့မှ . . .

"အင်း . . . ဒီကိစ္စက လွယ်လွန်းလို့ ခက်နေကြတာ။ တစ်ကယ်ဆို ဒါမျိုးက အစ်မတော် ကိုယ်တိုင်ဝင်ပါစရာတောင် မလိုဘူး။ မောင်ငယ်နဲ့ ညီမငယ်တို့ ဘာမှမပူကြနဲ့၊ ကဲ . . ကဲ . . လာဘ်သာအရင်တင်ပေတော့ ညီမငယ်"

စန္ဒီမိုးက လက်နှစ်ဖက်ကို အသာဖြန့်ပြီး မနွယ်နွယ်တင်ရှေ့ ရိုရိုသေသေ ထိုးပေးလိုက်ပါတယ်။ အစ်မတော်က စိတ်ညစ်သွားတယ်။ လာဘ်တင်ပါဆိုမှ သူက ကိုယ့်ဆီလာဖြန့်နေသေးတယ်။ နှပ်ချေးညှစ်ထည့်လိုက်ရ မကောင်းဘဲရှိတော့မယ်။ အတော်နုံတဲ့ ကောင်မလေး။ ဒါလောက်တောင် နားမလည်ဘူး။ မပေါက်တဲ့လူကို ပေါက်အောင်ပြောရမှာ ကိုယ့်တာဝန်ဆိုတော့လည်း . . .

"လာဘ်တင်တယ်ဆိုတာ ငွေအသပြာ ပိုက်ဆံတင်ခိုင်းတာ ညီမငယ်"

အစ်မတော်က အကောင်လိုက်ပြတော့မှ စန္ဒီမိုးက အရိပ်လိုက်ထင်ပါတော့တယ်။ ဘာမှတောင် လုပ်မပေးရသေးဘူး။ ပိုက်ဆံအရင်တောင်းတော့တာပဲ။

"ဘွာတေး၊ ဟွာတေး၊ အဲဆောရီး ဘယ်လောက်တင်ရမှာလဲဟင်"

"အင်း . . နောက်ငါးနှစ်မှဖြစ်မယ့် ပြဿနာဆိုတော့ အတိုးနဲ့ တွက်ရင် အဲလေ. ယောင်လို့ ဂဏန်းငါးလုံးပေါင်းရင် ငါးဂဏန်း ပြည့်အောင် တင်ပေတော့ညီမငယ်"





စန္ဒီမိုးက နားမလည်တော့ အူကြောင်ကြောင်နဲ့ ဝင်းကိုသိုက်ကို ကြည့်ကယ်။ ဂဏန်းငါးလုံးဆိုတော့ ခု၊ ဆယ်၊ ရာ၊ ထောင်၊ သောင်း၊ ပေါင်းလိုက်ရင် ငါးဂဏန်းဆိုတော့ အလွယ်ဆုံးဆိုရင် ငါးသောင်းပေါ့။ ဒါပေမယ့် ကတ်သီးကတ်သတ် စဉ်းစားတတ်တဲ့ ဝင်းကိုသိုက်က စန္ဒီမိုးကို လက်တစ်ချောင်းတစ်ခါ လေးချောင်းတစ်ခါ ထောင်ပြလိုက်တယ်။ အဲဒီတော့မှ စန္ဒီမိုးက သဘောပေါက်သွားပြီး ပိုက်ဆံ တစ်သောင်းလေးထောင်ထုတ်ပြီး စားပွဲပေါ်တင်လိုက်ပါတယ်။ ဒေါ်နွယ်နွယ်တင်ခမျာ ရှုံ့သွားပါတယ်။ မျက်နှာပြောတာပါ။ ဟုတ်တယ်လေ။ ဒီပိုက်ဆံနဲ့ဆိုရင် ထိုင်မသိမ်းငှါးခတောင် ကြေမှာမဟုတ်ဘူး။ ဒါတောင် ထိုင်မသိမ်းက ဇာတ်ဆရာဆီကငှါးလာလို့။ အလှပြင်ဆိုင်ကငှါးရင် ဒီထက်မကပေးရမှာ။ အစ်မတော်က ခေါင်းကို ရမ်းထည့်လိုက်ရင်း. .

"လာဘ်ငယ်ရင် ရှက်ဖွယ်ပဲ မောင်ငယ်ရဲ့"

ပိုက်ဆံ ထပ်တောင်းတာတောင် ကာရံတွေ၊Rhyme တွေနဲ့။ ဥစ္စာစောင့်တွေလည်း Hip Hop သမားတွေနဲ့ ပေါင်းမိပြီထင်တယ်။ ဝင်းကိုသိုက်က စန္ဒီမိုးကို လက်နှစ်ချောင်းတစ်ခါ၊ သုံးချောင်းတစ်ခါ ထောင်ပြပြန်တယ်။ စန္ဒီမိုးက ခေါင်းညိတ်ပြီး ထပ်ထုတ်ရပြန်တယ်။ ထပ်ထုတ်လို့ မပြီးသေးခင်မှာပဲ

"လာဘ်မစုံရင် ခက်ကုန်လိမ့်မယ် ညီမငယ်"

အင်းခက်ရုံတင် မကဘူး၊ လက်ပါတုန်လာပြီ။ ပိုက်ဆံတွေကုန်မှာစိုးလို့။ ပိုက်ဆံအိတ်ထဲမှာတော့ ပါးပါးလေးပဲ ကျန်တော့တယ်။ ဒါလည်း အစ်မတော်က ကျေနပ် တော် မမူပြန်ပဲ . . .

"လာဘ်နည်းရင် တစ်သက်လွဲတတ်သတဲ့ ညီမငယ်"

ဝင်းကိုသိုက်က အစ်မတော်ကို ဘုရှုံ့ရှုံ့တယ်။ အစ်မတော်က မသိချင်ယောင်ဆောင်ပြီး မျက်နှာကို ယပ်တောင်လေးနဲ့ ကွယ်ထားလိုက်ပါတယ်။ ဒီတစ်ခါတော့ စန္ဒီမိုးက ပိုက်ဆံအိတ်ပါ သွန်ချလိုက်ပြီး

"ဒီလောက်နဲ့ပဲ ကျေနပ်ပါတော့ အစ်မတော်ရယ်။ ကျော်ကျွန့်



www.burmeseclassic.com

www.burmeseclassic.com



ကြွေးကို မနက်ဖြန်မနေ့ လာပေးလိုက်ပါမယ်။ ကျေနပ်တော်မူပါ

ဒီတော့မှပဲ အစ်မတော်က တရုတ်သိုင်းကားထဲကလို ယပ်တောင်လေးကို ဖတ်ကနဲ ခေါက်သိမ်းလိုက်ပြီး

"အင်း ပိုက်ဆံရေ့ထား၊ အဲလေ မေတ္တာရှေ့ထားပြီး ကူညီရတော့မှာပေ့ါ။ ဒီကိစ္စကို ရှေးရိုးမြန်မာ ပေါ်တင်နည်းအတိုင်း ယတြာပေးလိုက်မယ်"

ဟင်၊ လျှို့ဝှက်နည်းလည်း မဟုတ်ဘူး။ ပေါ်တင်နည်းတဲ့။ လုပ်ချလိုက်ပြန်ပြီ။ အစ်မတော်တို့က ဘယ်လိုများ ပေါ်တင်ကျပြန်ပြီလဲ မသိဘူး။

"မောင်ငယ်တို့လည်း ကြားဖူးရင် ကြားဖူးမှာပေ့ါ။ ကြက်မနဲ့ အိပ်ပြီး ယတြာချေတယ်ဆိုတာလေ။ အဲဒီတော့ မောင်ငယ်က ကြက်အရှင်တစ်ကောင်နဲ့ စတိလက်ထပ်ပြီး အိပ်ခန်းထဲ ထားရမယ်။ ခုနစ်ရက်ပြည့်ရင် နင်နဲ့ငါ ပြတ်ပြီ၊ စဲပြီဆိုပြီး ကွင်းပြင်မှာ သွားလွှတ်ရမယ်။ဒါမှ ကျိန်းကျေပြီး ပထမ အိမ်ထောင်ဆက်နဲ့ တွဲပြီးသားဖြစ်သွားမယ်"

ပြဿနာက ကိုယ့်ကိုပြန်ပတ်လာပြီ။ လူသားစစ်စစ်က ကြက်မနဲ့ အိပ်ရဦးမတဲ့။ တော်ကြာ ကြက်မနဲ့ညားပြီး မနက်မိုးလင်းတိုင်း ကိုယ်က 'အောက်အီးအီးအွတ်' ဆိုပြီး ထထတွန် နေရဦးမယ်။ ခက်တော့ ခက်ပြီ။ ဝင်းကိုသိုက်က အစ်မတော်ကို စျေးဆစ်လိုက်ပါတယ်။

"ကြက်မနဲ့ မအိပ်ပဲလူနဲ့ . . . . ၊ အား"

စကားတောင် မဆုံးသေးဘူး။ စန္ဒီမိုးရဲ့ ဆွဲဆိတ်တာ ခံလိုက်ရတယ်။ ဒီကောင်မလေး ဒီအကျင့်ပျောက်သွားပြီ အောက်မေ့တာ။ မပျောက်သေးပဲ မြုံနေတာကို။အစ်မတော်က ကုန်ပစ္စည်းတွေ စျေးတက်သွားလို့ မရောင်းရပဲ နေရင်းထိုင်ရင်း အမြတ်ထွက်နေတဲ့ တစ်ခွန်းဆိုင်ပိုင်ရှင်လို မျက်နှာထားတင်းတင်းနဲ့၊

"မရပေဘူး မောင်ငယ်၊ ဘာဖြစ်လို့လဲဆိုတော့ မောင်ငယ်က ကြက်နှစ်မှာ မွေးတဲ့အတွက် ကြက်မနဲ့ လက်ထပ်ရတာပဲဖြစ်တယ်"





ဟိုက် ဘယ်ကနေ ဒီတရုတ် ပြက္ခဒိန်က အကောင်တွေ ဝင်ရှုပ် ရတာလည်း မပြောတတ်ဘူး။ တော်သေးတာပေ့ါ ကြက်နှစ်မှာ မွေးမိပေလို့။မတော်လို့ မြွေနှစ်တို့၊ကျားနှစ်တို့၊မြင်းနှစ်တို့မှာ မွေးမိရင်တော့၊ ဘုရားဘုရား တွေးတောင်မတွေးရဲပါလား။

"ကဲကဲ ဘာများ စောဒကတက်စရာ ရှိသေးလဲ မောင်ငယ်တို့"

စန္ဒီမိုးက ခပ်သွက်သွက်နဲ့

"မရှိပါဘူး အစ်မတော် ဒီအတိုင်း လုပ်လိုက်ရင် လုံးဝအဆင်ပြေသွားမှာပေ့ါနော်"

"စိတ်ချ ညီမငယ် သေချာတယ်၊ ကဲဆက်စရာ မရှိဘူးဆိုရင် ဝိုင်းသိမ်းမယ် လက်ရှောင်"

အစ်မတော်က သူ့ရှေ့ချထားတဲ့ ပိုက်ဆံပုံကြီးကို ဖဲဝိုင်းအနိုင်ရတဲ့လူပုံစံနဲ့ အားရပါးရကြီး ကောက်သိမ်းလိုက်ပါတယ်။

"ဟိုး . . . အစ်မတော် ခဏလေး"

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"ကျောင်းသားကတ်လေး ပါသွားလို့"

စန္ဒီမိုးက ပိုက်ဆံတွေကြားထဲက ကျောင်းသားကဒ်ကို ပြန်ယူလိုက်ပါတယ်။ နှစ်ယောက်သား ပြန်မလို့ ထရပ်လိုက်ရင်း ဝင်းကိုသိုက်က အစ်မတော်ကို လှည့်ပြောလိုက်ပါတယ်။

"အစ်မတော်ရေ၊ အစ်ကိုတော်ကို ပြောလိုက်ပါဦး။ ဘာရာစီယာတော်လျှော်ပြီးသွားရင် ဘီယာတော်မြိုဆို့ရအောင် ဆိုင်ဖက်ကို ကြွတော်မူပါဦးလို့"

အစ်မတော်က မော်တောင် မကြည့်အားပါဘူး။ ပိုက်ဆံတွေကို ညီအောင်ထပ်ရင်း

"အိမ်း၊ ကောင်းပေစွ၊ မောင်ငယ်၊ ကောင်းပေစွ"



www.burmeseclassic.com

www.burmeseclassic.com


"ကတော်၊ ကတော်၊ ကတော်"

အိပ်ခန်းထဲမှာ ကတော်၊ကတွတ် လုပ်နေတဲ့ အွန်စောကို ကြည့်ရင်း ဝင်းကိုသိုက် စိတ်ဓါတ်တွေ minus ပြနေပါတယ်။ ကြုံကြုံဖန်ဖန်ဒီကြက်မကို အွန်စောဆိုပြီး ဟိုနှစ်ကောင်က နာမည်ပေး ကင်ပွန်းတပ်သွားသေးတယ်။ အင်း ဒါကြီးနဲ့ တစ်ပတ်တိတိ တစ်ခန်းတည်း အိပ်ရဦးမတဲ့။ အဖေနဲ့အမေ မသိအောင်လည်း ထားရသေး။ ဒီလောက်ရှုပ်တဲ့ဟာ တစ်ပတ်ပြည့် ရင်လွှတ်မပေးပဲ၊ ကာလသားချက် ချက်ပစ်ရမယ်၊ တော်ကြာ ကိုယ့် မိန်းမကိုယ် ဟင်းချက်စားခြင်းဆိုပြီး ဂျာနယ်ထဲ ဓါတ်ပုံထင်းထင်းကြီး ပါလာရင် ဒုက္ခ။ မဆီမဆိုင် ဟာသလေးတစ်ခု သွားသတိရသေး တယ်။

ဟိုး ကျောက်ခေတ်တုံးက သားအဖနှစ်ယောက် အမဲလိုက် ဖို့ထွက်လာသတဲ့။ လမ်းမှာ ရုပ်ချောချော၊ ခပ်တောင့်တောင့် မိန်းမတစ် ယောက်ကိုတွေ့တော့ သားအဖနှစ်ယောက် တိုင်ပင်လိုက်ကြသတဲ့။

"သားရေ၊ ဒီည ညစာ အမဲလိုက်စရာမလိုတော့ဘူး။ ဒီမိန်းမ ကို ဖမ်းခေါ်သွားပြီး ဂူထဲရောက်မှ မင်းအမေကို ချက်စားကြတာပေါ့" ဆိုပဲ ။

မိစန္ဒီတို့ မွေချက်ကတော့ ကမ်းကုန်တယ်။ ခုနှစ်ရက်ပြည့်ပြီး ရင်ကော ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးရဦးမလားမသိဘူး။ တော်ပြီ ဒီတစ်ခါ သည်းခံတာ နောက်ဆုံးပဲ။ တော်ကြာ ရှိမယ့်စုမယ့် ယောကျ်ားမာနတွေ ပျောက်ကုန်လို့ ရဲစခန်းတိုင်ချက်ဖွင့်နေရဦးမယ်။


www.burmeseclassic.com

www.burmeseclassic.com

"ကတော့၊ ကတော့၊ ကတော့"

အခန်းထဲလွှတ်ထားတဲ့အွန်စောက ဝင်းကိုသိုက်ရဲ့ ခြေဖ မိုးကို လာဆိတ်ပါတယ်။ လူဆိုရင်တော့ ဒါပူဆာတာပဲ။ 'ကိုကိုရေ Hot pot သွားစားရအောင်တို့၊ shopping ထွက်ရအောင်တို့'။ ကြက် ဆိုတော့ ဒါတွေ ပူဆာမှာတော့မဟုတ်ဘူး။ သူ့ခမျာလည်း တစ်နေ ကုန် အစာမစားရ၊ ရေမသောက်ရပဲ ခြင်းထဲနေနေရတာ။ အင်း အွန်စောလည်း ဝင်းကိုသိုက်နဲ့ညားမှ အော့ဇဝစ်အကျဉ်းစခန်းက ဂျူးတွေလို ဒုက္ခရောက်ဆိုက်ကုန်တော့တာပဲ။

"ဆောရီး၊ အွန်စောရေ"

ဝင်းကိုသိုက်က အခန်းထဲကထွက်၊ မီးဖိုခန်းထဲဝင်ပြီး အွန်စောအတွက် ဒင်နာရှာဖွေရပါတယ်။

"ဟဲ့ သား၊ ဘယ်အချိန်ကတည်းက ပြန်ရောက်နေတာလဲ၊ စောလှချည်လား"

မီးဖိုထဲမှာ ဝင်းကိုသိုက်ရဲ့ အမေ၊ ဒေါ်သွဲ့သွဲ့အေး။ အိမ်ကို ကြက်နဲ့ဝင်ရမှာဆိုတော့ အဖေအမေတွေအလုပ်က ပြန်မရောက်ခင် အရင်ဦးအောင် ပြန်လာခဲ့ရတာ။ မိသားစုတွေက အိမ်သော့တစ် ယောက်တစ်ချောင်းစီဆိုတော့ ကိုယ်ပြန်ရောက်တဲ့အချိန် ကိုယ့်ဟာ ကိုယ် ဖွင့်ဝင်ရုံပဲ။

"ဟုတ်တယ် မာမီ၊ ဒီနေ့ စောတယ်၊ ဟတ်ချိုး"

"အင်း မင်းမိုးမိလာပြီထင်တယ်"

"ဟုတ် ၊နည်းနည်းပါ"

"ဟဲ့ လာစမ်း။ ကိုယ်ပူ စမ်းကြည့်ရအောင်"

ဒေါ်သွဲ့သွဲ့အေးက သူ့သားလက်ကိုဖမ်းဆွဲပြီး နဖူးစမ်း ကြည့်လိုက်တယ်။

"အင်း၊ နွေးတေးတေးပဲ။ ဆေးကြိုသောက်လိုက်ဦး။ ညဖက် အပြင်မထွက်နဲ့တော့"

"ရပါတယ် မာမီရ၊ သား ဘာမှမဖြစ်ပါဘူး"





ပြောသာပြောရတယ်။ လူကတော့ ဖိန်းတိန်းရှိန်းတိန်းနဲ့၊ မျက်လုံးတွေ ပူပြီး နှာရည်တွေ ကျလာတယ်။ အင်းဖျားချင်တာ သေချာပြီ။ သူ့အမေပြောတဲ့အတိုင်း ဆေးကြိုသောက်ဦးမှပါပဲ။

"မာမီ သားကို ဆေးပေးပါဦး။ ပြီးတော့ ခေါက်ဆွဲခြောက် နှစ်ထုပ်လည်းပေးပါ။ ထမင်းမစားတော့ဘူး"

"မာမီ တစ်ခါတည်းပြုတ်လိုက်မယ်လေ"

"ရတယ်မာမီ၊ သားအခန်းထဲမှာပဲ ပလပ်ထိုးပြီး ပြုတ် လိုက်မယ်။ အခုမဆာသေးလို့"

"ဟဲ့၊ အစာစားပြီးမှ ဆေးသောက်နော်"

"ဟုတ်"

ဝင်းကိုသိုက်က ဆေးကတ်နဲ့ ခေါက်ဆွဲခြောက်နှစ်ထုပ် ယူပြီး သူ့အခန်းထဲ ပြန်ဝင်လာတယ်။ မိအွန်စောရှေ့မှာ ခေါက်ဆွဲခြောက် တစ်ထုပ်ဖောက်ချပြီး ချေပေးလိုက်တယ်။

"ကဲစားဟေ့ မိန်းမရေ စားစား"

အွန်စောခမျာ ဆာနေလို့ပဲလား၊ ခေါက်ဆွဲခြောက် ကြိုက် လို့ပဲလား မပြောတတ်ဘူး၊ ဆတ်ကနဲ၊ဆတ်ကနဲ အသားကုန် လွေးနေ တော့တာပဲ။ ဝင်းကိုသိုက်ကတော့ ဖိန်းတိန်းရှိန်းတိန်းကနေ ချမ်း စိမ့်စိမ့် ဖြစ်လာလို့ ကုတင်ပေါ်တက်ပြီး စောင်ခေါင်းမြီးခြုံပြီး အိပ် နေလိုက်ပါတယ်။

"ဟင်း . ဟင်း . ဟင်း . ချမ်းတယ်။ အီး၊ ဟင်းဟင်းဟင်း . . ချစ်တယ် အွန်စောရယ်၊ အဲလေ စ နို့ . . . မ . . . မိုး . . . ရယ်"

• • • ☺ • • •


www.burmeseclassic.com

www.burmeseclassic.com


မနက်ခင်းရဲ့ နေရောင်ခြည်ဟာ ပြတင်းပေါက်ကနေ ခပ်တည်တည် ဝင်လာပါတယ်။ ငှက်ကလေးတွေကလည်း စိုးစီ ကျွတ်စီနဲ့။ ကဗျာဆရာတွေစပ်ဆိုကြသလို နံနက်ခင်းကိုတေးဆို ကြိုနေတာပဲလား။ အတင်းပဲချနေတာပဲလား မပြောတတ်ဘူး။ အဲဒီအချိန်မှာ. . .

"ဒေါက်. ဒေါက်. ဒေါက်"

"ဟဲ့ သား၊ဝင်းကိုသိုက် မထသေးဘူးလား။ ကျောင်းသွားရမယ်လေ"

အထဲက ပြန်ထူးသံ မကြားရတော့ ဝင်းကိုသိုက်အမေက အခန်းတံခါးဖွင့်ပြီး ဝင်လာပါတယ်၊ ပထမဦးဆုံး တွေ့လိုက်ရတာက အပေါက်ဝတည့်တည့်မှာ ကြိုးတန်းသန်းနဲ့လဲနေတဲ့ ကြက်တစ်ကောင်။ ဘယ်ကနေဘယ်လို ဒီအခန်းထဲ ကြက်ရောက်နေရပါလိမ့်။ ဒီကောင်လေး ပေါက်ပေါက်ရှာရှာ အဆော်လုပ်။ ကုတင်ပေါ်မှာတော့ တဟင်းဟင်းနဲ့ ညည်းညူနေတဲ့ သူ့သား။ ဝင်းကိုသိုက် အမေရဲ့ အတွေးထဲ တစ်စုံတစ်ရာ ဖြတ်ကနဲ ဝင်လာတယ်။

"ဘုရား ဘုရား၊ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့"

စိုးရိမ်စိတ်တွေ အလုံးအရင်းဝင်လာပြီး အနားမှာတွေ့တဲ့ပေတံနဲ့ ကြက်ကို ထိုးကြည့်လိုက်တယ်။ သေချာသမှ သိပ်သေချာပေါ့။ ဒီကြက်တော့ လျှောသွားပြီ။ ကုတင်ပေါ်ကဝင်းကိုသိုက်က အဖျားတက်ကောင်းတုံး။

"အင်းဟင်းဟင်း . . . ချမ်းတယ် . . ချ. . ."

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ဝင်းကိုသိုက်ရဲ့ ညည်းသံ တိုးတိုးလေး။ သူ့အမေခေါင်းထဲမှာတော့ ဆယ်ပေါင်တူကြီးနဲ့ ထုထည့်လိုက်သလို ပြာဆင်းသွား တယ်။ ဒုက္ခ ငါးဆယ်သားလောက် တက်ပြီထင်ပါရဲ့။ သေနေတဲ့ ကြက်က အမွေးနှုတ်လိုက်ရင် ငါးဆယ်သားလောက်ပဲ ရှိမှာ။ အာ. . ဘာတွေတွေးနေတာလိမ့်။ ဝင်းကိုသိုက်ရဲ့အမေက ပူလောင်တဲ့ရင်ကိုပိုက်ပြီး အခန်းထဲက ပြေးထွက်သွားတယ်။

"အဖေကြီးရေ၊ အဖေကြီး၊ လုပ်ပါဦး၊ ကိုယ်ကျိုးနည်းကြပြီ ထင်ရဲ့"

ဝင်းကိုသိုက်အမေရဲ့ အော်သံအဆုံး၊ ဝင်းကိုသိုက် အဖေက အိမ်သာထဲကနေ ကမန်းကတန်း ထွက်လာပါတယ်။

"ဘာ. . . ဘာဖြစ်လို့လဲ. . . ငလျင်လှုပ်လို့လား။ ဟိုတစ်ခါ ငလျင်လှုပ်တာလဲ ဒီလို မနက်ပိုင်းကြီး . . . ပြေးပြေး၊ အပြင်ကိုပြေး"

"ငလျင်မဟုတ်ဘူး၊ ဝင်းကိုသိုက်. . . ရှင့်သား"

"ဒီကောင် ဘာဖြစ်လို့လဲ၊ မိန်းမ ခိုးသွားလို့လား၊ တောက်-ပေးစားပါမယ်လို့ သေသေချာချာ ပြောထားရဲ့သားနဲ့"

"ဟာ မဟုတ်ဘူး၊ ရှင့်သား အခန်းထဲမှာ အဖျားတက်နေတယ်။ ပြီးတော့ ဘယ်ကမှန်းမသိတဲ့ ကြက်တစ်ကောင်လည်း သေနေတယ်"

"ဘာကြက်သေ"

ဝင်းကိုသိုက်အဖေက တီဗီထဲမှာ ညတိုင်းလာနေတဲ့ ပညာပေးကြော်ငြာတွေ ပြေးမြင်ပါတယ်။ သူ့မိန်းမကို အရင် ကြည့်လိုက်ပြီး

"မင်း. . . သွားကိုင်လိုက်သေးလား"

"ဟင့်အင်း"

"အေး၊ ကိုင်ကိုင်၊မကိုင်ကိုင် ရေအရင်ချိုး၊ ခေါင်းလျှော်လိုက်ပြီးရင် တစ်ကိုယ်လုံး ဆပ်ပြာနဲ့ နှာနှာတိုက်။ ပြီးရင် အခုဝတ်ထားတာတွေလည်း လွှင့်ပစ်လိုက်။ ငါ့ကိုလည်း ပွတ်သီးပွတ်သတ်လာ



လုပ်နဲ့နော်။ ဒီညကစပြီး မင်းနဲ့ငါအိပ်ယာ ခွဲအိပ်မယ်။ ကဲ ရေသွားချိုး။ ငါ ကျန်းမာရေးဌာန ဖုန်းဆက်အကြောင်းကြားလိုက်ဦးမယ်"

"ဟင်း . . . ရှင်ဟာလေ"

ယောကျ်ားလေးများ အရေးကြုံ ကိုယ့်အတွက်ပဲ ကြည့်တတ်ကြတာ။ ဝင်းကိုသိုက်အမေလည်း ရှည်ရှည်ဝေးဝေး မပြောအားပဲ ရေချိုးခန်းထဲ ပြေးဝင်သွားတယ်။ ခါတိုင်း ဒီအချိန်မျိုးလာ ချိုးလို့ကတော့ ရန်တစ်ပွဲလောက်တော့ ဖြစ်ပြီးပြီ။ ဝင်းကိုသိုက် အဖေကတော့ သူ့သားတောင် ဝင်မကြည့်တော့ဘဲ မှတ်စုစာအုပ်လေးထုတ်။ ဟိုရှာ၊ဒီရှာလုပ် သတင်းစာတွေလည်း လှောက်ရှာရင်း ဖုန်းနံပတ်တစ်ခုကို လှမ်းဆက်လိုက်ပါတယ်။

"ဟလို-ကျန်းမာရေးကပါလား"

"------"

"ဟုတ်ကဲ့၊ ကျွန်တော်တို့အိမ်မှာ သံသယဖြစ်ဖွယ် ကြက်သေတွေ့လို့ပါ"

"------"

"ဟုတ်ကဲ့၊ ကျွန်တော့်သားလည်း အဖျားတက်နေပါတယ်။ ကြက်သေက သူ့အခန်းထဲက တွေ့တာပါ"

"------"

" မဟုတ်ပါဘူး ခင်ဗျ။ ကျွန်တော်တို့ ကြက်မမွေးပါဘူး။ လူတောင် တစ်ယောက်တည်းမွေးထားတာပါ။ အဲဒီကြက်က ဘယ်ကပါလာမှန်း မသိဘူး"

"-------"

"ဟုတ်ကဲ့၊ အိမ်လိပ်စာက -----"

ဦးမောင်မောင်သိုက်က ဖုန်းချပြီး အိမ်အပြင်ထွက်လို့ ကျန်းမာရေးဌာနကလူတွေ အလာစောင့်နေလိုက်ပါတယ်။ စိတ်ထဲမှာလည်း ဟိုနားကပဲ ယားသလို၊ဒီနားကပဲ ယားလာသလို မသိမသာနဲ့ ခေါင်းပဲ ကိုက်ပြီး ဖျားပဲဖျားချင်လာသလိုလို။


www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ ဝင်းကိုသိုက် မိဘတွေ အတော်ဒုက္ခပေးပါလား ဘာကိစ္စ လက်ယားပြီး ဒီကြက်ကြီးယူလာရတာလဲ မသိဘူး။ အခု တော့ ငါတို့ပါ အိမ်ပေါ်က ဆင်းပြေးရတော့မယ်။ ယောက္ခမအိမ် သွားနေရရင် ဒုက္ခ။ အကြောက နဂိုကတည်းက တည့်ပါဘိသနဲ့"

ဦးမောင်မောင်သိုက်က ဂနာမငြိမ် ဟိုလျှောက်၊ဒီလျှောက် နေတုန်း လူနာတင်ယာဉ် တစ်စင်းဝင်လာပါတယ်။ ကားပေါ်မှာ ပါလာတာက ကားမောင်းတဲ့လူအပါအဝင် လူငါးယောက်။ ကား မောင်းတဲ့လူက

"ဦးမောင်မောင်သိုက်ဆိုတာ . . ."

"ကျွန်တော်ပါပဲ ခင်ဗျာ"

"အထဲမှာ လူနာအပြင် ဘယ်သူရှိသေးလဲ"

"ဟို . . . ကျွန်တော့်ဇနီး"

ကျန်းမာရေးဝန်ထမ်းတွေက တစ်ကိုယ်လုံးလုံတဲ့ ပလတ်စတစ် ဝတ်ရုံကြီးတွေ ဝတ်လိုက်ကြတယ်။ မျက်နှာဖုံးတွေစွပ်၊ ခေါင်းဆောင်းတွေစွပ်၊ လက်အိတ်တွေစွပ် ပြီးတဲ့အခါမှာတော့ ဂြိုလ်သားတွေလိုလို၊ အာကာသကို ခရီးထွက်မယ့် လူတွေလိုလို ထင်ရပါတော့တယ်။ ပြီးတော့ ကိရိယာတန်ဆာပလာ အစုံအလင်နဲ့ အိမ်ထဲဝင်သွားတော့တယ်။

နိုးလာတာနဲ့ တစ်ကိုယ်လုံးကိုက်ခဲနေတာကြောင့် ဝင်းကိုသိုက်ရဲ့မျက်နှာက ရှုံ့မဲ့နေတယ်။ အဖျားကလည်း မကျသေးတာကြောင့် လူလည်းနုံးခွေနေတယ်။ အာခေါင်တွေလည်းခြောက်ပြီး ရေတွေလည်း ငတ်လို့။ ဝင်းကိုသိုက်က ကုတင်ပေါ်ကအားယူပြီး ထငေါက် တယ်။မျက်လုံးစုံမှိတ်ပြီး ရေပုလင်းရှိရာကို လျှောက်လာရင်း တစ်နေရာကို နင်းမိပြီး ဟန်ချက်ပျက်သွားတယ်။ နင်းမိတဲ့ဥစ္စာကို ကြည့်လိုက်တော့

"ဟာ ကြက်ကြီး . . ၊ဟင်သေပြီထင်တယ်"

ကြည့်ရတာ နင်းမိလို့သေတာ မဟုတ်လောက်ဘူး။ သူ့စရိတ်





နဲ့သူ ရောသွားတာပဲ ဖြစ်မှာ။ ဝင်းကိုသိုက်ရဲ့ မျက်လုံးထဲ မျက်ရည်တွေ ဝိုင်းလာတယ်။

"ဖြစ်မှဖြစ်ရလေ၊ အွန်စောရယ်"

လူပဲဖြစ်ဖြစ်၊ ကြက်ပဲဖြစ်ဖြစ်၊ စာချုပ်မှာ လက်မှတ်ထိုးထားတဲ့ မိန်းမဆိုတော့ ဝမ်းနည်းမိတာပေါ့။ နဂိုကတည်းက ဝင်းကိုသိုက်တို့က ခံစားတတ် ပါဘိသနဲ့။ အခုမှ စဉ်းစားမိတယ်။ သူခမျာ နေရင်းထိုင်ရင်း မုဆိုးဖိုဖြစ်ပါရောလား။ အင်း ကျိန်းခြေတယ်ဆိုတာ ဒါပဲ ထင်တယ်။ ဝင်းကိုသိုက်က ရေမသောက်ဖြစ်တော့ပဲ ကြမ်းပြင်ပေါ်မှာလှဲအိပ်လိုက်ပါတယ်။ တစ်ကိုယ်လုံးပူနေတဲ့ခန္ဓာကိုယ်လည်း ကြမ်းပြင်ရဲ့ အအေးဓါတ်နဲ့တွေ့တော့ နည်းနည်းနေသာထိုင်သာ ရှိသွားပါတယ်။ အလကားနေအလကား အွန်စောကို ဖက်ငိုရင်ကောင်းမလားလို့ လည်းတွေးမိသေးတယ်။ မျက်ရည်မထွက်လို့၊ နှိမ့်မိုမဟုတ်ရင် ငိုပြီး သားပဲ။

"နှမြောလိုက်တာ အွန်စောရယ်။ ဘယ်လိုလုပ်ပြီး မင်းကို ဒီအတိုင်းပစ်ရက်မှာလဲ၊ အင်း. . ဒီအတိုင်းမပစ်ဘဲ စွတ်ပြုတ်လုပ် သောက်ပစ်ရမှာ၊ ဟီး ရွှတ်"

ဝင်းကိုသိုက် အတွေးမဆုံးခင်မှာ အိပ်ခန်းတံခါးက ဝုန်းကနဲ ပွင့်သွားတယ်။

"ဟာ လူနာ ကြမ်းပြင်ပေါ် လဲနေတယ်ဟေ့။ အမြန်သယ်ကြ။ အချိန်မီ ဆေးရုံရောက်ဖို့ အရေးကြီးတယ်"

မေးကန်ဖြစ်နေတဲ့ ဝင်းကိုသိုက်ခမျာ သူ့ကို ရုတ်တရက် ဝိုင်းမပြီး ထမ်းစင်ပေါ် တင်ခံလိုက်ရလို့ မျက်လုံးဖွင့် ကြည့်လိုက်တော့၊

"ဟာ ဂြိုလ်သားတွေ"

ဝင်းကိုသိုက်ခမျာ ပလတ်စတစ်ဝတ်ရုံနဲ့ လူတွေ ရုတ်တရက်ကြီး တွေ့လိုက်ရတော့ အတော့်ကိုလန့်သွားရှာတယ်။

"မာမီရေ သားကိုကယ်ပါဦး။ သားကို ဂြိုလ်သားတွေ ဖမ်းခေါ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ၊ လူနာကယောင်ကတမ်း ပြောနေပြီဟေ့၊ မြန်မြန်"

အမယ် ဗြိုလ်သားတွေက မြန်မာလိုလည်း ပြောတတ်တယ်ဟ။ ဝင်းကိုသိုက်က ထမ်းစင်ပေါ်ကနေ ကုန်းရုန်းထလိုက်ပြီး သူ့ဘေးကဗြိုလ်သားကို အသေအချာကြည့်တယ်။ ဗြိုလ်သား မဟုတ်ဘူးဟ၊ လူတွေ။ဘာကိစ္စ ဒီပုံစံဝတ်ထားရပါလိမ့်။ ဝင်းကိုသိုက်က လေသံလေးနဲ့ မေးလိုက်ပါတယ်။

"ကျွန်တော့်ကို ဒီပေါ်တင်ပြီး ဘယ်ခေါ်သွားမလို့လဲဗျာ"

ဟိုကလည်း လေသံလေးနဲ့ပြန်ဖြေတယ်။

"ဆေးရုံ ခေါ်သွားမလို့"

လေသံလေးနဲ့ ထပ်မေးရပြန်တယ်။

"ကျွန်တော် ဘာဖြစ်နေလို့လဲဗျာ"

လေသံလေးနဲ့ ပြန်ဖြေပြန်တယ်။

"ကြက်ငှက်တုတ်ကွေး ဖြစ်နေတယ်ထင်လို့"

"ဟိုက်"

ဝင်းကိုသိုက် မျက်လုံးထဲပြာဆင်းသွားတယ်။ ကြမ်းပြင်ပေါ်မှာသေနေတဲ့ အွန်စော။ အဖျားတွေတက်နေတဲ့ သူကိုယ်တိုင်။ ဟာ သွားပါပြီဗျာ။ ဒီဘဝတော့ ဒီတင်ဆုံးပြီ ထင်ပါရဲ့။ ဝင်းကိုသိုက်ခမျာ ထမ်းစင်ပေါ်ထိုင်လိုက်နေရာက ပက်လက်လန်လဲသွား ပါတယ်။

"ဟာ၊ လူနာ သတိလစ်သွားပြီဟေ့။ မြန်မြန်ဟေ့၊ မြန်မြန် အရေးပေါ်၊အရေးပေါ်၊ ကားပေါ်တင်၊ စက်နှိုး မောင်းဆရာရေ"

လမ်းသွား၊လမ်းလာတွေကတော့ ပလတ်စတစ်ဝတ်ရုံနဲ့ လူသားတွေအပြင် မောင်းသွားတဲ့လူနာတင်ယာဉ် တစ်စင်းကို တအံ့တ[illegible] ကြည့်ကျန်ခဲ့ကြပါတယ်။

"ပီးပေါ်၊ ပီးပေါ်၊ ပီးပေါ်"

. . . ☺ . . .





"ဝင်းကိုသိုက်၊ မင်း . . . . မကြာခင် သေရတော့မယ်"

အက်ခိုးသံအပြည့် အသံနက်ကြီးနဲ့ ကြားလိုက်ရတဲ့ အသံကြောင့် ဝင်းကိုသိုက်က ကြောက်ကြောက်နဲ့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ရှေ့တည့်တည့်မှာလူသုံးယောက် ထိုင်နေတယ်။ သူတို့နောက်က နံရံမှာတော့ နီယွန်မီးချောင်းတွေနဲ့ စာရေးထားတယ်။ ပြင်ဆင်ထားတဲ့ပုံစံကတော့ နိုက်ကလပ်လား၊ ကာရာအိုကေလား မသိဘူး။ မီးရောင်စုံတွေက လင်းသွားလိုက်၊ မှိန်သွားလိုက်နဲ့။ ရေးထားတဲ့စာဖတ်ကြည့်လိုက်တော့ 'Nga Ye Pyi' တဲ့။ အသံထွက်ကြည့်ရင် Nga က ငါ၊ Ye က ရဲ၊ Pyi က ပြည်၊ င. . ရဲ. . ပြည်။ ဟိုက် ဒါဆိုရင် ဝင်းကိုသိုက် ငရဲရောက်နေတာပေါ့။

"မာမီရေ ကယ်ပါဦးဗျ၊ မာမီ အချစ်တုံးလေးက ငရဲမှာတဲ့။ ဟိုတစ်ခါ ရန်ဖြစ်တုန်းကလို ရဲစခန်းကနေ အာမခံနဲ့ လိုက်ထုတ်လို့ရရင် လိုက်ထုတ်ပေးပါဦး မာမီရဲ့"

ဩော် ဝင်းကိုသိုက်နှယ် ငရဲပြည်လာပြီး အာမခံတောင်းနေသေးတယ်။ ဝင်းကိုသိုက်က စိတ်တင်းပြီး သူ့ရှေ့ထိုင်နေတဲ့ လူသုံးယောက်၊ အဲလေ ငရဲသားသုံးယောက်ကို သေချာအောင် ပြူးပြဲကြည့်ပါတယ်။

"ဟင် ဦးမိုးဒီနဲ့ ပွင့်တို့လည်း မပါပါလား"

ဆေးစိမ်ခြင်ထောင် ကြေငြာထဲမှာတော့ ဦးမိုးဒီနဲ့ပွင့်တို့က ယမမင်းနဲ့သူ့အဆစ်စတန့်လေ။ အခုတော့ သူတို့လည်း ပင်စင်ယူသွားတာလား၊ transfer လုပ်ခံရတာလား မသိဘူး။ အဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အလယ်ကထိုင်နေတဲ့ ငရဲသားတော့ မြင်ဖူးသလိုပဲ။ ဘယ်ကြေငြာထဲကလည်း မသိဘူး။ ဟင် ဒါစန္ဒီမိုးအဖေ။ ဝင်းကိုသိုက်ယောက္ခမလောင်းကြီး။ ဘယ်ကုသိုလ်၊ ဘယ်ကောင်းမှုကြောင့် ငရဲပြည်လာပြီး ယမမင်းကြီး ဖြစ်နေပါလိမ့်။ ဘာပဲဖြစ်ဖြစ် အသိရှိတော့ ခံသာတာပေါ့။ လူ့ပြည်တုံးက ကွယ်ရာစော်ကားမော်ကားပြောခဲ့တာ ဘွာတေး၊ ဆောရီး၊ ပီယညောပါပဲ ယောက္ခထီးကြီးရယ်။ စိတ်မဆိုးဘူး မဟုတ်လားလို့ ယမမင်းကြီးက အေးစက်စက်နဲ့

"ဝင်းကိုသိုက်"

"ခင်ဗျာ"

ဝင်းကိုသိုက်ရဲ့ အသံက ညောင်နာနာ။

"မင်း. . . မကြာခင် သေရတော့မယ်"

"အမလေး ယမမင်းကြီးရယ်၊ မသေပါရစေနဲ့ဦး။ ကျွန်တော် မိန်းမတောင် မရသေးပါဘူး ယမမင်းကြီးရယ်၊"

"တော်စမ်း၊ ဒီနေရာဟာ ဘယ်နေရာလဲဆိုတာ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဟို နိုက်ကလပ်၊ အဲလေ. . ငရဲပြည်ပါ"

"အေး၊ ငရဲပြည်ရောက်ရင် အရင်ဆုံး စစ်ကြောရေးလုပ်ရတာက လူ့ပြည်မှာ မင်းဘာကောင်းမှုတွေ လုပ်ခဲ့လဲဆိုတာပဲ။ ကဲပြောစမ်း မင်း ဘာကောင်းမှုတွေလုပ်ခဲ့လဲ"

ဝင်းကိုသိုက်က ခေါင်းကုတ်ပြီးစဉ်းစားရတယ်။ ယမမင်းကြီး မျက်နှာကို မြင်လိုက်တော့မှ . . .

"ဟို ယမမင်းကြီးရဲ့သမီး စန္ဒီမိုးနဲ့ ရွှေတိဂုံဘုရားပေါ် နှစ်ယောက်ပေါင်း သက်စေ့အပတ်လေးဆယ်တိတိ ပတ်ပြီး ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့ဖူးပါတယ်။ မယုံရင် စန္ဒီမိုးကိုမေးကြည့်ပါ ယမမင်းကြီးရယ်"

"တိတ်စမ်း၊ သူပြောတာ ဟုတ်မဟုတ် လူ့ပြည်ကို e-mail ပို့ပြီး မေးကြည့်စမ်း"





ယမမင်းကြီးရဲ့ ညာဖက်ဘေးက ယမမင်းလေးက lap top လေးဖွင့်ပြီး ဟိုနှိပ် ဒီနှိပ်ကြည့်ရင်း

"connection ကျနေတယ်။ e-mail ပို့လို့မရဘူး"

"စောစောတုံးကတောင် ကြေငြာမင်းသမီးလေး ဟိုဥစ္စာတောင် ကြည့်နေသေးတဲ့ဟာ"

"နောက်တစ်မျိုး စမ်းကြည့်မယ်။ အဲ၊ ရပြီ ရပြီ"

ဂျူနီယာယမမင်းက လက်ကွက်တွေ တဖြောင်းဖြောင်းရိုက်ပြီး လူ့ပြည်နဲ့အဆက်အသွယ်လုပ်နေပါတယ်။ ခဏကြာတော့မှ ယမမင်းကြီးဖက်လှည့်ပြီး

"လူ့ပြည်က Report ထဲမှာတော့ သုံးဆယ့်ကိုးပတ်ထဲပတ်ပြီး သူ့ကောင်မလေးကို အပတ်လေးဆယ်ဆိုပြီး မရမက ငြင်းခဲ့တယ်တဲ့"

"ကျွတ် တစ်ပတ်လေးနဲ့ကွာ"

ယမမင်းကြီးက စိတ်မကောင်းသလို ပြောလိုက်တယ်။ ဝင်းကိုသိုက်ကတော့ ခေါင်းလေးငိုက်စိုက်ချပြီး

"ဒီလိုမျိုးတွေဖြစ်လာမယ်မှန်း မသိလို့ပါ ယောက္ခမကြီး အဲလေ ယမမင်းကြီးရယ်၊ ကျွန်တော်မျိုးသေသင့်ပါတယ်။ အဲမသေသင့်ပါဘူး၊ တောင်းပန်ပါတယ် ယမမင်းကြီးရယ်၊ ကျန်တဲ့တစ်ပတ်ကို အခုပဲ သွားပတ်လိုက်ပါ့မယ်။ ကျွန်တော့်ကို လူ့ပြည်ပြန်ပို့ပေးပါနော်"

ယမမင်းကြီးက သက်ပြင်းချလိုက်ရင်း

"အခုမှ လုပ်လို့မရတော့ဘူး။ မင်းလုပ်ခဲ့တဲ့ ကုသိုလ်က ငရဲလည်း ချမရ၊ နတ်ပြည်လည်း တင်မရနဲ့။ ကဲပါလေ၊ ဒီတော့မင်းကို ဒီငရဲပြည်မှာပဲ အလုပ်သင်ငရဲသား ခန့်ရတော့မှာပဲ။ ကဲ မင်း ကွန်ပျူတာရိုက်တတ်လား၊ အင်တာနက် သုံးတတ်လား။ အင်္ဂလိပ်စာ 4 skills လုံးရလား"

ဩော် ငရဲပြည်မှာ အလုပ်လျှောက်လည်း ဒါတွေတတ်ဆ[illegible] လိုတာကိုး။ ဘာပဲဖြစ်ဖြစ် ငရဲကျမှာထက်စာရင် ငရဲပြည်မှာအ[illegible] ရတာက နည်းနည်းတော်ဦးမှာပေါ့။ ဝင်းကိုသိုက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ ရပါတယ်။ ယမမင်းကြီးရယ်။ ဒါနဲ့ အောက်ဆိုတ် ရောရှိရဲ့လားဟင်”

ဘယ်ဘက်က ယမမင်းအဆစ်စတန့်က နှာခေါင်းရှုံ့ရင်း

“အေး အောက်ဆိုက်လည်း ရှိတယ်။ OTလည်း ရှိတယ်။ ကမ္ဘာပေါ်မှာ စစ်ပွဲတွေ၊ အန္တရာယ်တွေ တဖြည်းဖြည်းများလာတော့ နေ့ရောညပါ သေတဲ့လူတွေများလာတယ်။ ဒါကြောင့် အချိန်ပို နေ့တိုင်းဆင်းနေရတယ်။ အောက်ဆိုက်ကတော့ သေတဲ့လူတွေဆီက ကူတို့ခကို တစ်ယောက်တစ်မတ်နှုန်းနဲ့တွက်။ ပိုတာကို ဖြတ်ရိတ်ရုံပဲ။ စာရင်းလည်း မမှားစေနဲ့။

ဝင်းကိုသိုက်က ဝမ်းသာအားရဖြစ်သွားတယ်။ ဒီခေတ်ကြီးထဲ အကြွေမှမရှိတော့တာ။ ကုတို့ခထည့်ပေးတာတွေက တစ်ရာတို့ နှစ်ရာတို့ ဖြစ်ကုန်ကြပြီ။ ကြုံရင်လူပြည် လှမ်းအကြောင်းကြားဦးမှပဲ။ မင်းတို့ အပိုထည့်ပေးလည်း ဘာမှမထူးဘူး။ငါတို့ ဖြတ်ရိတ်တာပဲလို့။ အဲလေ၊ တော်ကြာ ကိုယ့်ခွင်လေးပါ ပျောက်ကုန်ဦးမယ်။ ယမမင်းကြီးက

“ကဲ ထုံးစံအတိုင်း Interview ရဦးမယ်”

“ဟင် ဗျူးဦးမှာလား”

ဝင်းကိုသိုက်က စိတ်ညစ်သွားတယ်။ ဒါပေမယ့် ဝင်းကိုသိုက်ပဲဟာ၊ အံလယ်က ယမမင်းကြီးကို မျက်စပစ်ပြီး မသိမသာလေးခေါင်းညိတ်ပြလိုက်တယ်။ ဒါ ညာညိုလိုက်တဲ့သဘောပဲ။ယမမင်းကြီးကလည်း ပေါက်ပြီးသား၊ မပေါက်ပဲ နေမလား။ လူပြည်က သူခိုး၊ ဂျပိုး၊ လူဆိုး၊ လူလည်တွေချည်းပဲ ငရဲပြည် ရောက်လာတဲ့ဥစ္စာ။ ဒီကောင်တွေထက်မှမလည်ရင် ယမမင်း လုပ်စားလို့ဘယ်ရမလဲ။ ဒီကောင်လေး ကြည့်ရတာ အရင်ကောင်တွေထက်စာရင် နည်းနည်းရိုးသားပုံရတယ်။ ဒါကြောင့်လည်း ယမမင်းကြီးက ဝင်းကိုသိုက် ဖြေနိုင်အောင် မေးခွန်း လွယ်လွယ်လေးတွေချည်းပဲ မေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

“အဲ့ကော၊ Interview စပြီ။ ပထမမေးခွန်း။ ဆင်ကို





ရေခဲသေတ္တာထဲ ဘယ်လိုထည့်မလဲ”

“ဟင်”

ဘာတွေလာမေးနေပါလိမ့်။ မေးပါတော့လား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် နာမည်တို့။ ဆာအဲလက်ဖာဂူဆန်ရဲ့ မိန့်ဆိုချက် ၁၀ချက်တို့။ ဂျနီဖာလိုပက်ဇ်ရဲ့ ခန္ဓာကိုယ်အတိုင်းအတာတို့။ ပရီးမီးယားလိဂ် အကြောင်းတို့။ အခုတော့ ။ ဝင်းကိုသိုက်လည်း ထင်ရာမြင်ရာတွေ လျှောက်ဖြေလိုက်တယ်။

“ဆင်ကို အပိုင်းပိုင်းခုတ်ထစ်ပြီးထည့်မှာပေါ့”

“ငတုံး၊ ရေခဲသေတ္တာကို ဖွင့်ပြီးထည့်မှာပေါ့ကွ”

ဟင် ဒါတော့ သူပြောမှလား။ ရေခဲသေတ္တာကိုမဖွင့်ပဲ ဘယ်လိုလုပ်ထည့်မှာလဲ။ ကလေးတောင်သိတဲ့ဥစ္စာ။ ပြန်ပြောမယ် အလုပ် ဒုတိယမေးခွန်း ဝင်လာတယ်။

“သစ်ကုလားအုတ်ကို ရေခဲသေတ္တာထဲ ဘယ်လိုထည့်မလဲ”

ဒီတစ်ခါတော့ ဝင်းကိုသိုက်တို့က နပ်သွားပြီ။

“ရေခဲသေတ္တာဖွင့်ပြီး ထည့်မှာပေါ့ဗျ”

“ငအ”

“ဟင်”

“ရေခဲသေတ္တာထဲမှာ ဆင်တစ်ကောင်လုံး ရှိနေတာ ဘယ်လိုလုပ် ထည့်လို့ရမှာတုံး၊ ရေခဲသေတ္တာကိုအရင်ဖွင့်၊ ဆင်ကိုထုတ်ပြီးမှ သစ်ကုလားအုတ်ကို ထည့်လို့ရမှာပေါ့ကွ။ လာပြီ third question +’

ဒုတိယတစ်ချီလည်း ဖြောင့်လက်သီးစာမိသွားပါတယ်။ လူတော့ ကြိုးဝိုင်းထောင့်ကပ်နေပြီ။ ဟိုက မေးခွန်းစလာတယ်။

“တောဘုရင်ခြင်္သေ့မင်းက တိရစ္ဆာန်အားလုံးကို အစည်းအဝေးတက်ဖို့ ဖိတ်ခေါ်လိုက်တယ်။ တိရစ္ဆာန်အားလုံး ရောက်လာပေမယ့် တိရစ္ဆာန်တစ်ကောင်ကတော့ ရောက်မလာဘူး။ အဲဒါ ဘယ်တိရစ္ဆာန်လဲ”



www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းက စဉ်းစားရကျပ်တယ်။ ဝင်းကိုသိုက်က ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း

"ဟာ ဘာတွေလာမေးနေမှန်းမသိဘူး။ ရောက်မလာတဲ့တိရစ္ဆာန်က ယုန်ဖြစ်မှာပေါ့။ ပုံပြင်ထဲမှာ ယုန်ကလေးနှာစေးနေတယ်ဆိုပြီး ခြင်္သေ့မင်းကို ဘိုင့်ဘိုင့် လုပ်သွားတာလေ။ ဟုတ်တယ်မလား"

ယမမင်း စီနီယာ၊ ဂျူနီယာအားလုံးက ပြိုင်တူခေါင်းခါပါတယ်။ စီနီယာကြီးက

"ငနုံ၊ ရောက်မလာတဲ့တိရစ္ဆာန်က သစ်ကုလားအုတ်ကွ။ ရေခဲသေတ္တာထဲမှာ ပိတ်မိနေတော့ ဘယ်လာလို့ရမလဲ"

"သေပဟ"

"ကဲ နောက်ဆုံးမေးခွန်း၊ တောအုပ်ထဲကချောင်းမှာ မိချောင်းတွေ ကျက်စားနေကြတယ်။ မင်းကလည်း အဲဒီချောင်းကိုဖြတ်ချင်တယ်။ ရေလည်းကူးတတ်တယ်။ အဲဒါ မိချောင်းစာမဖြစ်အောင် ဘယ်လို ဖြတ်ကူးမလဲ"

ရှုးချင်လာပြီနော်။ ငရဲပြည်မှာ စိတ်ကျန်းမာရေးဆေးရုံကော ရှိရဲ့လား မသိဘူး။ ဝင်းကိုသိုက်က စိတ်နှလုံးဒုံးဒုံးချလိုက်ပြီး

"ပုံပြင်ထဲမှာတော့ မျောက်က မိချောင်းတွေကိုလှည့်ဖျားပြီး အားလုံးတန်းစီခိုင်း ကျောကုန်းပေါ်ကနေ နင်းသွားတာပဲ၊ ဟုတ်တယ်မလား"

ဝင်းကိုသိုက်က အကိုးအကားနဲ့ဖြေလိုက်ပေမယ့်လည်း

"ငဒူ၊ မင်းအဖြေ တစ်ခွန်းမှမမှန်ဘူး။ မိချောင်းတွေက ခြင်္သေ့မင်း အစည်းအဝေး သွားတက်နေတော့ ချောင်းထဲမှာ တစ်ကောင်မှ မရှိ တော့ဘူး။ မင်းဘာသာ ပက်လက်ပဲကူးကူး၊ လက်ပစ်ပဲကူးကူး၊ ကူးလို့ရတယ်။ တောက် ဒီလောက်နုံတဲ့ကောင် ဘယ်လိုဖြစ်ပြီး ငရဲပြည် ရောက်လာပါလိမ့်။ ဒီကောင့်ကို အလုပ်ခန့်လို့မဖြစ်ဘူး။





လူ့ပြည်ရောက်အောင်သာ ကန်ထုတ်လိုက်ပေတော့။ ကဲ သွားရော လဟယ်"

"အမယ်လေး သေပါပြီ၊ ယောက္ခမကြီးရဲ့"

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး သေပါပြီ၊ ယောက္ခမကြီးရဲ့"

"ဟော၊ဟော လူနာသတိရလာပြီ"

ဝင်းကိုသိုက်က မျက်လုံးပေကာလယ်၊ ပေကာလပ်နဲ့ အားယူပြီး ဖွင့်ကြည့်လိုက်တယ်။ စစချင်း မြင်လိုက်ရတာက ဂျုလ်သားတွေ။ အဲလေ၊ ပလတ်စတစ်ဝတ်ရုံကြီးတွေနဲ့ လူသားတွေ။ ပခုံးပေါ် နားကျပ်တင်ထားတဲ့တစ်ယောက်က သူ့နှာခေါင်းစည်းကို ဆွဲခွာလိုက်ပြီး

"အလကား၊ ဒီလူနာက ဘာကြွက်၊ဘာငှက်တုပ်ကွေးမှ မဟုတ်ဘူး။ အကြောက်လွန်ပြီးမေ့နေတာ၊ သက်သက်မဲ့ လူတွေအလုပ်ရှုပ်အောင်။ တကတည်း သတိရလာတာတောင် အဖေအမေမတပဲ ယောက္ခမတနေသေးတယ်။ တဲ I.C.U ကနေ ရိုးရိုးခန်းပြောင်းပေးလိုက်။ recover ဖြစ်အောင် ဆေးရုံမှာ တစ်ရက်ထားလိုက်ဦး"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆရာဝန်ကြီးက ဝင်းကိုသိုက်နားက ထွက်သွားပါတယ်။ သူ့လက်ထောက်တွေရော၊ သူနာပြုတွေပါ လိုက်သွားကြတယ်။ အခုမှပဲ ဝင်းကိုသိုက်ခမျာ အသက်ဝအောင် ရှုရဲပါတော့တယ်။

"မာမီရေ၊ မာမီအချစ်တုံးလေး မသေတော့ဘူး မာမီရဲ့"

ဝင်းကိုသိုက် တစ်ကိုယ်လုံး ဖိန်းတိန်းရှိန်းတိန်းနဲ့ ရေခိုးရေငွေ့တွေ ခြေဖျားကနေမျက်နှာအထိ တဖြည်းဖြည်း ဖုံးလွှမ်းလာသလိုမျိုး ခံစားလိုက်ရပြီး၊ ခေါင်းထဲမှာ လင်းကနဲတစ်ချက်ဖြစ်ကာ၊ တစ်ကိုယ်လုံး ပေ့ါပါးသွားတော့တယ်။ နောက်ဆုံးကြားလိုက်ရတဲ့အသံက

"ဟာ ဆရာကြီး၊ လူနာဝမ်းသာလုံးဆို့ပြီးသတိပြန်လစ်သွားပြီ"

ဟုတ်ပါရဲ့။ ဝင်းကိုသိုက် မေ့သွားတဲ့ပုံက ပြုံးပြုံးကြီး။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်နာတယ်။ ဒီ စန္ဒီမိုးဆိုတဲ့ဟာမကို လုံးဝစိတ်နာတယ်။ ဒါတွေအားလုံး ဒင်းကြောင့်။ ငါတစ်ခုခု ဖြစ်သွားလို့ကတော့ ဒင်းကို မသေမရှင်လေးလုပ်ပြီး ရေခဲရိုက်ပစ်မယ်၊ စိတ်နာတိုင်း ဒင်းကို ရေခဲထဲကဖော်ဖော်ပြီး နှိပ်စက်ပစ်ရမယ်"

ဆေးရုံ သီးသန့်ခန်းလေးမှာတော့ ဒေါသပွနေတဲ့ ဝင်းကိုသိုက်။ သူ့ခများအခု ပုဂ္ဂလိကဆေးရုံတစ်ခုမှာ အတွင်းလူနာဖြစ်နေပါတယ်။ လူဆိုတာ သေမျိုးချည်းပဲတဲ့၊ ဒါပေမယ့် သေမှာလည်းအတော် ကြောက်တဲ့အမျိုးပါ။ အဲဒီအထဲမှာမှ ဝင်းကိုသိုက်က top-ten ထဲဝင်လောက်မယ်ထင်ရဲ့၊ ဘယ်သောက်များ ကြောက်တတ်လိုက် သလဲဆိုရင် ဒုတိယအကြိမ်မြောက် သတိလစ်ပြီး သတိပြန်လည်လာ ချိန်မှာ အောက်ပိုင်းချိချင်သလို ဖြစ်ကျန်ခဲ့တယ်။ ဒါကြောင့် ဟိုဆေး ရုံကဆင်းပြီး ပုဂ္ဂလိကဆေးရုံပြောင်းလာခဲ့တာပါ။ စိတ်ထဲမှာလည်း စန္ဒီမိုးကို အတော်စိတ်နာနေမိတယ်၊

"တော်ပြီ ဒီမိန်းမ ဆက်တွဲနေရင် ဒင်းအမျိုးမျိုးနှိပ်စက်တာနဲ့ ငါ သက်ဆိုးရှည်မှာမဟုတ်ဘူး။ ဒီဘဝဒီမျှသာပဲ စန္ဒီမိုးရေ"

ဝင်းကိုသိုက်က ခေါင်းအုံးကိုမျက်နှာပေါ်အုပ်ပြီး စဉ်းစား နေမိပါတယ်။ စန္ဒီမိုးတစ်ယောက်လည်း ဝင်းကိုသိုက်ဆေးရုံတက်နေ တုန်း ပျောက်ချက်သားကောင်းလှတယ်။ အင်း အရေးကြုံတော့ စိတ်ဓါတ်လေးသိရတာပေါ့။ သူနဲ့ သုံးနှစ်ကြီးများတောင် ချစ်မိကြိုက်မိတာ အချိန်တွေ နှမြောသေး။ ဝင်းကိုသိုက်က မျက်နှာပေါ်ကခေါင်းအုံးကို ခွာချ လိုက်တယ်။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့နိုးလာပြီလား"

ဝင်းကိုသိုက် လှည့်ကြည့်လိုက်တော့ သူ့ဘေးရောက်နေတဲ့ မြမြလတ်။ ခြင်းတောင်းလေးဆွဲလို့။ မြမြလတ်က ဆေးရုံဗီရိုလေးပေါ် ခြင်းတောင်းတင်လိုက်တယ်။ ဝင်းကိုသိုက်က မြမြလတ်ကိုကြည့်ရင်း

"နင်တစ်ယောက်တည်းလား"

"အေး၊ တစ်ယောက်တည်းပဲ။ နင့် စန္ဒီမိုးကတော့ နင်မြန်မြန်နေကောင်းလာအောင်ဆိုပြီး ဘုရားမှာယတြာသွားချေလေရဲ့။ ပြီးတော့ နင့်အသက်အန္တရာယ်ကင်းအောင်ဆိုပြီး အမိဋ္ဌါန်ကိုးရက် ဝင်ရဦးမယ်ဆိုပြီး ဗေဒင်ဆရာကပြောလိုက်လို့ အမိဋ္ဌါန်ပါဝင်နေတယ်။ အဲဒါကြောင့် နင့်ဆီကိုမလာနိုင်သေးဘူး"

ဟင်း၊ အလုပ်မရှိအလုပ်ရှာလို့၊ ဒါမလာချင်လို့ တမင်မင်သက်သက် ဗေဒင်တွေ၊ ယတြာတွေ၊ အမိဋ္ဌါန်တွေ အကြောင်းပြတာ နေမှာပေ့ါ။ တကယ်ဆို ကိုယ့်ရည်းစားက ဆေးရုံတက်နေရတာ၊ ကိုယ်တိုင်ကိုယ်ကျလာပြီး ပြုစုပါတော့လား။ ဒါတွေလျှောက်လုပ်လို့ သူ့ကို ကျေးဇူးတင်မယ်များ ထင်နေသလားမသိဘူး။ ဟုတ်တယ်၊ အဆက်ဖြတ်ပစ်တာပဲ ကောင်းမယ်။ မြမြလတ်က

"ဟဲ့ ဝင်းကိုသိုက်၊ နင်ဘာစားပြီးပြီလဲ။ ငါနင့်အတွက် ဖက်ထုပ် ပြုတ်ယူလာတယ်"

"ဘာမှ မစားရသေးပါဘူးဟာ။ ဘာမှလည်း စားချင်စိတ်မရှိဘူး။ ငါတစ်ခု စဉ်းစားမိတယ်သိလား။ လူတွေ အရမ်းကြောက်ပြီးသွားရင် ခန္ဓာကိုယ်ထဲမှာ ဆိုဒီယမ်ကလိုရိုက်တွေ အရမ်းနည်းသွားတာလား များသွားတာလား မသိဘူး။ ဘာစားစား ပေါ့ရွတ်ရွတ်နဲ့။ ဒီနေ့မနက် ဆားတစ်ကော်လောက် လျှာပေါ်တင်ပြီး လျက်တာတောင်မငန်ဘူး ဖြစ်နေတယ်"

မြမြလတ်က ဟက်ဟက်ပက်ပက် ရယ်လိုက်ပါတယ်။

"နင်ကလည်း ကြောက်တတ်လိုက်တာလွန်ရော။ စိတ်မပူပါနဲ့ဟာ။ တစ်ပတ်လောက် ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်





လိုက်ရင် ပုံမှန်ဖြစ်သွားမယ်လို့ ဆရာဝန်က ပြောသွားသားပဲ"

"အောင်မာ နင်ကရော သေမှာမကြောက်တာ ကျနေတာပဲ။ တစ်ခါတည်း သေသွားရင်တောင် ဒီလောက်ကြောက်မှာမဟုတ်ဘူး"

"ဩော် သေသွားမှတော့ ဘာသိတော့မှာလဲဟ၊ ကဲပါ နင်ဖက်ထုပ် စားမှာလား"

"အေး စားတာပေ့ါဟာ"

"ကဲဒါဖြင့် ကုလားထိုင်ပေါ် ပြောင်းထိုင်လိုက်"

ဝင်းကိုသိုက်က ကုတင်ပေါ်ကနေ ကုလားထိုင်ပေါ် ပြောင်းထိုင်လိုက်တယ်။ မြမြလတ်က ဝင်းကိုသိုက်ကို ဘေးကနေ တွဲပေးတယ်။ ဝင်းကိုသိုက်ရဲ့ နှာခေါင်းထဲ မြမြလတ်ရဲ့ကိုယ်သင်းနံ့နဲ့ ရောနေတဲ့ မွှေးအီလတ်ဆတ်တဲ့အနံ့လေး ရှိုက်နေပါတယ်။ နေမကောင်းပြီးကတည်းက အာရုံခြောက်ပါးစလုံး ခန်းခြောက်နေတာ ဒါပထမဦးဆုံး အာရုံနိုးကြားမှုပဲ။ နှာထတယ်ဆိုတာ ဒါကိုပဲ ပြောတယ်ထင်ရဲ့။ မဟုတ်မှလွဲရော အာရုံခြောက်ပါးထဲမှာ sensitive အဖြစ်ဆုံးကဂန္ဓာရုံ(အနံ့ခံအာရုံ)ပဲ ဖြစ်မယ်ထင်တယ်။ တိရစ္ဆာန်အမတွေဟာ သူတို့ရဲ့သားသမီးကို အနံ့ခံပြီး သိကြတယ်ဆိုပဲ။ မွေးကင်းစကလေးငယ်တွေဟာလည်း ကိုယ့်မိခင်ကို အနံ့နဲ့အရင်ဆုံး မှတ်မိကြသတဲ့။ ဒါကြောင့်မို့ ငယ်စဉ်ကတည်းက မိခင်ကွယ်လွန်သွားတဲ့လူတွေက အမေ့မျက်နှာကို မမှတ်မိလိုက်ပေမယ့် အမေ့ကိုယ်နံ့တော့မှတ်မိသလိုပဲလို့ ပြောတတ်ကြတာ။

"နင်ဘာတွေ လိမ်းလာတာလဲ မြမြလတ်"

ဝင်းကိုသိုက်က မနေနိုင်၊မထိုင်နိုင်မေးလိုက်ပါတယ်။ မြမြလတ်က ရှက်သလိုလေးဖြစ်သွားတယ်။ ဟင်း . . ပြောတော့ နေမကောင်းဘူးတဲ့၊ အလကားလူရှုပ်။

"ငါ့ဘာသာ ဘာလိမ်းလိမ်းပေ့ါဟဲ့"

ကောင်မလေးက နည်းနည်းလောက်တော့ မူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်းပါဟာ၊ နင်ကလည်း ကိုယ်ချင်းကိုယ်ချင်းတွေပဲဟာ။ ငါ့နှာခေါင်းထဲ ဘာအနံ့မှမရတာ အတော်ကြာနေပြီ။ ဆေးနံ့တွေချည်းပဲ နှာခေါင်းထဲစွဲနေတာ။ အခုမှ နင့်ဆီက အမွှေးနံ့ကို စရတာ။ ပြောစမ်းပါဟာ၊ ဘာလိမ်းထားတာလဲ"

ကောင်မလေးက မျက်လွှာလေးအောက်ချပြီး မပွင့်တပွင့် ဖြေရှာတယ်။

"ဖောင်ဒေးရှင်း မိတ်ကပ်ရည်ခံပြီး နံ့သာဖြူနဲ့သနပ်ခါး ရောလိမ်းလာတာ"

"တကယ်မွှေးတယ်ဟာ။ ခါတိုင်းရော နင်ဒီလိုပဲ လိမ်းတာလား"

ဝင်းကိုသိုက်က နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်နေပါတယ်။ ဒင်းက အခုမှ နှာပွင့်သွားတာပေါ့။ တစ်ခါရှူတစ်ထောင်ဆိုပြီး ပိုက်ဆံတောင်းရင် ကောင်းမယ်ထင်တယ်။ မြမြလတ်မျက်စောင်းလေး မသိမသာထိုးခဲ့ပြီး စားပွဲပေါ်က ပန်းကန်ထဲကို သူယူလာတဲ့ ဖက်ထုပ်ပြုတ်တွေ စောင်းထည့်နေတယ်။ ပြီးမှ ငရုတ်ကောင်းဘူးလေးထုတ်ပြီးဖြူးနောက် ကြက်သွန်မြိတ် ရိတ်ရိတ်လေး လှီးထားတာကို ဖြူးပေးလိုက်တယ်။ နောက်ဆုံးကျမှ ဆီချက်ခတ်ပေးလိုက်ပြီး ဇွန်းတပ်ပေးလိုက်တယ်။ ဝင်းကိုသိုက်ခမျာ တံတွေးကို ဂလုကနဲမြည်အောင် မျိုချလိုက်ရတယ်။ ဒါတောင်သွားရည် တစ်စက်နှစ်စက်တောင် ကျသွားသေးတယ်။

"ဟာ ရှယ်ပဲ။နင်က တစ်ခါတည်းလုပ်လာခဲ့ရင် ပြီးတဲ့ဥစ္စာတို့"

မြမြလတ်က အသာလေး ပြန်ငဲ့ကြည့်ရင်း . .

"ငါစာအုပ်တစ်အုပ်ထဲက ဖတ်ဖူးတယ်။ လူတွေက အစားအသောက်တွေကို အရင်ဆုံး မျက်လုံးနဲ့စားတာတဲ့။ ပြီးတော့ စားသောက်တဲ့လူဆီ တစ်ခါတည်းပြင်ဆင်ပြီး ယူလာတာထက် သူ့ရှေ့မှာ ပြင်ဆင်ပေးတာက ပိုပြီး စားချင်သောက်ချင်စိတ်ကို ဖြစ်စေသတဲ့။





အခုနင်က ခံတွင်းပျက်နေတာ မဟုတ်လား"

"အင်း ၊နင် သိပ်အလိုက်သိတတ်တာပဲ"

ဝင်းကိုသိုက်က ဖက်ထုပ်တစ်ဇွန်း ခပ်သောက်လိုက်တယ်။ အိုး. . ဂွတ်၊ရှယ်. . ဂွတ်။ ကောင်းလှချည်လား ဒေါင်းမြကြည်ရယ်။ မွေးကတည်းက အခုအချိန်ထိ ဒီလောက်ကောင်းတဲ့ ဖက်ထုပ်ပြုတ် ဒီတစ်ခါပဲ သောက်ဖူးသေးတယ်ဆိုရင် လွန်ရာကျတော့မယ်။ ဒါကလည်း မြမြလတ်လို ကောင်မလေးချောချောလေး ပြင်ဆင်ပေးလို့ဖြစ်မှာ။ ရှေ့မှာပြင်ဆင်ပေးတိုင်းသာ စားချင်စိတ်ပိုဖြစ်စေတယ်ဆိုရင် အမွှေးထူနေတဲ့လက်မည်းကြီးနဲ့ ခေါက်ဆွဲသုတ်ကို နယ်ခိုင်းကြည့်ပါလား စားချင်စိတ်ပဲဖြစ်လာမလား၊ အန်ပဲထွက်မလားဆိုတာ။

"ဟာ တကယ်ကောင်းတယ်မြမြလတ်ရာ။ ကိုရီးယားဇာတ်လမ်းတွဲထဲက ချန်ဂင်ဖေတောင် နင့်လောက် ချက်တတ်မှာမဟုတ်ဘူး"

ဝင်းကိုသိုက်က အဲဒီတစ်ခွန်းပဲ ဝတ်ကျေတန်းကျေပြောပြီး ဖက်ထုပ်ပြုတ်ကို non-stop ဆွဲပါတော့တယ်။ စက္ကန့်၁၂၀ ပြည့်လုပြည့်ခင်မှာပဲ ပန်းကန်ထဲ တတ်တက်စင်အောင်ပြောင်သွားရှာတယ်။

"အဲဒီဖက်ထုပ်က တို့လမ်းထိပ်ကတရုတ်မကြီးဆိုင်က ဝယ်လာတာဟ။ ငါလုပ်တာမဟုတ်ဘူး"

ပန်းသီးတစ်လုံးကိုရေဆေးပြီး အခွံနွှာဖို့လုပ်နေတဲ့ မြမြလတ်က ပြုံးစစနဲ့ပြောလိုက်ပါတယ်။ ဝင်းကိုသိုက်က

"ဘယ်သူပဲလုပ်လုပ် ဗိုက်ထဲရောက်သွားပြီ။ မြမြလတ် နင့်လက်ထဲကပန်းသီးလေးကို ကမ်းလိုက်စမ်းပါ။ အခွံခွာမနေနဲ့တော့"

အခုမှပဲ ဝင်းကိုသိုက်ခမျာ စားကောင်း သောက်ကောင်း နေပါတော့တယ်။ ပန်းသီးကို အခွံရော အသားပါ တဂျွမ်းဂျွမ်း ဝါးပြီးတော့ ငှက်ပျောသီးနှစ်လုံး ဆက်ဆွဲတယ်။ ပြီးတော့မှ အစာ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်အနေနဲ့ မြမြလတ်ဖျော်ပေးတဲ့ အိုဗာတင်းကို ကိတ်မုန့်နဲ့ ထိုင်မြည်းပါတယ်။ မြမြလတ်က တစ်ရှူးလေးကမ်းပေးလိုက်ပြီး

"ရော့၊ ပါးစပ်ပေနေတာတွေ သုတ်လိုက်ဦး"

အခုမှပဲ ခန္ဓာတစ်ခုလုံး အားအင်ပြည့်ဖြိုးပြီး တက်ကြွလာပါတော့တယ်။ အဲဒါကြောင့်လည်း မြတ်စွာဘုရား ဟောထားခဲ့တာပေါ့။ ကာ၊ စိတ်၊ ဥတု၊ အဟာရလေးပါး ညီညွတ် မျှတရမယ် ဆိုတာလေ။ အခုလောလောဆယ် အဟာရဓါတ် over ဖြစ်သွားတဲ့ ဝင်းကိုသိုက်တော့ ထူထူထောင်ထောင် ဖြစ်လာပြီး ချိနေတဲ့ အောက်ပိုင်းတောင်ကန်ချင် နှက်ချင်သလို ဖြစ်လာပါတယ်။ ကုတင်ပေါ်ကို ခုန်တက်လိုက်ပြီး ပန်းကန်တွေသိမ်းနေတဲ့ မြမြလတ်ကို တစောင်းလေးကြည့်ပါတယ်။ လူတွေက ဗိုက်ဝသွားရင် အလှအပကိုပိုပြီး ခံစားတတ်လာသလားမသိဘူး။ မြမြလတ်တောင် စောစောတုံးကထက် ပိုလှလာသလိုပဲ။ မတိုမရှည်နဲ့ ဖြောင့်စင်းနေတဲ့ဆံပင်တွေက ပါးပြင်တစ်ခြမ်းလုံးကို ဖုံးလုလု။ အညိုဖက်လုတဲ့ အသားအရေကချောမွတ်ပြီး ညှက်သွယ်နေတယ်။ ပါးရိုးတည့်တည့်လောက်မှာ မှဲ့နက်ကလေး။ နှုတ်ခမ်းကတော့ မထူမပါးနဲ့ စိုလက်လို့။ မျက်လုံးကလည်း စိမ်းညို့နေတယ်။ အရပ်ငါးပေလေးလောက်ကို ခန္ဓာကိုယ်က သွယ်တယ်လို့ ပြောရပေမယ့် သူ့နေရာ၊ သူ့ဟာလေးနဲ့တော့ လိုက်ဖက်ညီညီ၊ အံဝင်ခွင်ကျ။ စန္ဒီမိုးနဲ့ ယှဉ်လို့မရပေမယ့် သူ့ တစ်ယောက်တည်းဆိုရင် မြမြလတ်လည်း မိန်းမချောစာရင်း ဝင်နိုင်တာပဲ။လှုပ်ရှားမှု အစအဆုံး လိုက်ကြည့်နေတဲ့ ဝင်းကိုသိုက်ကို မြမြလတ်က မလုံမလဲလေး ပြန်ကြည့်ရင်း မေးလိုက်ပါတယ်။

"ဟဲ့၊ ဘာတွေ အသည်းအသန် လိုက်ကြည့်နေတာလဲဟ"

ဝင်းကိုသိုက် ပါးစပ်က လွှတ်ကနဲ ထွက်သွားတယ်။

"ငါဘာကြောင့်များ နင့်ကို အရင်မတွေ့ခဲ့ ရတာလဲလို့ စဉ်းစားနေတာ"

"ဟင်"





မြမြလတ်ခမျာ ဆံပင်တွေမျက်နှာတစ်ခုလုံး အုပ်မိတဲ့အထိ ခေါင်းငုံ့ကျသွားပါတယ်။ အင်း. . ဝင်းကိုသိုက် တစ်ယောက်တော့ စားချင်သောက်ချင်တဲ့စိတ်တင် မဟုတ်ဘူး၊ ချစ်ချင်တဲ့စိတ်သစ်လေးပါဖြစ်လာပြီထင်ရဲ့။ ဖက်ထုပ်ထဲမှာ ဘယ်လိုဓါတုပစ္စည်းတွေပါလို့ ဒီလိုဖြစ်ရတာလဲဆိုတာ ပညာရှင်တွေကို သုတေသနပြုခိုင်းဦးမှပဲ။ အင်းလေ နာမည်ကိုယ်တိုင်က ဖက်ထုပ်ပါဆိုနေမှ. . .။

. . . ☺ . . .



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



**user name -mml**

**pass word - 528+1500**

**Start ➡ my documents ➡**

**mya mya latt's diary.**

**click ➡ open.**

# click!





**" For your eyes only "**

နင်က ဒီလိုပြောလိုက်တော့၊ ငါ ဘယ်လိုခံစားရမယ်ဆိုတာ နင် စဉ်းစားကြည့်ပေါ့ ဝင်းကိုသိုက်ရယ်။

"နင်ဘာကြောင့် ငါ့ကို အရင်မတွေ့ခဲ့ရတာလဲ" ဟုတ်လား။

အေးလေ၊ နင်စဉ်းစားတာတ်မှာ မဟုတ်ပါဘူး။ နင်က ငါ့ရဲ့ရင်ကိုမှ ထွင်းဖောက် မြင်နိုင်စွမ်းမှမရှိတာ။ နင်တင် မကပါဘူး။ ဘယ်သူမှလည်း ငါ့ရင်ကို မြင်တတ်မှာမဟုတ်ဘူး။ မြမြလတ်ဆိုတဲ့ ငါက ဟန်ဆောင်ကောင်းတယ်လေ၊ မယုံဘူးလား။ အဟုတ်ပြောတာ။ တစ်ခါတစ်လေ ဟန်ဆောင်ကောင်းလွန်းလို့ ကိုယ့်ကိုယ်ကို တောင် ဇဝေဇဝါ ဖြစ်ရသေးတယ်၊

အိမ်မှာငါက အလတ်လေ၊ နာမည်ကိုယ်တိုင်က မြမြလတ်တဲ့။ လူကြီးတွေက မတရားဘူးဟာ။ တစ်ခါတစ်လေ နိုင်ထက်စီးနင်းကျ တယ်လို့ ငါထင်မိတယ်၊ ငါမွေးလာကတည်းက အလတ်ဖြစ်ရမယ်လို့ သူတို့သတ်မှတ်ခဲ့ပြီးသား၊ ဒါကြောင့်လည်း မြမြလတ်ဆိုတဲ့နာမည်ကို ငါ့ညီမမမွေးခင်ကတည်းက ပေးခဲ့တာနေမှာပေါ့ နော်။ အကြီးဆုံးဖြစ်ခွင့်မရတာတောင် ကံတရားကြောင့်ဆိုပြီး ဖြေသိမ့်လို့ရပေမယ့် ဘာကြောင့်မို့ငါ့ကို အငယ်ဆုံးအဖြစ်လက်မခံနိုင်ခဲ့ကြတာလည်း မသိဘူး။

အလတ်ဖြစ်ရတဲ့ဒုက္ခကို အလတ်ဖြစ်မှပဲသိမှာ၊ အကြီးဆုံးအနေနဲ့ ဦးစားပေးစရာမရှိဘူး၊ ငဲ့ညှာစရာပဲရှိတယ်။ အငယ်ဆုံးအနေနဲ့ ငဲ့ညှာစရာမရှိဘူး၊ ဦးစားပေးစရာပဲရှိတယ်။ အလတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှာ ဦးစားပေးစရာရော၊ ငဲ့ညှာစရာပါ ရှိတယ်။ မသို့ လောက်မှု၊ မမျှတမှုတွေကြုံလာတိုင်း အမြဲတမ်း နောက်ဆုတ်နေခဲ့ရတာအလတ်တွေပဲ။

"သမီးရယ် အစ်ကိုကြီးကို ဦးစားပေးလိုက်ပါ။ သူက အကြီးမဟုတ်လား"

"ညီမလေးကို ပေးလိုက်လေ။ သူက သမီးထက်အငယ်ပဲ" ဆိုတာတွေချည်းပဲ။

"ဟဲ့ အလတ်မကို ပေးလိုက်လေ၊ သူက အလတ်ပဲ" ဆိုတဲ့ စကားသံ တစ်ခါမှမကြားဖူးဘူး။ အမေကပြောနေကြ "အလတ်မက လိမ္မာပါတယ်" ဆိုတဲ့ စကားနဲ့တင် လိမ္မာချင်ယောင်ဆောင်ခဲ့ရတာ။ နောက်တန်းမှာ နေခဲ့ရတာ။ အရိပ်ခိုမှာ ထိုင်ခဲ့ရတာ။ အရောင်မှိန်နေခဲ့တာ။ငါ့ဘဝမှာ အပျော်ဆုံးအချိန် တစ်ခါတော့ ရှိဖူးတယ်။ အဲဒါ နင်ရယ်၊ မိုးသူရယ်၊ကျော်ဇေယျရယ် နင်တို့သုံးယောက် အိမ်လာလည်တဲ့နေ့ကပဲ။ ငါ့အမေ အဲဒီတုံးကပြောခဲ့တာတွေ နင် မှတ်မိမလားမသိဘူး။

"သမီးလတ်ရဲ့သူငယ်ချင်းတွေက အိမ်အရောက် အပေါက်နည်းတော့ အန်တီတို့က စိုးရိမ်နေတာ။ ငါ့သမီးလေးများ လူတောမတိုးဘူးလားဆိုပြီးတော့" တဲ့။

အဲဒီနေ့က ငါမျက်ရည်ဝိုင်းမတတ် ဝမ်းသာခဲ့ရပါတယ်။ အမေ ငါ့ကို ဂရုစိုက်ဖော်ရသားပဲလို့လည်း တွေးမိတယ်။ ကျေးဇူးတင်ခဲ့တယ်။ ဒါပေမယ့် ငါက မြဲမြဲလတ်လေ။ ဟန်ဆောင်တာတွေနဲ့ ကျင်းသားရနေပြီဟ။ ခံစားချက်တွေ မျက်နှာပေါ် အလွယ် တကူ စျေးကိုလာတတ်တော့ဘူး။ အဲဒီနေ့က အိမ်ပြန်ရောက်တော့ ငါ့သေသေအမေ့ဆီက မုန့်ဖိုးတောင်းကြည့်တယ်။ ငါတစ်ခါမှ အမေ့ဆီက မုန့်ဖိုးမတောင်းဖူးဘူး။ အမေပေးတာပဲ ငါယူခဲ့တာ။ အမေက "သမီးလေး ဘာလိုချင်လို့လဲ" တဲ့။ ငါက beauty sloon သွားချင်လို့ဆိုတော့ အမေကငါ့ကိုဖက်ပြီး ဆံပင်လေးတွေ သပ်ပေးတယ်။ ပြီးတော့မှ "သမီးလတ်က အမေ့ ရင်ခွင်ထဲကနေ





အရင်ဆုံး ထွက်သွားမယ့်သူထင်ရဲ့" တဲ့။ ငါ့ရင်ထဲမှာ တလှပ်လှပ်နဲ့ဟယ်။ အဲဒီနေ့က ငါနဲ့အမေနဲ့ ဈေးအတူတူ သွားကြတယ်။beauty sloon လည်းရောက်တယ်။ မောလာရင် ဆိုင်တွေဝင်ပြီး စားလိုက်၊ အအေးသောက်လိုက်ပဲ။ပြီးတော့ ရုပ်ရှင်လည်း ကြည့်သေး တယ်။ နောက်ဆုံး တရုတ်တန်းသွား ညဈေးပတ်ပြီးမှ ပြန်လာကြ တယ်။ အို . . တမောပါပဲ။ အိမ်ပြန်ရောက်တော့ ညဆယ့်တစ်နာရီတောင်ထိုးနေပြီ။ အဖေဆိုရင် စိတ်တွေပူပြီး ဒေါသတွေ ထွက်လို့။

အဲဒီညက ငါ အိပ်မက်မက်တယ်။ အိပ်မက်ထဲမှာ ငါက ကြယ်တစ်လုံးအဖြစ်နဲ့ ထွန်းလင်းတောက်ပလို့။ အိပ်မက်ကလည်း နိုးရော ငါ့ကိုယ်ငါ အသေအချာနားလည်လိုက်တယ်။ ငါကိုယ်တိုင် ထွန်းလင်းတောက်ပချိန် တန်ပြီလို့။

နင့် ရှေ့မှာရော။ အားလုံး ရှေ့မှာရော။

"နင်ဘာကြောင့် ငါ့ကို အခုလိုမတွေ့ခဲ့ရလဲ" ဟုတ်လား။

နင်က ဒီလိုခံပြောလိုက်တော့ ငါ ဘယ်လို ခံစားရမလဲဆိုတာ နင် စဉ်းစားကြည့်ပေါ့ . . . နင်နဲ့ငါဆိုတာ . . .။ ငါက အေးလေ၊ ဒါကလည်း ငါ့ဘက်က အတွေးသက်သက်ပါ။ ငါက နင့်အနားမှာ၊ စန္ဒီမိုးဘေးနားမှာ ဘယ်အချိန်လုံး ခပ်မှိန်မှိန်ပဲရှိနေခဲ့တာကိုး။ ငါ . . ဒီည အိပ်မက်မက်ဖို့သေချာတယ်။ အိပ်မက်ထဲမှာ ငါဟာ ကြယ်တစ်လုံးအဖြစ် တောက်ပထွန်းလင်းဦးမှာ။

ငါက နင့်အပေါ်မှာ ဘယ်လိုသဘောထားမျိုး ရှိလဲဆိုတာ နင်က မမေးပေမယ့် ငါပြောပြချင်လိုက်တာ။ ငါလေ- နင့်ကို ဟိုး . . . အစောကြီးကတည်းက . . ။ဟာ တော်ပြီဟာ မပြောတော့ဘူး၊ ငါရှက်တယ်။ ဒါနဲ့ ငါနင့်ကိုနာမည်ပြောင်တစ်ခုပေးထားတယ်သိလား။

"ဖက်ထုပ်ပြုတ်" လို့၊ ခစ် . . . ခစ်။

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com


"မောင် . . . ငါရှင်းပြပါရစေဦးဟာ"

"အို ဘာမှ လာရှင်းပြမနေနဲ့တော့။ ပွဲကပြီးနေပြီ။ နှင်နဲ့ငါ ဇာတ်လမ်း ဒီတင်ပြတ်ပြီ စန္ဒီမိုး"

"နှင်ဒီလို အဖြူထည်ကြီး မခေါက်နဲ့လေမောင်ရာ။ ငါ့မှာ ဘာအပြစ်ရှိလို့လဲဟာ"

"ဘာအပြစ်ရှိလို့လဲ ဟုတ်လား။ နှင့်အပြစ်တွေ ချရေးရရင် ဇာတ်လမ်းတွဲ တစ်တွဲစာလောက်ရှိတယ်။ ငါ နှင့်ကို သည်းခံရပေါင်း များပြီ။ ငါ ရှေ့ဆက်ပြီး သည်းမခံနိုင်တော့ဘူး။ အဲဒါကြောင့် သတင်းစာတွေထဲကလို စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် သမီးရည်းစားအဖြစ်မှ လမ်းခွဲလိုက်ပါသည်၊ ဒါပဲ"

"ဒီမှာမောင်၊ ငါ first year ကနေ final အထိ နှင့်တစ်ယောက်တည်း ငါတွဲလာခဲ့တာ နှင့်အပြင် ငါ့ကို ကြိုက်မယ့်လူ မရှိလို့ မဟုတ်ဘူး။ စန္ဒီမိုးတို့ အထာမညက်ငွေ့လည်းမဟုတ်ဘူး။ စန္ဒီမိုးတို့က ညက်လိုက်တာမှ ယောကျ်ားလေးတွေကို လက်ညှိုးနဲ့ လက်မနှစ်ချောင်းတည်းတင် ချာလပတ်ရမ်းအောင် မွှေ့ပစ်လိုက်လို့ရသေးတယ်။ အေး. . ငါ နှင့်တစ်ယောက်တည်းကို တွဲနေတာနုံလို့၊ အလို့မဟုတ်ဘူး။ နှင့်ကိုချစ်လို့။ ဖြစ်ပြီးသမျှ ကိစ္စတွေမှာ ငါလွန်သွားရင် တောင်းပန်ပါတယ်မောင်ရယ်။ ဒါပေမယ့် လမ်းခွဲဖို့တော့ လာမပြောနဲ့။ ငါ နှင့်ကို မပြတ်နိုင်ဘူး"

"ဒီမှာ စန္ဒီမိုး၊ ငါဝန်ခံပါတယ်။ ငါအရင်က နှင့်ကို တစ်ကယ် ချစ်ခဲ့တာ။ ဒါပေမယ့် အခုတော့ ဘယ်လိုမှချစ်လို့မရတော့ဘူး။ သူ


www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါလစ်ပြီးကတည်းက ငါ့ရင်မှာ နင့်ကိုချစ်တဲ့အချစ်တွေ တစ်စက်မှ မကျန်တော့ဘူး။ အဲဒါတွေအစား နင့်ကို ကြောက်တာတွေပဲကျန်တော့တယ်"

"နင်ပြောတာ ငါဗွေမယူပါဘူး မောင်ရယ်။ နင်ဆေးရုံက ဆင်းပြီးစ အားနည်းနေတုံးမို့ စိတ်မငြိမ်သေးဘဲ ဒီစကားပြောနေတာပါ"

"အားနည်းနည်း၊ မနည်းနည်း ငါဒီစကားပဲပြောမှာပဲ"

"ကဲပါ မောင်ရယ်။ မနက်ဖြန်ကျရင် ငါ့အဖေ သောက်နေတဲ့ အားဆေးငါယူခဲ့မယ်သိလား။ အဲဒီဆေးမှာ စာလုံးကြီးကြီးနဲ့ကို ရေးထားတာဟ။ 'အားအင်နည်းပါးပြီး၊ အချစ်စိတ်ကုန်ခမ်းနေသော အမျိုးသားများနှင့် အထူးသင့်လျော်ပါသည်'တဲ့။ သေချာပါတယ်ဟာ၊ အဲဒီဆေးသောက်ပြီးရင် နင်ငါ့ကို ပြန်ချစ်လာမှာပါဟာ"

သေဟ။ ငတုံးမ။ ပြောပြန်တော့လည်း မကြိုက်ချင်ဘူး။ အဲဒီဆေးသောက်ပြီး ဒင်းကို။ ဟင်း မပြောလိုက်ချင်တော့ဘူး။ လုံးဝကိုမပြောချင်တော့ဘူး။ဝင်းကိုသိုက်က စန္ဒီမိုးကို အပေါ်ကနေ အောက်၊ အောက်ကနေအပေါ် ခါတ်လှေကားလို တက်လိုက်ဆင်းလိုက်ကြည့်တယ်။ သေချာပါပြီ ဒင်းကို မချစ်တော့ဘူးဆိုတာ။ တကယ်တမ်း စိတ်နာပြီဆိုတော့လည်း ဟောဒီ၃၄-၂၁-၃၆ ကြီးက အပုပ်ကောင် ရုပ်ဆောင်နေတာပါလို့ နစ်နစ်နာနာ တွေးပစ်လို့ ရနေပြီ။

"ဒီမှာ စန္ဒီမိုး အဲဒီအားဆေးကို နင့်ဘာသာနင်ပဲသောက်လိုက်တော့ ငါတော့ လုံးဝမသောက်နိုင်ဘူး။ ငါပြောချင်တာက နင်နဲ့ငါတကယ်ပြတ်ပြီဆိုတာပဲ။ ငါလွန်တာရှိခဲ့ရင်လည်း ဆောရီးပဲ။ သွားပြီ"

ဝင်းကိုသိုက်က ပြောပြီးဆိုပြီး ထွက်လာခဲ့တယ်။ စန္ဒီမိုးက နောက်ကလှမ်းခေါ်ပြီး လိုက်ဆွဲတယ်။ ဝင်းကိုသိုက်က ဆောင့်ရုန်းပြီး တွန်းထုတ်ထားခဲ့တယ်။

"မောင် မသွားပါနဲ့ဟာ၊ ငါ့ကို မရက်စက်ပါနဲ့ဟာ"





စန္ဒီမိုးက နောက်က ပြေးလိုက်လာတယ်။

"အား"

ဖြစ်ချင်တော့ ခဲလုံးလေးနဲ့ ခလုတ်တိုက်မိပြီး ခြေသည်းလေးက ပဲ့ထွက်သွားတယ်။ ခြေသည်းက ဆက်ထားတဲ့နေရာက မပဲ့ဘဲ မူရင်း ခြေသည်းအစစ်ကပါပဲ့ထွက်သွားပြီး သွေးတွေပါထွက်လာတယ်။ ပဲ့ထွက်သွားတဲ့ခြေသည်းနဲ့အတူ ခြူလေးတစ်လုံးလည်း ပါသွားလေရဲ့။

"အား သေပါပြီ၊ နာလိုက်တာမောင်ရယ်"

ဝင်းကိုသိုက်က နောက်ကို တစ်စောင်းလှည့်ကြည့် လိုက်ပါတယ်။ စန္ဒီမိုးက လမ်းပေါ်မှာဒူးလေးတုတ်ပြီး သူ့ခြေထောက်သူ တစ်ရှူးလေးနဲ့အုပ်ပြီး မျက်ရည်တွေ စိုလက်နေတဲ့ မျက်လုံးဝိုင်းကြီးနဲ့ ဝင်းကိုသိုက်ကို အားကိုးတကြီး မော့ကြည့်နေရှာတယ်။ ခါတိုင်းဆိုရင် ဝင်းကိုသိုက်တစ်ယောက် စန္ဒီမိုးကို ဒီအနေအထားအတိုင်း တွေ့လိုက်လို့ကတော့၊ အို ဘာပြောကောင်းမလဲ၊ ဟို ကြာနီကန်တရားထဲကလို 'ကြွေစမ်း ပရိသတ်ရဲ့' ဆိုပြီး အတင်းပဥ္စလက်ခွတ် ကြွေဆင်းသွားပြီး ၁၁၉တွေ၊ ၉၁၁တွေ၊ ၅၀၀၀၁၅တွေဆီ ဖုန်းဆက်။ လူနာတင်ယာဉ်ပဲခေါ်ရတော့မလို။ ခြေသည်းကျိုးကိုင်ပြီး ဆေးရုံပဲ ထမ်းပြေးရတော့မလို၊ ပြာယာခတ်နေရမှာ၊ အခုတော့ စတိုင်အပြည့်နဲ့ ပခုံးလေးတွန့်ပြပြီး လှည့်ထွက်သွားပါတယ်၊ ခန္ဒီမိုးခမျာတော့ မျက်ရည်မိုးတွေ ရွာစွေကုန်ပါတော့တယ်။

"မောင်ရယ်၊ ဟီးဟီး၊ ငါ့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ဟာ။ အဲဒီအားဆေး မသောက်ချင်ဘူးဆိုလည်း ငါနင့်ကို အတင်းမတိုက်ပါဘူး မောင်ရဲ့၊ ဟီး အီး အီး"

လမ်းပေါ်မှာတော့ လမ်းအခွဲမှာ ဝမ်းနည်းကျန်ရစ်ခဲ့တဲ့ ကောင်မလေးတစ်ယောက်။ အကောင်းကံ မချစ်နိုင်တော့လည်း အချစ်ကံမကောင်းနိုင်တော့ဘူးပေါ့။ ဒါကို မဖြေတတ်ရင် အသေခက်မှာပေါ့၊တကာမလေးရယ်။ အဲလေ၊ မိန်းကလေးရယ်။ ဒီအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တွေမှာလို မိုးရွာချလိုက်ရမှာ။ မိုးရွာလမ်း ကတ္တရာလမ်း အလယ်မှာ ဒူးကလေးတုတ်၊ ခြေသည်းကျိုးလေး ကိုင်ပြီး ငိုနေတဲ့ ကောင်မလေးတစ်ယောက်။ လုံးဝကို ကြွေဆင်ပဲ။ ခက်တာက မိုးက အုံ့ရုံပဲ အုံ့နေတာ။ မိုးရွာပါလို့လည်း ဆုမတောင်းရဲဘူး။ တော်ကြာ လေဆင် နှာမောင်းပါ အဆစ်ပါလာဦးမယ်။ ဒီနေ့တော့ ဒီဟာလေးနဲ့ပဲ အဆင်ပြေအောင် လွမ်းလိုက်ပေါ့ စန္ဒီမိုးရယ်။

. . . ☺ . . .





အဲဒီနောက်မှာတော့ အခြေအနေတွေ အများကြီးပြောင်းလဲ ကုန်ပါတယ်။

အဲဒီနောက်မှာတော့ ဝင်းကိုသိုက်နဲ့စန္ဒီမိုးတို့ ခပ်ကွာကွာ လေး ဖြစ်သွားတယ်။

အဲဒီနောက်မှာတော့ ဝင်းကိုသိုက်နဲ့ မြမြလတ်တို့ ခပ်နီးနီး လေး ဖြစ်လာတယ်။

အဲဒီနောက်မှာ ဝင်းကိုသိုက်က မြမြလတ်ရဲ့အိမ်ကို မကြာမ ကြာ လာလည်တတ်လာတယ်၊

အဲဒီနောက်မှာ စန္ဒီမိုးက သူခံစားရသမျှတွေကို မြမြလတ် ဆီမှာ မကြာမကြာရင်ဖွင့်[illegible]တယ်။

"မြမြလတ်၊ နင်မောင်နဲ့ [illegible]ဖြစ်သလားဟင်"

မြမြလတ်က ခေါင်းလည်း[illegible] ခေါင်းလည်းမညိတ်။

"မောင် တကယ်နေနိုင်[illegible]ဟယ်။ ဟိုနေ့က မျက်နှာ ချင်းဆိုင်တွေ့လို့ ငါ့အတင်းလှမ်း[illegible] ရှောင်ထွက်သွားတယ်"

စန္ဒီမိုးအသံက ကြေကြေ[illegible]။ မြမြလတ်က နှုတ်ခမ်း တင်းတင်းစေ့လို့

"ငါမောင့်ကို တကယ်ချစ်[illegible] မြမြလတ်ရယ်။ နင်[illegible] ကူညီပါဦးဟယ်"

စန္ဒီမိုးက ဆွေးဆွေးမြေ့မြေ့ ပြောလိုက်တိုင်း မြမြလ[illegible] ယောက် အမိပွါယ်ဖော်ရခက်တဲ့ မျက်ဝန်းကြီးတွေနဲ့ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လို့။ အခြေအနေက မိုးသက်မုန်တိုင်းမကျခင် ပြိုကွဲလုလု တည်ငြိမ်မှုမျိုးနဲ့။ မြမြလတ်ရဲ့ရင်ထဲမှာတော့ မရေမရာမှုတွေနဲ့။ စန္ဒီမိုးရဲ့ရင်ထဲမှာတော့ မသေချာမှုတွေနဲ့။ ဝင်းကိုသိုက်ရဲ့ ရင်ထဲမှာတော့။

အဲဒီနောက်မှာ သူတို့အားလုံး ကျောင်းပြီးသွားကြပါတယ်။ အားလုံးရဲ့ရင်ထဲမှာတော့ တစ်ဝက်တစ်ပျက်တွက်ထားတဲ့ပုစ္ဆာ ကိုယ်စီနဲ့။ အဲဒီပုစ္ဆာတွေရဲ့ အဆုံးသတ်အဖြေထွက်လာဖို့ အလှည့်အပြောင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ အဲဒါကတော့ နိုင်ငံခြားမှာ အိမ်ထောင်ကျပြီးအခြေမြင့်နေတဲ့ မြမြလတ်ရဲ့အဒေါ်၊ ဒေါ်မေစိုးခင်တစ်ယောက် မြန်မာပြည်မှာ စီးပွားရေးလုပ်ငန်းတွေ တည်ထောင်ဖို့အတွက် ပြန်လည်ရောက်ရှိလာခဲ့ခြင်းပါပဲ။

• • • ☺ • • •



"ဟဲ့၊ မြမြလတ်၊ နင့်ဆီကို လာလာနေတဲ့ ဝင်းကိုသိုက်ဆိုတဲ့ ကောင်လေးနဲ့ ငါ့ကို တွေ့ပေးစမ်းပါ"

"ဟင်း သိလိုက်ရပြန်ပြီ"

မြမြလတ် စိတ်ထဲတွေးမိတာပါ။ မြမြလတ်ခမျာ သူ့အဒေါ် ဒေါ်မေစိုးခင်ရဲ့ ကုမ္ပဏီမှာ အလုပ်လုပ်နေတာပါ။ လူရင်း ဖြစ်နေတော့ စက္ကရေတရီလိုလို၊ အလုပ်သင် လိုလို၊ မန်နေဂျာ လိုလိုနဲ့ ဟိုပြေးဒီပြေး၊ ဟိုနေရာစပ်စပ်၊ ဒီနေရာစပ်စပ် အကုန်ပါနေရတယ်။ ဒီကြားထဲ အခန့်မသင့်ရင် သူ့အဒေါ်ရဲ့ အဆူအဟောက်ကိုလည်းခံရသေး။ ကုမ္ပဏီက အခုမှ စထောင်တာဆိုတော့ အလုပ်ကလည်း ရှုပ်သလားမမေးနဲ့။ တစ်ကမ္ဘာလုံးကအရှုပ်ထုပ်တွေ ခေါင်းပေါ်တင်ထားတဲ့ မစ္စတာဘွန်ကီမင်တောင် တစ်ပတ်လောက်နဲ့ ပြန်ပြေးသွားလောက်တယ်။ ဒေါ်မေစိုးခင်ကလည်း အရာရာကို သူနေခဲ့တဲ့နေရာက ပေတံကြီးနဲ့ပဲတိုင်းနေတော့ ပိုဆိုးတော့တာပေါ့။ ကြားထဲကနေ စိတ်အတောင့်လိုက်ညစ်ရတာက မြမြလတ်။ အဲဒီ ညစ်နေတဲ့စိတ်တွေကို သွားတိုက်ဆေးလို ညှစ်ထုတ်လို့ရရင် ညှစ်ထုတ်လိုက်ချင်ပါရဲ့။ အလုပ်မရခင်တုံးက သေမတတ်အလုပ်လိုချင်ခဲ့ပေမယ့် အခုတော့ ဝင်ငွေကောင်းတဲ့ယောကျာ်းတစ်ယောက်လောက်ယူပြီး လင်လုပ်စာ ထိုင်စားချင်တဲ့စိတ်ပဲပေါက်နေတော့တယ်။ ဟိုကောင်ဝင်းကိုသိုက်ကတော့ အခုထိယောင်ခြောက်ဆယ်လုပ်လို့ကောင်းတုံး။ အခုလည်း သူ့အဒေါ်က ဘယ်ကနေဘယ်လို ဝင်းကိုသိုက်ကို တွေ့သွားပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီလည်း မသိဘူး။ ကုမ္ပဏီကို မလာပါနဲ့ပြောထားတာ ဒင်းကလည်း ဇွတ်။

"အန်တီစိုးက ဝင်းကိုသိုက်ကို ခေါ်ပြီးဘာလုပ်မလို့လဲ"

ဒေါ်မေစိုးခင်က ပြန်မဖြေပဲ သူသိချင်တာကိုဆက်မေးလိုက်ပါတယ်။ သူ့အကျင့်က ဒီအတိုင်းပဲ၊ လူများပြောတာဆို ဘယ်တော့မှ အရေးစိုက်တာမဟုတ်ဘူး။

"အဲဒီကောင်လေး အလုပ်မရှိသေးဘူး မဟုတ်လား။ ဒီမှာလုပ်မလား မေးကြည့်လိုက်။ ငါ မနက်ဖြန်ညနေဘာ appoinment ရှိသေးလဲ"

မြမြလတ်က မှတ်စုစာအုပ်လှန်ကြည့်ရတယ်။

"မရှိဘူး၊ အန်တီစိုး"

"အေး၊ ဒါဆိုရင် ဝင်းကိုသိုက်ကို အဲဒီအချိန် ချိန်းလိုက်။ တစ်ခါတည်း Interview လုပ်ရအောင်"

အင်း၊ ဟိုကလုပ်မလုပ် မသိသေးဘဲနဲ့၊ သူဖြစ်ချင်တာတွေကို စွတ်တင်နေတော့တာပဲ။ ဘယ်ကနေ ဘယ်လို ဝင်းကိုသိုက်ကိုမျက်စေ့ကျသွားလဲမသိဘူး။

"ဒါနဲ့ ညည်းနဲ့ ဝင်းကိုသိုက်နဲ့က ဘာတွေတုံး"

"သူငယ်ချင်းတွေပါ အန်တီစိုးရယ်။ တွေ့တယ်ဆိုတာက [illegible]ည်း နင်ဘာလုပ်နေလဲ။ ငါဘာလုပ်နေလဲ ဆိုတာလောက်ပါပဲ"

မြမြလတ်ကသူ့ထုံးစံအတိုင်း ကွယ်လိုက်ပါတယ်။ တကယ် [illegible] သူနဲ့ဝင်းကိုသိုက်က ချစ်သူတွေမှမဟုတ်တာ။ ဒါပေမယ့် သူ[illegible]ပဲလား ဆိုတော့လည်း မသေချာပြန်ဘူး။ တစ်ခုခု အ[illegible]ပြတာမျိုးဆိုရင် ဝင်းကိုသိုက်က မြမြလတ်ကိုရှာ[illegible]သလို၊ မြမြလတ်စိတ်ရှုပ်တဲ့ အခါတိုင်း ဝင်းကိုသိုက်ကို သ[illegible]တယ်။ နေ့တိုင်းလိုလိုမဟုတ်ပေမယ့် တစ်ပတ်လေး ငါးရက်[illegible]ဘော့ ဖုန်းလေးဆက်ပြီး မြန်မာ့ဆက်သွယ်ရေးကို ဝင်ငွေတိုး[illegible] သုပ်ပေးတတ်ကြတယ်။ တစ်ပတ်တစ်ခါမျိုး [illegible]ခုခုသွား[illegible]သည်း ရှိတာပေါ့။ တစ်ခါတစ်လေ နှစ်ယောက်





တည်း၊ တစ်ခါတစ်လေတော့လည်း ကျော်ဇေယျတို့မိုးသူတို့ပါ တတ်တာပေါ့။ သူတို့အချင်းချင်းကြားထဲမှာတော့ စန္ဒီမိုးက တိမ်မြှုပ် ပျောက်ကွယ်နေပါတယ်။ အစ မဖော်ကြေး၊ မပြောကြေးလေး မြမြလတ်က သူ့အဒေါ်ကိုသိချင်တာလေး မေးလိုက်ပါတယ်။

"အန်တီက ဝင်းကိုသိုက်ကို ဘာဖြစ်လို့အလုပ်ခန့်ချင်ရ တာလဲ"

ဒေါ်မေစိုးခင်ရဲ့ မျက်နှာကတည်သွားတယ်။ မျက်မှန်အောက်က မျက်လုံးအစုံကလည်း ရုတ်တရက်ညှိုမှိုင်းသွားသလိုပဲ။

"ဘာကြောင့်ရယ်တော့ မဟုတ်ဘူး။ သူ့အဖေ ကိုမောင်မောင်သိုက်က ငါ့အပေါ်ကျေးဇူးရှိဖူးလို့"

လက်စသတ်တော့သူတို့မှာလည်း ငယ်စာရင်းလေး တွေရှိခဲ့ဖူးတာကို။ ဝင်းကိုသိုက်အဖေက ဘယ်လိုများ ကျေးဇူးပြုခဲ့ဖူးပါလိမ့်။ မြမြလတ်က သိချင်စိတ်နဲ့ ဆက်မေးလိုက်ပါတယ်။

"ဝင်းကိုသိုက်အဖေက အန်တီစိုးကို ဘာတွေကူညီဖူးလို့လဲ"

"ဘာမှမကူညီဖူးဘူး။ သူနဲ့ငါနဲ့ပြေးမယ့်ညက သူရောက်မလာခဲ့ဘူးလေ"

"ဟင်. . .၊ ဒါဆိုအန်တီစိုးနဲ့ သူ့အဖေက"

မြမြလတ်မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားတယ်။ ဒေါ်မေစိုးခင်က ခေါင်းညိတ်ပြလိုက်တယ်။

"ဒါဆိုရင်အန်တီစိုးက သူ့အဖေကိုစိတ်နာနေရမှာလေ။ ကျေးဇူးတင်ရမှာ မဟုတ်ဘူးလေ"

'အေး၊ အစောပိုင်းကတော့ စိတ်နာလို့ မြန်မာပြည်မှာတောင် မနေနိုင်ဘဲ နိုင်ငံခြားကိုထွက်သွားခဲ့တာပေါ့။ နောက် နင့်အန်ကယ်နဲ့ အိမ်ထောင်ကျပြီးမှ သူ့ကိုကျေးဇူးတင်လာတယ်။ အဲဒီနေ့ကသူ သာလာခိုးခဲ့ရင် သာမန်အရာရှိကတော် ဘဝလောက်နဲ့ပဲ ကျေးပ ရောင့်ရဲရတော့မှာ။ အခုသူနဲ့လွဲခဲ့လို့သာ နင့်အန်ကယ်နဲ့ [illegible] အလုပ်အကိုင်တွေ အဆင်ပြေ၊ အခုဆိုကမ္ဘာပတ်ပြီး ကုမ္ပဏီ[illegible] တဲ့ မီလျံနာအနေအထားမျိုးရောက်လာတာ။ ကဲ ဘယ်လေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဖူးတင်ထိုက်သလဲ”

ဟုတ်လိုက်လေ။ မင်္ဂလာတရားတော်ထဲမှာလည်း ကျေးဇူးတင်ထိုက်သူကို ကျေးဇူးသိတတ်ခြင်းဟာ မင်္ဂလာတစ်ပါးလို့ဆိုထားတယ် မဟုတ်လား။ ဒီလိုရည်းစားဟောင်းကို ကြုံဖန်ကျေးဇူးတင်တတ်တဲ့နေရာမှာတော့ ဒေါ်မေစိုးခင်တို့က ကမ္ဘာပေါ်မှာနံပတ်တစ်နေ့တူရဲ့။ မြမြလတ်ကတော့ သူ့အဒေါ်ကို မယုံသင်္ကာနဲ့ကြည့်ပြီး ပြောလိုက်ပါတယ်။

“မဟုတ်မှလွဲရော အန်တီစိုးက ဝင်းကိုသိုက်ကို ဒီမှာအလုပ်ပေးပြီး၊ သမီးနဲ့နီးစပ်အောင်လုပ်။ နှစ်ယောက်သား ကြိုက်သွားတော့မှ သူ့အဖေကို လက်စားချေရအောင်၊ သမီးနဲ့ ဝင်းကိုသိုက်ကို အဆက်ဖြတ်ခိုင်း။ အဲဒီလို လုပ်မလို့မဟုတ်လား။ ဒါဆိုရင်တော့ အခုကတည်းက သမီးငြင်းထားမယ်။ အန်တီရဲ့ လက်စားချေတဲ့ မဟာစီမံကိန်းထဲမှာ သမီးနှလုံးသားကို အစတေးမခံနိုင်ဘူး။ အန်တီမကျေနပ်ဘူး ဆိုရင်လည်း သမီးအလုပ်ထွက်ရုံပဲ”

ကောင်မလေးက ရက်ရက်စက်စက်ပြတ်သား နေပါတယ်။ ဒါတောင် သူတို့နှစ်ယောက်ရဲ့ အချစ်ရေးအချစ်ရာက စိတ်ကူးထဲမှာပဲ ရှိသေးတယ်။ မိန်းကလေးတွေများ ချစ်မိ၊ ကြိုက်မိပြီဆိုရင်တယ်ခက်။ ဒေါ်မေစိုးခင်က ရှုံ့ရှုံ့မဲ့မဲ့ကြည့်ရင်း

“ထွတ်၊ ကောင်းလိုက်တဲ့ အိုင်ဒီယာ။ မြမြလတ်၊ နင်ဝတ္ထုတွေ၊ ဒီဗွီဒီယိုတွေ အတော်ကြည့်၊ အတော်ဖတ်တယ်ပေါ့။ ငါအဲဒီလောက်စိတ်ကူးမယဉ်ဘူး။ ဒီမှာဒေါ်မြမြလတ်၊ ကျုပ်မှာလေ လက်စားချေဖို့ မပြောနဲ့။ ကျောယားရင်တောင် မကုတ်အားလို့၊ လစာပေးပြီးလူငှားနဲ့ ကုတ်ခိုင်းရမလားလို့ စဉ်းစားနေတယ်။ ကျုပ်မြန်မာပြည် ပြန်လာတာ စီးပွားရေးလာလုပ်တာ။ သမုဒယတွေ၊ အနုအလှတွေ၊ အာယာတွေ၊ ဗျာပါဒတွေ လာရှင်းတာမဟုတ်ဘူး။ ညည်းနဲ့ပတ်သတ်ပြီး အလုပ်မှာယုံကြည်ရမယ့် ယောကျာ်းလေးတစ်ယောက်လောက်ရမလားလို့ မေးစမ်းကြည့်တာပါ။လူဆိုတာ ကိုယ့်လမ်းကိုယ်





လျှောက်ကြတာချည်းပဲ။ ညည်းဘာသာ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ကျုပ်ကအနေသာချည်းပါ။ အင်း တူမအရင်းခေါက်ခေါက်ဆိုတော့လည်း ညည်းတို့အချင်းချင်း ပြေလည်သွားရင်တော့ အကုန်ကျခံ မင်္ဂလာဆောင်ပေးပြီး၊ တိုက်ခန်းတစ်ခန်းလောက်တော့ လက်ဖွဲ့ရဦးမှာပေါ့လေ ၊ ဟင်း”

မြမြလတ်က သူ့အဒေါ်ကို မချိုမချဉ်ကြည့်ပါတယ်။

“မိုးမှမသိပဲကို။ ဆောရီးနော် ဒေါ်လေး ဟင်းဟင်း၊ဒါနဲ့ ခုနက ဒေါ်လေး လက်ဖွဲ့မှာတွေက အတည်လားဟင်”

“ဩော် မြမြလတ်ရဲ့၊ လူကြီးစကားပါဟဲ့”

မြမြလတ်ခမျာ အခုချက်ချင်းတောင် မင်္ဂလာဆောင်ချင်စိတ်ပေါက်သွားပါတယ်။ အလုပ်အကိုင် ဝင်ငွေလည်းရှိ၊ နေစရာလည်းရှိ၊ မင်္ဂလာတောင်ဆောင်ပေးဦးမှာဆိုတော့ ကဲ ဘာလိုသေးလဲ၊ အဲသတို့သားပဲ လိုတော့တယ်။ မြမြလတ်က ဒူးကလေးနှံ့၊ ခုံကလေးလှုပ်ပြီး သူ့ရှေ့ကတယ်လီဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။

“ကဲ ဝင်းကိုသိုက်ရေ့ ရှင်နဲ့ ကျွန်မ မတောင်မကျ နှလုံးသားတွေကို တင်ပြီးကျသွားအောင်၊ ကြိုးစားသိုက်ကြစို့ရဲ့”

. . . ☺ . . .


www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆည်ခံပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့(. . . . . . . . . . .) နေ

ဦးမောင်မောင်သိုက် ၊ ဒေါ်သွဲ့သွဲ့ခအေး တို့၏

တစ်ဦးတည်းသောသား

မောင်ဝင်းကိုသိုက်- **BSc.( physics )**

**( Assistance manager, sales & promote section;**

**May Soe Khin & Husband Co.,Ltd )**

နှင့်

ရန်ကုန်မြို့(. . . . . . . . . . .) နေ

ဦးဇော်မျိုးထွန်း ၊ ဒေါ်ချွေးချွေးမြတို့၏သမီးလတ်

မမြမြလတ်- **BSc.( physics )**

**( Assistance manager.admin section;**

**May Soe Khin & Husband Co.,Ltd )**

တို့ကိုမိဘတို့ဝတ္တရားရှိသည့်နှင့်အညီထိမ်းမြားလက်ထပ်မည်ဖြစ်ပါ၍

'မင်္ဂလာဆည်ခံပွဲ'သို့ ကြွရောက်ချီးမြှင့်ပါရန်

ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com


မင်္ဂလာဖိတ်စာကို ဖတ်လိုက်ရတဲ့စန္ဒီမိုးခများ ငယ်ထိပ်ကို ရဲတင်းလေးနဲ့ ဆတ်ကနဲထုပြီး ဟက်လက်သလို ခံစားလိုက်ရပါတယ်။ ဒါ လုံးဝချုံခိုတိုက်ခိုက်ခံလိုက်ရတာ၊ နောက်ကျောကနေ ဓါးနဲ့အထိုး ခံလိုက်ရတာ။ တစ်သက်လုံးကိုယ့်လှေငှို့ ဆင်ထားခဲ့တဲ့ မြမြလတ်က၊ ကိုယ့်ရည်းစားကို အေးဓားပြတိုက်သွားပါရောလား။ အော်စန္ဒီမိုး၊ စန္ဒီမိုး ညည်းတစ်ချိန်လုံး မြွေပွေးကောင်ထဲ ဒိုက်မိနေတာကို။ အလှ၊ တုံးလှ၊ နုံလှချည်လားစန္ဒီမိုးရယ်၊ သူများတော့ ဝင်းကိုသိုက်ကြောင့် ခံစားရသမျှကို စိကာပတ်ကုံးရင်ဖွင့်ပြခဲ့သေးသား။ ဒါတွေကို အဲဒီ ကောင်မက ဝမ်းထဲကကြိတ်ဟားနေမှာပေါ့။

"မြွေပွေးမ၊ မြွေစိမ်းမြီးခြောက်မ၊ နောက်ကျောပက်မြွေမ၊ မြွေ ဟောက်မ နင်ပါးစပ်လေးပိတ် အေးခြင်းညီတ်နားဆောင်နေတာကို၊ ငါက သူတော်ကောင်းရယ်လို့ အထင်တွေကြီးနေခဲ့တာ။ လတ်စ သတ်တော့ နင်က နင့်လူနဲ့ငါ့လူမြင်မှာစိုးလို့ ရေငုံနှုတ်ပိတ် နေတာကိုး မြမြလတ် ရဲ့"

စန္ဒီမိုးရဲ့ အညွှန်းအဆွေးသောကတွေက မြမြလတ်အပေါ် ဒေါသအစိုင်အခဲဖွဲ့သွားပါတော့တယ်။ သူကိုယ်တိုင် အခြား ကောင်မလေးတွေနဲ့ ငေါက်ငေါ်က်ကို တွန်းပေးခဲ့ဖူးပေမယ့်၊ အဲဒီစာရင်း ထဲမှာ မြမြလတ်မပါဘူး၊ သူ့စိတ်ကလည်းအဆန်းသား။ အခုနေ ဝင်းကိုသိုက်က မြမြလတ်မဟုတ်တဲ့ မိန်းကလေး တစ်ယောက်နဲ့လက်ထပ်သွားရင်အောင် စန္ဒီမိုး ဒီလောက်ခံစားရမှာ မဟုတ်ဘူး။ ဗေဒင်ဆရာ ပြောလိုက်တဲ့ ငါးနှစ်ဆိုတာကြီးကို ဇွတ်ယုံပြီး "ဒင်းတို့ပျော်နိုင်လှ အလွန်ဆုံးငါးနှစ်ပေါ့" ဆိုပြီး ခပ်ထေ့ထေ့လေးပြုံးမိနေဦးမှာ။ အခု မြမြလတ်နဲ့ကျတော့ ကိုယ့်အောက်ဖဲသိထားတဲ့လူနဲ့ အရှုံးခံပြီး ဖဲယှဉ်ရိုက်သလို ခံစားရတယ်။ ဗေဒင်ဆရာ ပြောစကားနဲ့လည်း ဘယ်လိုမှ ဖြေလို့မရနိုင်ဘူး။ ထူးတော့ထူးဆန်းသား။


www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ ဘယ်လိုအားသာချက်တွေ ရှိနေလို့၊ နင့်ဘဝတစ်ခု လုံးကို ချလောင်းရတာလဲ မြမြလတ်ရယ်။ နင်ကိုယ်တိုင်လည်းဗေဒင်ဆရာဟောထားတာကို သိထားပြီးသားပဲ။ ကံကြမ္မာကိုမယုံလို့လား။ နင့်ကိုယ်နင်ပဲ အထင်ကြီးလွန်းတာလား"

အဲဒီအဖြေကိုတော့ စန္ဒီမိုးကိုယ်တိုင်လည်း မစဉ်းစားတတ်ပါဘူး။ ဝင်းကိုသိုက်နဲ့ ဝေးသွားပေမယ့်လည်း သူ့ရင်ထဲမှာဝင်းကိုသိုက်ရှိနေဆဲပါ။ ထူးဆန်းတာက မျက်ရည်တစ်စက်မှကျမလာတာပဲ။ သူ့ရင်ထဲမှာတော့တနုံ့နုံ့နဲ့ ငါ့ကိုလုပ်ရက်လေခြင်းဆိုတဲ့ အတွေးစကလွှမ်းမိုးနေလေရဲ့။ ဒီအတိုင်းငြိမ်နေလို့ကတော့ စန္ဒီမိုးတို့ အဆိပ်မ ရှိရာကျလိမ့်မယ်။ ပါးရိုက်လို့မှ နားပြန်မကိုက်ရရင် စန္ဒီမိုး ဘယ်ဟုတ်ပါတော့မလဲ။ စန္ဒီမိုးက အတွေးနဲ့တစ်ဆက်တည်း သူ့ရှေ့က ဖုန်းကိုကောက်ကိုင်လိုက်ပြီး နံပတ်လေးတွေ နှိပ်လိုက်ပါတယ်။

"ဟဲလို"

တစ်ဖက်က ကောက်ကိုင်လိုက်တဲ့လူက မြမြလတ်ကိုယ်တိုင်။ စန္ဒီမိုးက အသက်ဝဝရှူလိုက်တယ်။

"အေး. . . ငါစန္ဒီမိုးပဲ။ ငါနင့်ဆီဖုန်းဆက်တာ congratulation လုပ်မလို့ ထင်မနေနဲ့။ နင်တို့နှစ်ယောက်ကို ငါဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ငါနင့်ဆီက တစ်ခုခုကြားရမှဖြစ်မယ်။ မနက်ဖြန် မနက် ကိုးနာရီကို Mr.Flute မှာဆုံရအောင်။ နင့်အတွက် ကောင်းသောလာခြင်း မဖြစ်နိုင်သလို၊ ငါကလည်း ကောင်းသောဖိတ်ခေါ်ခြင်းမဟုတ်ဘူး၊ နင်လိပ်ပြာလုံတယ်ဆိုရင်တော့ နင်သေသေ ချာချာလာခဲ့ပါ။ နင်မလာရင်တော့. ဟင်းဟင်း၊ နင်တစ်သက်လုံး ခံစားသွားရလိမ့်မယ်၊ ဒါပါပဲ"

. . . ☺ . . .





# Mr.Flute Cafe:

စိတ်တောနေတဲ့ စန္ဒီမိုးက နံနက်ရှစ်နာရီ မခွဲခင်ကတည်းက Mr.Flute ကို ရောက်နှင့်နေတယ်။ ဆိုင်ကဖွင့်ထားတဲ့ တီးလုံးသံက သာယာတဲ့မနက်ခင်းနဲ့ လိုက်ဖက်စွာ ငြိမ့်ငြိမ့်ညောင်းညောင်းလေး။ ဒါပေမယ့် ဗလောင်ဆူနေတဲ့ စန္ဒီမိုးရဲ့ရင်နဲ့တော့ မလိုက်ဖက်လှဘူး။ စန္ဒီမိုးက သူ့ရှေ့ကကော်ဖီခွက်ကို ဇွန်းနဲ့နာနာခေါက်လိုက်တယ်။ စားပွဲထိုးလေးက ဘေးနားကရောက်လာတယ်။

"နင်တို့ အဲဒီတီးလုံးပြောင်းပေးလို့ မရဘူးလား"

"ခင်ဗျာ"

စန္ဒီမိုးရဲ့ ပြောစကားကြောင့် waiter လေးက အူကြောင်ကြောင်ဖြစ်သွားရှာတယ်။ ဒီလိုဆိုင်မျိုးလာပြီး တီးလုံးပြောင်းခိုင်းတာ သူစားပွဲထိုးလုပ်တဲ့ သက်တမ်းတစ်လျှောက် ဒီတစ်ခါပဲရှိသေးတယ်။

"ဟို အချစ်သီချင်းလေးတွေ ပြောင်းပေးရမလား အစ်မ"

waiter လေးကစန္ဒီမိုးကို အထင်တကြီးရှိပုံပါပဲ။ အချစ်သီချင်းလားတဲ့။ စန္ဒီမိုးက စားပွဲထိုးလေးကို ခပ်တင်းတင်းကြည့်လိုက်ပြီး

"ဘာအချစ်သီချင်းမှ မလိုချင်ဘူး။ နင်တို့ဆိုင်မှာ နတ်ဒိုးတီးလုံးတွေမရှိဘူးလား။ ငါ နင်တို့ဆိုင်လာထိုင်နေတာ လူတစ်ယောက်နဲ့ ရန်ဖြစ်ဖို့ချိန်းထားလို့။ ငါအခု နားထောင်ချင်နေတာ စိတ်ခေါင်းဘက်ကြွစေတဲ့ နတ်ဒိုးတီးလုံးတွေပဲ"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



waiter လေးမျက်စေ့ထဲ ပန်းကန်ပြားပျံတွေ၊ ပန်းကန်လုံးပျံတွေ ကြိုမြင်လိုက်ပါတယ်။ ဆိုင်မန်နေဂျာကို အကျိုးအကြောင်းပြောပြတယ်။ ဆိုင်မန်နေဂျာက စန္ဒီမိုးကိုအကဲခတ်လိုက်ပြီး

"ထားလိုက်ပါကွာ၊ သူ့ရည်းစားနဲ့ စကားများထားလို့ဖြစ်မှာပေါ့။ အခြေအနေကြည့်ရတာ၊ ကွဲရှပျက်စီးသွားလည်း လျော်နိုင်မယ့်ပုံပါပဲ။ မသိမသာလေးပဲ အကဲခတ်နေလိုက်"

"ဟုတ်"

မနက်ကိုးနာရီတိတိမှာ မြမြလတ်က ဆိုင်ထဲကို ဝင်လာပါတယ်။ ကလီယိုပက်ထရာ အီဂျစ်ကို သိမ်းပြီးစ ခြေလှမ်းမျိုးနဲ့ပါ။

'ဟင်း၊ အမြင်ကတ်ဖို့ သိပ်ကောင်းတာပဲ'

စန္ဒီမိုးကလျှောက်လာတဲ့ မြမြလတ်ကိုကြည့်ရင်း ကျိန်ဆဲလိုက်ပါတယ်။ ဘာပဲပြောပြော ဒီနေ့ပွဲမှာ မြမြလတ်က ပွဲဦးထွက်တစ်မှတ်ရရှိသွားပါပြီ။ စန္ဒီမိုးက စိတ်စောပြီးကြိုရောက်နေတာ သူ့အမှားပဲ။ မြမြလတ်တို့က တမင်အချိန်ကိုက်ပြီး ကွက်တိဝင်လာတာ။ ပိုပြီးသေချာအောင် သူငှါးလာတဲ့တက္ကစီဒရိုင်ဘာကိုတောင် စန္ဒီမိုးပုံစံပြောပြပြီး ဆိုင်ထဲအရင်ဝင်ကြည့်ခိုင်းလိုက်သေးတာ။ အခုတော့ မြမြလတ်က စန္ဒီမိုးရှေ့တည့်တည့်ခုံမှာထိုင်ရင်း

"အဟင်း၊ စောင့်နေရတာကြာပြီလား။ sorry ဟာ၊ တစ်မိနစ်လောက်နောက်ကျသွားတယ်"

ဆိုတဲ့စကားကို အရသာရှိရှိ ပြောနိုင်ပြီပေါ့။ စန္ဒီမိုးကလည်း သူ့အမှားသူသိသွားပုံပါပဲ။

'နင်အပိုတွေ လုပ်မနေနဲ့ မြမြလတ်။ နင်ဒီအချိုးချိုးမယ်ဆိုတာ အစကတည်းကသိပြီးသား။ ဒါတွေငါ့အတွက် အရေးမပါဘူး။ အေးလေ၊ နင့်လို လူများရည်းစားကြောင်တောင်နှိုက်ရဲတဲ့ မိန်းမအတွက်တော့ အရေးပါရင်ပါမှာပေါ့'

စန္ဒီမိုးက ဘိုက်စစ်စဖွင့်ပါတယ်။ စန္ဒီမိုးတောင် ကျောင်းတုန်းကလို မဟုတ်တော့ဘူး။ အပြောအဆို အတော်လေး စာတတ်လာ





ပြီပဲ။ ဒါပေမယ့် ဒီဘက်ကလည်း မိန်းမဘာသမီး သုံးတောင်ဝတ် မြမြလတ်ပါပဲ။ တိုက်စစ်ကို တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန် ပါတယ်။

"လူများရည်းစားကြောင်တောင် နှိုက်တယ်ဆိုတဲ့ အသုံးအနှုန်းကို ပြန်ရုတ်သိမ်းလိုက်ပါ စန္ဒီမိုး။ ငါ. . . ဝင်းကိုသိုက်ကို လက်ခံလိုက်တဲ့အချိန်ဟာ၊ နင်နဲ့ဝင်းကိုသိုက်ပြတ်ပြီး ခြောက်လ၊ ငါးရက်နဲ့ နှစ်ဆယ့်သုံးနာရီကြာပြီးမှဆိုတာ နင်သိထားလိုက်ပါ"

"ဟင်း ဟင်း ဟင်း၊ တိကျလှချည်လား မြမြလတ်ရဲ့။ ခြောက်လနဲ့ခြောက်ရက်ပြည့်သွားအောင် နောက်ထပ်တစ်နာရီလေးတောင် မစောင့်နိုင်တော့ဘူးကိုး. . ဟင်းဟင်း။ နင်က အဲဒီအချိန်ရောက်ဖို့ နေ့တိုင်းလက်ချိုးရေပြီး စောင့်ခဲ့ရတာမလား"

ဒီစကားကတော့ မြမြလတ်ရဲ့ Bull eye ကိုဒါရိုက် ထိပါတယ်။ ဒီနေရာမှာ အချိန်တွေ နာရီတွေ အတိအကျသွားပြောတော့ ခံလိုက်ရတာပေါ့။ တိကျတယ်ဆိုတာ သိပ္ပံပညာကလွဲရင် ကျန်တဲ့နေရာသိပ် အသုံးမတည့်လှဘူး။ အခြေအနေမလှတဲ့ မြမြလတ်က ပွဲမြန်မြန်သိမ်း ဖို့ ကြိုးစားပါတယ်။

"မဆိုင်တာတွေ ပြောမနေနဲ့ စန္ဒီမိုး။ ဘာပဲပြောပြော ငါဝင်းကိုသိုက်ကို နင့်လက်ထဲကလုခဲ့တာ မဟုတ်ဘူး။ အဲဒီအတွက် ငါ့လိပ်ပြာငါ လုံတယ်။ ဒါကြောင့်လည်း ငါနင့်ရှေ့ကိုလာခဲ့တာ။ ဒီလိုစကားနာထိုးရုံသက်သက်ဆိုရင်တော့ နင်ပြောချင်တာတွေကို အသံသွင်းပြီး CD နဲ့Burnထားပြီးပို့ပေးလိုက်။ ငါပျင်းတဲ့အချိန် နားထောင်ပေးပါ့မယ်။ ဟုတ်ပြီလား၊ ငါအချိန်မရှိဘူး သွားမယ်"

"အောင်မာ အောင်မာ"

မြမြလတ်စကားကြောင့် စန္ဒီမိုးခမျာ ဆွေ့ဆွေ့ခုန်သွားပါတယ်။ တစ်သက်လုံးမပွင့်တပွင့်နဲ့ လက်ညှိုးထောင် ခေါင်းညိတ် လုပ်နေတဲ့ကောင်မကများ။ ဒင်းက ဝင်းကိုသိုက်အားကိုးနဲ့ ပက်ရဲပြီပေါ့။

"ဒီမှာမြမြလတ်။ နင့်အကြောင်းငါ မသိဘူး…



www.burmeseclassic.com

www.burmeseclassic.com



နေလား။ ဝင်းကိုသိုက် ဆေးရုံတက်တုံးက နင်တစ်ဒီးဒီးနဲ့ ဆေးရုံကို သွားနေခဲ့တာလေ။ နင်ဝင်းကိုသိုက်ကို မမြူဆွယ်ခဲ့ပါဘူးလို့ ဝန်ခံရဲ လား။ နင် ခါတာခါတာနဲ့ ဖက်ထုပ်ချိုင့်လေးဆွဲပြီး ဝင်းကိုသိုက်အ ခန်းထဲဝင်သွားတဲ့အချိန် ငါဆေးရုံမှာရှိတယ်။ ငါ့မှာငါ့ကြောင့် ငါ့ချစ်သူ တစ်ခုခုများ ဖြစ်သွားမလားလို့ တွေးပူနေတဲ့အချိန်။ အနီးဆုံးရောက်ခဲ့ ပေမယ့် ငါဝင်မတွေ့ခဲ့ဘူး။ ဒါငါ့အမှားပါပဲ။ ဒါလည်းမောင့်ကိုငါ ချစ်လွန်းလို့ ငါမှားခဲ့တာ။ အေး နင်သိထားဖို့က စန္ဒီမိုးဆိုတဲ့ငါက နင်တို့တစ်တွေပြုံးပျော်နေတာကို ဝမ်းနည်းပက်လက်နဲ့ ဒီအတိုင်း ကြေကွဲနေမယ့်မိန်းမ မဟုတ်ဘူး။ ဒီမှာမြမြလတ်၊ နင်ဝင်းကိုသိုက် ကိုရဖို့ မရှက်မကြောက်လုပ်ခဲ့သလို၊ နင်တို့နှစ်ယောက်ပြတ်သွားဖို့ ဘာမဆို ငါလုပ်ရဲတယ်။ နင်တို့နှစ်ယောက် ဒီတစ်သက်ပျော်ရွှင်ခြင်း ဆိုတာ မခံစားရပါစေနဲ့လို့ ငါကျိန်စာတိုက်ခဲ့တယ်။ ရော့ ဟော ဒီမှာ. . "

စန္ဒီမိုးက စကားအရှည်ကြီး တောက်လျှောက်ပြောပြီး မတ် တပ်ရပ်လိုက်ပါတယ်။ ပြီးတော့ လွယ်ထားတဲ့ ဆလင်းဘတ်ထဲကနေ အနက် ရောင်ဘူးလေးတစ်ဗူးကို စားပွဲပေါ် ပစ်ချလိုက်ပြီး

"ဒါ နင်တို့စိတ်ဆင်းရဲစေဖို့ ငါ့ရဲ့ပထမဦးဆုံးလက်ဆောင်ပဲ။ ကဲသွားပြီ ဖက်ထုပ်မရေ၊ ဟားဟား"

စန္ဒီမိုးက လေဒီရှူးသံ တစ်ခွပ်ခွပ်မြည်အောင် ကျောက်ပြား ပေါ်ကို ဖိနင်းရင်းထွက်သွားလေရဲ့။ မြမြလတ်ကတော့ စားပွဲပေါ်က ဗူး အနက်လေးကို စူးစိုက်ကြည့်ရင်း ကျန်ခဲ့ပါတယ်။ ဒါဘာလဲ။ မြမြလတ်က ထားပစ်ခဲ့ဖို့ စိတ်ကူးပြီးမှ စိတ်တင်းပြီးဗူးအနက်လေးကို ဖွင့်လိုက်ပါတယ်။ အထဲမှာတော့ စားပွဲတင် ဒီဂျစ်တယ်နာရီတစ်လုံး။ ဒါပေမယ့် ပုံမှန်အချိန်ပြတဲ့နာရီမျိုးမဟုတ်ဘဲ၊ count down လို့ခေါ်တဲ့ ပြောင်းပြန်အချိန်ပြတဲ့နာရီမျိုး။ ဆိုပါတော့ အာကာသ ယာဉ်လွှတ်တင်ရန် ဆယ်စက္ကန့်၊ ကိုးစက္ကန့်၊ ရှစ်စက္ကန့် အဲဒီလိုမျိုး တဖြည်းတဖြည်း နည်းသွားပြီး နောက်ဆုံးသတ်မှတ် အချိန်ကျရင်





အားလုံး သုညတွေချည်းပဲပြနေတဲ့နာရီမျိုး။ မြမြလတ်ကနာရီက ပြနေတဲ့ အချိန်ကိုကြည့်လိုက်ပါတယ်။95:45:21တဲ့။ ကိုးဆယ့်ငါး နာရီ ဆိုတော့ သုံးရက်နဲ့ ၂၃နာရီ။ အဲဒီအချိန်ဆိုရင် ဝင်းကိုသိုက်နဲ့ မြမြလတ်တို့ မင်္ဂလာဧည့်ခန်းမထဲ ရောက်နေတဲ့အချိန်။ မြမြလတ်တစ် ယောက် ခေါင်းငိုက်စိုက်ကျသွားတယ်။ ချက်ချင်းဆိုသလို ပြန်မော့ သွားတယ်။

"ဒီအချိန် တွေဝေနေလို့ မဖြစ်ဘူး"

အတွေးနဲ့အတူ နာရီဗူးကိုကောက်ကိုင်ပြီး ဆတ်ကနဲ ထ လိုက်ပါတယ်။ အနားရောက်လာတဲ့ waiter လေးက-

"အစ်မ၊ ကော်ဖီမရှင်းရသေးဘူး ခင်ဗျ"

မြမြလတ်က စားပွဲပေါ် လှမ်းကြည့်လိုက်တော့ စန္ဒီမိုး သောက်သွားတဲ့ ကော်ဖီခွက်။ မြမြလတ်က ပိုက်ဆံအိတ်ရှင်းပေးရင်း ကျိန်ဆဲလိုက်ပါတယ်။

"ဒင်းက အကျောကြီးနဲ့ ကော်ဖီဖိုးရှင်းခိုင်းသွားသေးတယ်။ တောက်"

စန္ဒီမိုးက တနည်းနည်း

ပြောလိုက်တယ်။ အားလုံး

။ ခဏကြာမှကျော်ဇေယျက

က်နေတဲ့ အချိန်ဟာနင်ဘို

နမယ့် အချိန်ပေါ့။ အဲဒီအချိန်

ဆိုလိုတာလား"

အတိုင်းပဲ။ စန္ဒီမိုးက

းမယ့် အနေအထား



www.burmeseclassic.com

www.burmeseclassic.com


# 90:23:49

မြမြလတ်၊ ဝင်းကိုသိုက်၊ မိုးသူနဲ့ကျော်ဇေယျတို့ လေးယောက် စားပွဲပေါ်တင်ထားတဲ့ နာရီကို ငုံ့ကြည့်နေပါတယ်။ မိုးသူက..

"ဒါဆိုရင် နင့်ကိုစန္ဒီမိုးက ဒါလေးအဖြေပေးပြီး စစ်ကြေငြာသွားတာပေါ့"

မြမြလတ်က သက်ပြင်းရှိုက်ရင်း ခေါင်းညိတ်တယ်။ ဝင်းကိုသိုက်က

"နင်က ဘာကိစ္စသွားတွေ့ရတာတုံး။ ဒီအတိုင်းထားလိုက်တာမဟုတ်ဘူး"

"မြမြလတ်သွားမတွေ့ရင်လည်း စန္ဒီမိုးက တနည်းနည်းကြံဦးမှာ"

ကျော်ဇေယျက တွေးတွေးဆဆပြောလိုက်တယ်။ အားလုံးအတွေးကိုယ်စီနဲ့ ငြိမ်သက်သွားကြတယ်။ ခဏကြာမှကျော်ဇေယျက

"ဒီနာရီလေး သုညမှတ်ရောက်နေတဲ့ အချိန်ဟာနင်တို့နှစ်ယောက် မင်္ဂလာခန်းမထဲ ရောက်နေမယ့် အချိန်ပေါ့။ အဲဒီအချိန်မှာ စန္ဒီမိုးက တစ်ခုခုလုပ်လိမ့်မယ်လို့ ဆိုလိုတာလား"

"အင်း တွေးလို့ရသမျှတော့ ဒီအတိုင်းပဲ။ စန္ဒီမိုးက မင်္ဂလာအခမ်းအနားကို အနှောက်အယှက်ပေးမယ့် အနေအထားပဲ"


www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျရဲ့အမေးကို မြမြလတ်က ပြန်ဖြေလိုက်ပါတယ်။ ဝင်းကိုသိုက်ကတော့ စိတ်ရှုပ်ရှုပ်နဲ့

"ဟာကွာ ပစ်ထားလိုက်ပါ။ ပေးစမ်း အဲဒီနာရီ၊ ငါမြေအောက်ကျင်း ပစ်လိုက်မယ်"

"အခုဟာက နာရီကပြဿနာရှာတာ မဟုတ်ဘူးလေ။ နင့်ရည်းစားဟောင်းက ပြဿနာရှာနေတာ၊ နင်ဒီလောက် အတွေးမတိမ်စမ်းပါနဲ့"

"အဲဒီတော့ ငါက ဒီနာရီကို အလှထိုင်ကြည့်နေရမှာလား"

နေရင်းထိုင်ရင်းမြမြလတ်နဲ့ ဝင်းကိုသိုက်တို့ ကွိုင်တက်ကြပါတယ်။ဟုတ်တယ်၊ လူများတွေ သက်စေ့ရည်းစားထားတာ ပြဿနာတက်တယ်မကြားမိဘူး။ သူ့ကျမှ တစ်ယောက်မကောင်း တစ်ယောက်လေးပြောင်းမိပါတယ်။ ခြောက်လလောက် စာရင်းပျောက်နေတဲ့ရည်းစားဟောင်းက ခြိမ်းရခြောက်ရနဲ့။ မိုးသူက နှစ်ယောက်စလုံးကိုဟောက်ရင်း

"မင်းတို့ကလည်း တော်စမ်းပါ။ အလကားနေရင်း ရန်ထဖြစ်ဦးမယ်။ စန္ဒီမိုးက တကယ်လုပ်မယ်လို့ ထင်လား။ ဒါမှမဟုတ် နင်တို့တိုသက်သက်မဲ့ စိတ်အနှောက်အယှက်ဖြစ်အောင်လုပ်တာရော မဖြစ်နိုင်ဘူးလား။ တကယ်လို့ မင်္ဂလာဆောင်ကို နှောင့်ယှက်မယ်ဆိုရင်တောင်ကြေညာစရာမလိုဘူး၊ ဟုတ်တယ်မလား မြမြလတ်"

"သူက- အခုဘာမဆိုလုပ်ရဲတယ်တဲ့"

အားလုံး ခဏလောက်ငြိမ်သွားကြပြန်တယ်။ ကျော်ဇေယျက ဝင်းကိုသိုက်ဖက်လှည့်ပြီး

"မင်းကလည်းမင်းပဲ။ စန္ဒီမိုးအရှက်ခွဲလို့ရအောင် ဘာတွေမဟုတ်တာ လုပ်ထားသေးလဲ။ ဟိုတုန်းက မင်းပြောဖူးတယ်လေ။ စန္ဒီမိုးခါးဘယ်နှစ်လက်မဆိုတာ အတင်းတိုင်းကြည့်တယ်ဆို။ နောက်ထပ်ဘာလုပ်ထားသေးလဲ"

"ဟာ ဘာမှမလုပ်ပါဘူး။ သူ့ခါးကိုလည်း အတင်းတိုင်းတာမဟုတ်ပါဘူး၊ သူသဘောတူလို့ တိုင်းတာပဲဥစ္စာ။ သမီးရည်းစားအချင်းချင်း ဒီလောက်ကတော့ ဘာမှမဖြစ်ပါဘူး။ သူတောင် ယားလို့ရယ်နေသေးတာပဲဟာ. အား'

မြမြလတ်က ဝင်းကိုသိုက်ပေါင်တွင်းကြော ဆွဲလိမ်လိုက်တာပါ။ မျက်စောင်းခပ်ကြီးကြီးပါ အဆစ်ရလိုက်သေးတယ်။ အရေးကြီးပါတယ်ဆိုမှ ဒင်းကရည်းစားဟောင်းနဲ့ ကြည်နူးခဲ့တာတွေ မြိန်ရည်ရှက်ရည် စားမြုံ့ပြန်နေသေးတယ်။ ဟင်း ဒါမျိုးလွှတ်ထားလို့ကတော့ တစ်သက်လုံး ဇတ်မသတ်နိုင်ဖြစ်သွားလိမ့်မယ်။ ဝင်းကိုသိုက်က ကိုယ့်ပေါင်လေးကိုယ်ပွတ်ရင်း ဟိုနှစ်ကောင်ရဲ့ထင်မြင်ချက်ကို မေးလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်ကရော စန္ဒီမိုးတစ်ကယ်လုပ်လိမ့်မယ်လို့ထင်လား"

"နှစ်မျိုးလုံးဖြစ်နိုင်တယ်"

မိုးသူက ဆရာကြီးလေနဲ့ဖြေလိုက်တယ်။ဒါတော့သူပြောမှလား။ ကျော်ဇေယျကတော့ အလေးအနက်တွေးနေပုံပဲ။ မြမြလတ်ကတော့ စိုးရိမ်တကြီးနဲ့

"တကယ်ဆို ဘယ်လိုလုပ်ကြမလဲဟင် ဝင်းကိုသိုက်"

ဝင်းကိုသိုက်က သက်ပြင်းရှည်ကြီးမှုတ်ထုတ်ရင်း

"ဟူး. . . မင်းတို့နှစ်ကောင်ခေါ်ထားတာ အလကားပဲ။ ဘာအကြံမှထွက်မလာဘူး။ ငါစဉ်းစားထားတာရှိတယ်။ မြမြလတ်. . . နင့်အစ်ကိုရယ်၊ ရုံးက sale promoter ကောင်လေးသုံးလေးယောက်လောက်ကို ဟိုတယ်ဝင်ပေါက်ကနေ စောင့်ခိုင်းပြီး စန္ဒီမိုးကို ဟိုတယ်ထဲ ဝင်မလာနိုင်အောင်လုပ်ရမယ်။နင့်အဒေါ်ကိုလည်း အကျိုးအကြောင်းပြောထားလိုက်၊ လိုအပ်ရင် နင်တို့ admin manager ကို ရုံးစာထုတ်ပြီး မင်္ဂလာဆောင်ကျူတီချဖို့ လူစာရင်းထုတ်ခိုင်းလိုက်၊ ဟိုနှစ်ကောင်. . မင်းတို့နှစ်ကောင်က မင်္ဂလာဆောင်မယ့်နေ့မှာ စန္ဒီမိုးအိမ်ရှေ့မှာ မနက်ခြောက်နာရီကတည်းက ကားတစ်စီးနဲ့ စောင့်







www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ”

“ဟင်”

“ဟင် မနေနဲ့၊ စန္ဒီမိုးကို ဘိုတယ်မလာနိုင်အောင် ဖြစ်တဲ့နည်းနဲ့ တား၊ လုံးဝအလစ်မပေးနဲ့။ အစားအသောက်၊ ဆေးလိပ်၊သောက်ရေ၊ လက်ဖက်ရည် လိုအပ်တာတွေ အားလုံးကို နှစ်နာရီ တစ်ခါ ငါ့ကောင်လေးတွေလာပို့လိမ့်မယ်။ မင်္ဂလာဆောင်မှာ မစားလိုက်ရလို့ စိတ်မညစ်နဲ့။ မင်းတို့နှစ်ယောက်ကို သီးသန့်ရှယ် ဟင်းဟင်း”

ဝင်းကိုသိုက် စီစဉ်စရာရှိတာ တောက်လျှောက်စီစဉ်သွား ပါတယ်။ လုံခြုံရေး အစီစဉ်ကတော့ ဟောလိဝုဒ်က မင်းသား၊ မင်းသမီးတွေပဲ မင်္ဂလာဆောင်သလိုလို၊ ကမ္ဘာကျော်ဘောလုံးသမားတွေပဲ လက်ထပ်မှာလိုလိုနဲ့။ မြမြလတ်ကတော့ ဝင်းကိုသိုက်ကို အထင်ကြီးသွားပါတယ်။ သူကဝင်းကိုသိုက်ကို ချစ်သာချစ်တာ တစ်ခါမှ အထင်မကြီးဖူးဘူး။ မဟုတ်မှလွဲရော စောစောက ပေါင်တွင်းကြောဆွဲလိမ်လိုက်လို့ ဉာဏ်တွေထွက်လာတယ်ထင်ပါ့။ ဒီအတိုင်းဆိုရင် မင်္ဂလာဆောင်ပြီး များများဆွဲလိမ်ဦးမှပဲ။ ဝင်းကိုသိုက်တော့ ဒဏ်ကြေဆေးသွားလေရာ ဆောင်ထားရတော့မှာပဲ။

“ဒီအတိုင်းဆို အိုကေလောက်မှာပါနော် ဝင်းကိုသိုက်”

မြမြလတ်အမေးကို ဝင်းကိုသိုက်က မိန့်မိန့်ကြီး ပြုံးပြနေရင်း

“ငါတစ်ယောက်လုံး နှင့်ဖက်မှာရှိပါတယ် မြမြလတ်ရယ်၊လုံးဝအဆင်ပြေသွားမှာပါဟာ”

“မပြေဘူးကွ၊ လုံးဝမပြေဘူး”

အနောက်ကလက်သံထွက်လာတာက ဟိုနှစ်ယောက်ဆီက။

“ဘာတွေအဆင်မပြေလို့တုံး မိုးသူရာ”

“အေး၊ တို့နှစ်ယောက်က ကားတစ်စီးနဲ့ စန္ဒီမိုးအိမ်ရှေ့သွားနေရတာတော့ ဟုတ်ပါပြီ။ အီးအီးပါချင်၊ ရှူးရှူးပေါက်ချင်ရင် ဘယ်လိုလုပ်မလဲကွ။ မင်းကောင်လေးတွေက နှစ်နာရီခြားတစ်ခါ





ရှူးရှူးအီးတွေပါ သယ်လာမှာလား”

ဝင်းကိုသိုက်က ခဏလောက်စဉ်းစားလိုက်ပါတယ်။ ပြီးမှ မိုးသူပုခုံးကိုပုတ်လိုက်ရင်း

“ဝေးပါ့၊ မိုးသူရာ။ စန္ဒီမိုးအိမ်တစ်အိမ်လုံးရှိနေတာ၊ အရေးပေါ်ကိစ္စဆိုရင် သူတို့အိမ် ခွင့်တောင်းပြီးသွားလိုက်ပေါ့ကွာ။ စန္ဒီမိုးက သူငယ်ချင်းအချင်းချင်း အိမ်သာတော့ပေးတက်မှာပါ၊ မဟုတ်ဘူးလား”

တော်လိုက်လေ။ စန္ဒီမိုးကို စောင့်ကြည့်ပါတယ်ဆိုမှ သူ့အိမ်ခွင့်တောင်းပြီး အိမ်သာသွားတက်ရဦးမယ်တဲ့။ အင်း ဒီလိုအတွေးအခေါ်နဲ့များ မင်္ဂလာဆောင်ဦးမယ်။ ရင်လေးသေးတယ်။ လွဲလိုက်ပုံများကတော့။ အင်းလေ အဲဒီလိုလွဲလို့ပဲ အရင်ဆုံးမိန်းမရတာပဲထင်ရဲ့။ ပြောပြန်ရင်လည်း ဝိုင်းဆဲကြဦးမယ်။ ယောကျာ်းလေးတွေ မိန်းမရတယ်ဆိုတာ ကံနိမ့်နေတဲ့အချိန်၊ ဦးနှောက်ပုံမှန် မဟုတ်ပဲ လွဲနေတဲ့အချိန်မှာ ရတတ်ကြတာဘဲ၊ ဘယ်သူပြောခဲ့တဲ့အဆိုအမိန့်တော့ မသိဘူး။ သူ့အဆိုအမိန့်အတိုင်းဆို စိတ်ကျန်းမာရေးဆေးရုံမှာ နေ့တိုင်း မင်္ဂလာဆောင်ကျင်းပနေရလိမ့်မယ်။ သေချာတာတော့ ယောကျာ်းလေး ဘွလည်း တစ်ချိန်မဟုတ်တစ်ချိန်တော့ လွဲတတ်ကြတာပဲ။ ဒါ့ပြင့် မိန်းကလေးတွေကရော။ အင်း.. သူတို့ကတော့ လွဲနေတဲ့ကောင်လေးတွေကို မိုးဦးကျဖားထွက်ရိုက်သလို အသင့်စောင့်ပြီး ခပ်ကနဲ ရိုက်လိုက်ကြတာမျိုးဖြစ်မယ်ထင်တယ်။ လက်စသတ်တော့ မိန်းကလေးတွေ အိမ်ထောင်ကျတယ်ဆိုတာ ဖားရိုက်သလိုမျိုးကို၊ အခုတော့ မြမြလတ်ခများ ဝင်းကိုသိုက်ဆိုတဲ့ ဖားပေါင်စင်းလေး ပလိုင်းထဲ ရောက်ဖို့ကြိုးစားရဦးမယ်။ ကဲ ရိုက်ပြီ။

“ခွပ်”

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com



## 03:00:00

စန္ဒီမိုးက စားပွဲပေါ်တင်ထားတဲ့ နာရီလေးကို သူ့စလင်းဘတ်ထဲ ထည့်လိုက်ပါတယ်။ ဒီနာရီလေးဟာ မြမြလတ်ကိုပေးလိုက်တဲ့နာရီနဲ့ အမျိုးအစားအတူတူပါပဲ၊ နာရီနှစ်လုံးလုံးကို ဘင်ချိန်တည်းညှိထားတာပါ။ နံရံပေါ်နာရီက မွန်းတည့်ဆယ့်နှစ်နာရီတိတိ။ နောက်သုံးနာရီဆိုရင် ဝင်းကိုသိုက်နဲ့ မြမြလတ်တို့ မင်္ဂလာဆောင်အခမ်းအနားကျင်းပကြတော့မှာပေါ့၊ စန္ဒီမိုးက အိပ်ခန်းပြတင်းပေါက်ကနေ လမ်းမပေါ် လှမ်းကြည့်ပြီး ပြုံးလိုက်ပါတယ်။ လမ်းပေါ်မှာ ဗင်ကားခဲရောင်တစ်စီးနဲ့ လူနှစ်ယောက် ကျော်ဇေယျနဲ့ မိုးသူပါ။ ဒီလောက်နေခြစ်ခြစ်တောက်ပူတဲ့ အချိန်ကြီးမှာ လျှာထိုးဦးထုပ်အနက်ကြီးကို ခပ်ငိုက်ငိုက်ဆောင်း မျက်မှန်အနက်ကြီး ကိုယ်စီတပ်ပြီး ခွေးတစ်လုံးလုံးနဲ့ စန္ဒီမိုးအိမ်ဖက် ဘကြည့်ကြည့် လုပ်နေကြပါတယ်။ ရုပ်ဖျက်ထားကြတာနေမှာပေါ့။

"ဟင်း နင်တို့ရုပ်လောက်တော့ ခွေးချီး ဆင်နင်း၊ ကြွက်ကိုက်ထားတာတောင် မှတ်မိတယ်၊ ဟင်း"

ဒီကောင်တွေ ဘာ့ကြောင့်စန္ဒီမိုးအိမ်ရှေ့ တဝဲတလည်လည် လုပ်နေရလဲဆိုတာ ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာ မလိုပါဘူး၊ ဝင်းကိုသိုက်နဲ့ မြမြလတ်က စန္ဒီမိုး အခြေအနေစောင့်ကြည့်ဖို့ လွှတ်ထားတယ်ဆိုတာ၊ မူကြိုကလေးလေးတောင် စဉ်းစားစရာမလိုပဲ သဘောပေါက်နိုင်ပါတယ်။ စန္ဒီမိုးက စလင်းဘတ်ကိုလွယ်၊ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ချထားတဲ့ ဆာလာအိတ်ထုပ်ခပ်ကြီးကြီးကို ညာဘက်လက်ကဆွဲ၊ ဘယ်ဘက်လက်မှာတော့ အားကစားပွဲတွေ၊ ဆေးကြောညာတဲ့လူတွေ သုံးတဲ့ ဓါတ်ခဲသုံး လော်စပီကာလေးကိုင်ပြီး ထွက်လာပါတယ်။

"ဟာ ဟော့ကောင်၊ ကျော်ဇေယျ ထထ ဟိုမှာစန္ဒီမိုးထွက်လာပြီ အထုပ်အပိုးတွေနဲ့။ ဘယ်ခရီးထွက်မလို့လဲ မသိဘူး"

စတီရီယာပေါ် ခေါင်းတင်ပြီးငိုက်နေတဲ့ ကျော်ဇေယျလည်း ကမန်းကတမ်း မျက်လုံးပွတ်ကြည့်လိုက်တယ်။ ပြီးမှ

"ဟင် သူ့လက်ထဲကစပီကာက ဘာလုပ်ဖို့လဲ"

မိုးသူက ခေါင်းခါပြတယ်။

"မသိဘူးလေ။ အထုပ်တွေနဲ့ စပီကာနဲ့ဆိုရင်တော့ ရပ်ကွက်လှည့်ပြီး ပွဲဆေးရောင်းမလို့လားမှမသိတာ။ ဒါနဲ့ ငါတို့က ဘာလုပ်ရမှာလဲ။ စန္ဒီမိုးကိုသွားဆွဲရမှာလား။ ငါ့နားထဲတော့ လက်ထိတ်သံ တချွင်ချွင်ကြားမိနေသလိုပဲ"

"ထွီ၊ မဦးမချွတ်။ ငါလည်းပြောသာပြောရတယ်၊ သွားမဆွဲရဲဘူး။ တော်ကြာ ထအော်လို့ ရပ်ကွက်က ဝိုင်းရိုက်ရင် အချောင်ခံရမှာ"

"ဘယ်လိုလုပ်မလဲ ကျော်ဇေယျ"

အခုမှ အကျပ်နဲ့အတည်း တည့်တည့်တိုးတော့တာပါပဲ။ စန္ဒီမိုးက တဖြည်းဖြည်း သူတို့နားရောက်လာပါပြီ။

"မတတ်နိုင်ဘူး။ အကျိုးအကြောင်းမေးကြည့်ပြီး တားရတော့မှာပေါ့။ မရရင်တော့ လွှတ်သာပေးလိုက်။ ပြီးမှ ဝင်းကိုသိုက်ဆီ အကြောင်းကြားလိုက်။ ဟိုတယ်ကလူတွေ သူ့ဘာသာသူလုပ်ရှား လိမ့်မယ်။ ... က အကြောင်းပြချက်ရှိတယ်။ ငါတို့နှစ်ကောင်က လမ်းလျှောက် ... အကြောင်းပြချက်မရှိဘူး။ မိုးသူ မင်းနေခဲ့။ ငါသွားမယ်"

ကျော်ဇေယျက ကားတံခါးဖွင့်ပြီး ဆင်းလိုက်ပါတယ်။ မိုးသူက ဒရိုင်ဘာနေရာဝင်ထိုင်ပြီး အဆင်သင့် စောင့်နေတယ်။ ဟုတ်တယ်၊ ပြေးသင့်ရင်ပြေးရအောင်လို့။ ကျော်ဇေယျက မဝံ့မရဲ





လေးနဲ့

"အဟဲ စန္ဒီမိုး အထုပ်တွေ အပိုးတွေနဲ့ ဘယ်သွားမလို့လဲ"

စန္ဒီမိုးက ကျော်ဇေယျကို စူးစူးလေးကြည့်ပြီးလက်ထဲက ဆာလာအိတ်ထုပ်ကို လှမ်းပေးလိုက်ပါတယ်။

"ရော့ စောစောကတည်းက လာသယ်တာ မဟုတ်ဘူး"

"ဟင်"

ကျော်ဇေယျက လက်ထဲရောက်လာတဲ့အထုပ်ကြီးကို ဆီးပွေ့လိုက်ရတယ်။ သိပ်တော့မလေးလှဘူး။ စန္ဒီမိုးက ခပ်တည်တည်နဲ့ နောက်ခန်းတံခါးဖွင့်ပြီး ဝင်ထိုင်လိုက်တယ်။ မိုးသူနဲ့ကျော်ဇေယျက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ အင်း၊ မချောလေးတော့ ဆွဲစရာ၊ ပြစရာမလိုပဲနဲ့ ကားပေါ်ရောက်လာပြီ။ ဘာတွေ ဘယ်လို ဆက်ဖြစ်ကြမှာပါလိမ့်။

"နင်တို့ငါ့ကို မင်္ဂလာဆောင်သွားဖို့ လာခေါ်တာမဟုတ်လား"

"အေး၊ အား မဟုတ်ဘူး၊ ငါတို့ မင်္ဂလာဆောင် မသွားဘူး။ ငါတို့ ပျင်းလို့ကားလျှောက်မောင်းရင်း ဒီနားခဏရပ်နေတာ၊ ဟုတ်တယ်နော် ကျော်ဇေယျ"

မိုးသူက အိုးနင်းခွက်နင်း ဖြေရှင်းရတယ်။ ဘယ့်နှယ် မင်္ဂလာဆောင်ခေါ် သွားရမယ်လို့။ ဒင်းကို မင်္ဂလာဆောင် ပင့်သွားလို့ကတော့ သတို့သားနဲ့သတို့သမီး ထိုင်ရာက ... ဘောင့်တောင့်လေးကြွသွားနိုင်တယ်။ စန္ဒီမိုးကတော့ ခပ်တည်တည်ရယ်။

"အော်၊ ဘာပဲပြောပြော နင်တို့နှစ်ယောက် အဲဒီမင်္ဂလာဆောင်သွားမှာပဲ မဟုတ်လား။ ငါလည်း နင်တို့နဲ့ကပ်လိုက်တော့ ကားခ သက်သာတာပေါ့ဟာ။ ဟဲ့ကျော်ဇေယျ အထုပ်ကြီးပိုက်ပြီး ဘာရပ်လုပ်နေတုန်း။ ကားထဲဝင်လေဟာ၊ နေပူမိပြီး နှပ်ချေး ဦးနေဦးမယ်"

ကျော်ဇေယျက အူကြောင်ကြောင်နဲ့ ကားထဲဝင်ပြီး စန္ဒီမိုးဘေးဝင်ထိုင်လိုက်ပါတယ်။ အထုပ်ကြီးကို ပစ္စည်းထားဖို့



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ ထည့်လိုက်ရင်း

"ငါတို့နှစ်ယောက်က မင်္ဂလာဆောင်မသွားဘူး စန္ဒီမိုးရ။ အဲဒီနှစ်ကောင်ကို စိတ်နာလို့၊ နော်မိုးသူ"

"ဟုတ်တယ်၊ ငါတို့ကစိတ်အရမ်းနာနေတာ ဟဲဟဲ။ တစ်ကယ်ဆို နင့်ဖက်လည်း စဉ်းစားကြည့်သင့်တာပေ့ါ၊ ဟုတ်တယ်မလား။ အဲဒါ နင်ဘယ်လိုများနေမလဲဆိုပြီး ကိုယ်ချင်းစာမိလို့ နင်တို့လမ်းထဲဝင်လာတာ။ ဟုတ်တယ်နော် ကျော်ဇေယျ"

"ဟုတ်တယ် ဟဲဟဲ"

ဟိုနှစ်ကောင်က ပြောင်လိမ်ပြောင်စားလုပ်ပြီး စန္ဒီမိုးကို သူ့လူကိုယ့်ဘက်သားဖြစ်အောင် စည်းရုံးလိုက်ပါတယ်။ စန္ဒီမိုးက. .

"ဟင်းဟင်း၊ နင်တို့က တကယ်ငါ့ဖက်ကပေ့ါ ဟုတ်လား"

"ဟုတ်တာပေ့ါ၊ ငါတို့က နင့်ဖက်ကပေ့ါ"

မိုးသူက အားပါးတရ ထောက်ခံလိုက်ပါတယ်။

"အေးဟယ်၊ အခုလိုကြားရတာ ငါဝမ်းသာပါတယ်။ နင်တို့မလဲ မနက်ခြောက်နာရီကတည်းက ငါဘယ်လိုများနေမလဲဆိုပြီး စောင့်ကြည့်နေတာ အားတောင်နာတယ်၊ အဟုတ်ပြောတာ"

"ဟိုက်၊ သေဟ"

ဟိုက တစ်ခွန်းတည်းကစ်လိုက်တာ မိုးသူတို့နှစ်ယောက် လန့်[illegible]သွားပါတယ်။ အတော်ရက်စက်တဲ့ စန္ဒီမိုး။ တစ်နေကုန် နေ[illegible]လှမ်းထားရက်တယ်။ သိနေတယ်ဆိုလည်း စောစောစီးစီး ဆင်[illegible]ပါတော့လား။ မိန်းမများ လည်ချင်တော့လည်း သူတို့အပြင် နှစ်ယောက်မရှိပြန်ဘူး။ စန္ဒီမိုးက ခပ်တင်းတင်းကြည့်လိုက်ပြီး

"အေး ငါကျောင်းတုန်းကလို အူတူတူစန္ဒီမိုး မဟုတ်တော့ဘူး။ ရည်းစားပင်[illegible]လည်း ခံဖူးပြီ။ သူငယ်ချင်းအရင်းခေါက်ခေါက်က သစ္စာဖောက်[illegible]လည်း ခံဖူးပြီ။ ဒီတော့ နင်တို့ငါ့ကို မင်္ဂလာဆောင် ပို့ပေးမလား မပို့ပေးဘူးလားပဲပြော။ အေး မပို့ပေးရင်တော့ ငါ ဟောဒါကြီးနဲ့ အော်ထည့်လိုက်မယ်"





စန္ဒီမိုးက သူ့လက်ထဲက စပီကာကို မြှောက်ပြလိုက်ပါတယ်။ ကားပေါ်က ငတေ နှစ်ကောင်ခမျာ ဇောချွေးတစ်လီတာလောက် ပြန်သွားပါတယ်။ အင်းဒုက္ခလှလှလေးတော့ လော်ကိုင်ပြီးကားထဲ ရောက်နေပါပြီ။ပြဿနာထုပ်တစ်ထုပ်လည်းပါလိုက်သေး။

"ဟို စန္ဒီမိုး၊ ငါပြောမယ်၊ ဟိုလေ. "

"တိတ်-အခုနင်တို့ပြောဖို့ အခွင့်အရေးမရှိဘူး။ ငါပြောတာ နင်တို့ လိုက်လုပ်ရမှာ။ တစ်ကနေငါးအထိရေမယ်။ ငါပြောသလို မလုပ်ရင် ဟောဒါကြီးနဲ့ အော်လိုက်လို့ကတော့ ကိုက်တစ်ရာပတ်လည်ကလူတွေ ဆွမ်းကြီး လောင်းအသင်းဖွဲ့ ကုန်လိမ့်မယ်၊ မယုံရင်စမ်းကြည့်လိုက်"

ကျော်ဇေယျရဲ့ မျက်နှာက ငိုတော့မယ့်အဆင်ဖြစ်လာတယ်။ နဂိုကတည်းက ဒီကောင်က ခပ်ကြောက်ကြောက်ရယ်။ အပေါင်းအသင်းကောင်းလို့ စွာကျယ်ကျယ်ဖြစ်နေတာ။ တကယ်တမ်းပြဿနာဖြစ်တော့မယ်လည်းဆိုရော ခြေမကိုင်မိ၊ လက်မကိုင်မိ။

"စန္ဒီမိုးရာ ငါတို့"

"တစ်"

စန္ဒီမိုးဆီက အမှတ်စဉ်ရေတဲ့အသံ ထွက်လာတယ်။ အဲဒီအချိန်မှာ. . .

"တီ. . တီ. . တီ"

ဟန်းဖုန်းက တီးလုံးသံလေးထွက်လာပါတယ်။ ကျော်ဇေယျက နံပါတ်ကြည့်လိုက်တော့ ဝင်းကိုသိုက်ရဲ့ ဖုန်းနံပါတ်။

"သေသာ သေလိုက်ချင်တော့တာပဲ"

"နှစ်"

အင်း ဒီအချိန်မှာ သေချင်ရင်တောင် အသက်ကိုဘယ်[illegible]က ညှစ်ထုတ်ရမှန်းမသိတဲ့ဘဝ။ အော် ဆိုးလိုက်တာ[illegible]ကျော်ဇေယျက ဖုန်းလေးကိုတစ်လှည့်၊ မိုးသူကိုတစ်လှည့်၊ [illegible]ကို တစ်လှည့် ကြည့်ပြီးမှ ကိုင်လိုက်ပါတယ်။ဟိုဘက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com



က. . .

"ဟေ့ကောင် အခြေအနေ ဘယ်လိုလဲ။ ငါအလှပြင်ဆိုင်သွားတော့မလို့။ နောက်ဆို ဖုန်းပြောနိုင်မှာမဟုတ်ဘူး။ အကြောင်းထူးရင် ငါ့ယောက်ဖဆီ လှမ်းပြောလိုက်ကြသိလား။ ဒီနံပါတ်ပဲ"

"ငါ. . . . ."

ကျော်ဇေယျက စန္ဒီမိုးကိုကြည့်ပြီး မျက်နှာကချွေးတွေကို လက်ဝါးနဲ့ သပ်ချလိုက်တယ်။ အရေးထဲ ဟိုဖက်က ဝင်းကိုသိုက်ကတစ်မျှောင့်

"ဟေ့ကောင်၊ ငါပြောတာကြားလား၊ မင်း ဘာဖြစ်နေတာလဲ"

စန္ဒီမိုးရဲ့အသံကြီးက စီကနဲ ထွက်လာတယ်။

"ဟဲ့ အခု ဟိုဖက်ကပြောနေတာ ဝင်းကိုသိုက်မဟုတ်လား. .။ ပြောလိုက်စမ်းပါ စန္ဒီမိုးတစ်ယောက် ကားထဲရောက်နေပြီလို့။ ဒင်းတို့ဆီ အချိန်မီလာခဲ့မယ်လို့"

ဖုန်းထဲကိုဝင်လာတဲ့ စန္ဒီမိုးအသံကြောင့် ဝင်းကိုသိုက်ခမျာ တုန်တောင်တုန်သွားရှာတယ်။

"ဟာ. . စန္ဒီမိုးက မင်းတို့ကားပေါ် ရောက်နေတာလား၊ မင်းတို့ ဘာလုပ်ထားကြလဲ"

ကျော်ဇေယျက ငိုသံပါကြီးနဲ့. . .

"ငါတို့ဘာမှမလုပ်ရပါဘူးကွာ။ သူ့ဘာသာသူ ကားပေါ်ကိုအော်ကြီးကိုင်တက်လာပြီး မင်္ဂလာဆောင်လိုက်မပို့ပေးရင် ရပ်ကွက်ကြားအောင် အော်လိုက်မယ်လို့ ပြောနေတယ်။ ဘာတွေအော်မလို့လဲမသိဘူး၊ ဒုက္ခပါပဲ ဝင်းကိုသိုက်ရာ ငါတို့နှစ်ကောင် ကြားထဲကအချောင်ဒုက္ခရောက်တော့မယ် ထင်ပါရဲ့။ ပြောကြကြေးဆိုရင် စန္ဒီမိုးလည်း ငါတို့သူငယ်ချင်း၊ မင်းတို့နှစ်ယောက်လည်း ငါတို့သူငယ်ချင်းပါပဲကွာ။ အခုတော့ ငါ့ရင်ထဲ ဘယ်လိုမှမကောင်းနိုင်ဘူးကွာ။ ငါအရမ်းစိတ်ထိခိုက်တယ်။ တော်ပြီ ဝင်းကိုသိုက်ရာ မင်းခိုင်းတာငါမလုပ်နိုင်တော့ဘူး။ ကြာရင်ငါငိုမိလိမ့်မယ်။ တော်ပြီကွာ"





ကျော်ဇေယျက ဖုန်းပိတ်လိုက်ပြီးဝဲနေတဲ့ မျက်ရည်တွေသုတ်လိုက်တယ်။ ပြီးတော့ စန္ဒီမိုးကို ကြည့်ရင်း. . .

"စန္ဒီမိုး ငါတို့ကိုခွင့်လွှတ်ပါဟာ။ နင်သွားချင်တဲ့နေရာကို ငါတို့လိုက်မပို့နိုင်ဘူး။ နင် သွားချင်တယ်ဆိုရင် ဒီကားကို နင့်ဘာသာမောင်းသွားပေတော့။ ငါတို့ဆင်းကျန်ရစ်ခဲ့မယ်။ ဒါပေမယ့် နင့်အကြံ အစည်အောင်မြင်မှာမဟုတ်ဘူး။အခုဆိုရင် ဟိုတယ်ပတ်လည်မှာ နင့်ကိုတားဖို့လူတွေ တန်းစီစောင့်နေတော့မယ်။ မိုးသူ မင်းဆင်းပေးလိုက်ကွာ"

စန္ဒီမိုးရဲ့မျက်နှာမှာ တွေဝေသွားတဲ့ အရိပ်အရောင်တွေထွက်ပေါ်လာပါတယ်။ မိုးသူက ကျော်ဇေယျကိုကြည့်ပြီး ကားပေါ်ကဆင်းပေးလိုက်ပါတယ်။ ကျော်ဇေယျလည်းဆင်းမယ်အလုပ်

"တီ. . တီ. . တီ. . တီ"

ကျော်ဇေယျရဲ့ဟန်းဖုန်းက ဒုတိယအကြိမ် တီးလုံးသံလေးထွက်လာပါတယ်။ ကျော်ဇေယျက ဖုန်းနားထောင်လိုက်တယ်။ တစ်ဖက်က ဝင်းကိုသိုက်၊

"စန္ဒီမိုးကို ဖုန်းပေးလိုက်"

ကျော်ဇေယျက စန္ဒီမိုးကိုဖုန်းကမ်းပေးလိုက်ရင်း ကားပေါ်ကဆင်းလိုက်ပါတယ်။ စန္ဒီမိုးက တုန်တုန်ရင်ရင်နဲ့ လှမ်းယူပြီး နားထောင်လိုက်ပါတယ်။

"စန္ဒီ"

ဝင်းကိုသိုက်ရဲ့အသံက နူးညံ့ညင်သာလို့နေတယ်။ ဒီအသံကို မကြားရတာ ကာလအတော်အတန် ကြာခဲ့ပေါ့။ ဘယ်လောက်ပဲကြာကြာ ဒီအသံက စန္ဒီမိုးရဲ့ရင်ကိုညွတ်နူးပျော့အိစေနိုင်တာပါပဲ။ စန္ဒီမိုးရဲ့မျက်ဝန်းတွေထဲက ဒေါသမိုးရိပ်တွေဟာ မျက်ရည်အဖြစ်ရွာကျကုန်ပါတယ်။

"မောင်ရယ်. . ဟီးအီးအီး. . နင်. . "

စကားသံကဆက်ထွက်မလာပဲ တိမ်ဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုသိုက်ရဲ့အသံက တိုးတိုးညှင်းညှင်း။

"ဖြစ်ခဲ့သမျှ ကိစ္စတွေမှာ တာဝန်အရှိဆုံးကငါပါ။ ကောင်းတာရော၊ ဆိုးတာပါ ငါတာဝန်ယူရမှာပေါ့။ ငါ့မင်္ဂလာဆောင်ကို အရှက်တကွဲအကျိုးနည်းဖြစ်ရမှ ကျေနပ်မယ်ဆိုရင်လည်းလာခဲ့ပါ စန္ဒီရယ်။ မင်္ဂလာခန်းမထဲအထိ နင့်ကိုမတားစေရပါဘူး။ နင်ပြောချင်တာတွေပြော၊ လုပ်ချင်တာတွေလုပ်၊ ငါလည်းစင်းခံပါ့မယ်။ ဒီနေ့ငါနင့်အပေါ်တင်နေတဲ့အကြွေးတွေ ပေးဆပ်ပြီးရင် မနက်ဖြန်ကစပြီး မြမြလတ်ကိုတစ်သက်လုံးပေးဆပ်ရဦးမှာ။ နင်ငါ့ကိုမျှော်လင့်မနေပါနဲ့တော့။ မုန်းလိုက်ပါတော့စန္ဒီရယ်။ နောက်ငါးနှစ်ဆိုတာကြီးကိုလည်း ခေါင်းထဲကထုတ်ပစ်လိုက်ပါတော့နော်။ ဘာပဲဖြစ်ဖြစ် နင်ပျော်ရွှင်နေတာကိုပဲငါလည်းမြင်ချင်ပါတယ်စန္ဒီရယ်။ဒါ ငါ့ရင်ထဲက ဆန္ဒအမှန်ပါ"

ဝင်းကိုသိုက်ရဲ့အသံက ဖုန်းလိုင်းပေါ်ကနေ ပျောက်ကွယ်သွားပါတယ်။ စန္ဒီမိုးမှာတော့ ရှိုက်ကြီးတငင်ငိုကြွေးချလိုက်တယ်။ ငိုငိုဝအောင်ငိုပါတော့မိန်းကလေးရယ်။

"ဟီး၊ အီးအီး. . မောင်. . ရယ်. . . ဟီး"

မိုးသူနဲ့ကျော်ဇေယျကလည်း စိတ်မကောင်းစွာနဲ့ပဲ စန္ဒီမိုးကိုကြည့်နေပါတယ်။ သူတို့ရဲ့ရင်ထဲမှာလည်းမကောင်းလှဘူး။ ဘာပဲပြောပြော တစ်ချိန်တုံးက အတူစား၊ အတူသွားခဲ့ကြတဲ့ သူငယ်ချင်းတွေလေး ဟိုသတို့သား၊ သတို့သမီးရင်ထဲမှာရော ကောင်းနိုင်ကြပါဦးမလား ဟန်ဆောင်ပြုံးလေးရော ပြုံးနိုင်ကြပါဦးမလား။ ငိုလို့အားရတော့မှ စန္ဒီမိုးက မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်လိုက်ရင်း

"မိုးသူ၊ ငါ့ရင်ထဲမှာဆို့နေတယ်ဟာ။ ငါအော်ပစ်လိုက်ချင်တယ်။ ငါလွတ်လွတ်လပ်လပ် အော်လို့ရ၊ ငိုလို့ရမယ့် နေရာကိုမောင်းစမ်းပါ သူငယ်ချင်းရယ်"

မိုးသူကခေါင်းညိတ်ပြပြီး ကားပေါ်တက် ကားစက်နှိုးလိုက်ပါတယ်။ ဒါပေမယ့် စက်ကမနိုးပဲ တစ်ဂီးဂီးနဲ့ အသံထွက်လာတယ်။

"ဟာ ကား ဘာဖြစ်သွားပြီလဲ"





ကဲ ဆိုးမသွားလေရာ မိုးလိုက်လို့ရွာပဲ ကြားဖူးတယ်။ အခုတော့ ကားစက်ပျက်တာပါ ကြုံဖူးသွားပြီ။ ကျော်ဇေယျက

"ဘာဖြစ်ရမှာလဲ၊ ရပ်ထားရင်း Air con ဖွင့်ထားတော့ ဘက်ထရီဝပ်သွားပြီပေါ့ကွ။ တွန်းနှိုးမှရတော့မယ်။ ကဲစန္ဒီမိုးနင်လွှမ်းစရာရှိတာတွေ၊ ရင်နာစရာတွေ၊ ရင်ဖွင့်စရာတွေ၊ ရင်ဆို့စရာတွေ ခဏလောက်ခေါက်ထားလိုက်ဦး။ နင်နဲ့ငါ ကားတွန်းမှရတော့မယ်။ ပြီးတော့မှ ဆက်လွှမ်းတာပေါ့ဟာ။ နင်လွှမ်းနေတုံး ကြေငြာဝင်လာတယ်လို့ပဲ သဘောထားလိုက်ပါ။ ကဲ မုန့်ဟင်းခါးစားလေး"

စန္ဒီမိုးတစ်ယောက် ကားပေါ်ကဆင်း၊ မျက်ရည်တွေ နှပ်ချေးတွေသုတ်ပြီး ကားတွန်းဖို့ပြင်ရပါတော့တယ်။ အော် စန္ဒီမိုးရယ် ဘယ်ဘဝက ဝဋ်ကြွေးတွေပါလိမ့်။ လွှမ်းတာတောင် ဖြောင့်ဖြောင့်တန်းတန်း မလွှမ်းရရှာပါလားကွယ်။

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com


× ×ရင်မှာခံစား×× ·လူမမြင်နိုင်တယ် ××အသဲထဲက×
အတွင်းကြေ× ×

သူကသာ လူမမြင်နိုင်ဘူးချည်းပဲ အော်နေတာ၊ ငုတ်တုတ်ကြီးထိုင်ကြည့်နေရတဲ့ ကျော်ဇေယျနဲ့မိုးသူတို့နှစ်ယောက်ဟာ လူစင်စစ်ကနေပြီး ဘယ်အဆင့်ရောက်သွားလဲတော့ မသိဘူး။ ဒီလောက်တောင် လူမမြင်မှာစိုးနေလည်း KTV ခန်းထဲနင်းကန်အော်မနေပဲ လမ်းမပေါ်ထွက်အော်ပေါ့။ လူမြင်ရုံတင်မကဘူး၊ အခန့်မသင့်ရင် Internetပေါ်ရောက်သွားဦးမယ်၊ စန္ဒီမိုးက လွတ်လွတ်လပ်လပ်အော်လို့ရတဲ့ နေရာပို့ပေးပါဆိုလို့ KTVတစ်ခုဆီခေါ်လာခဲ့တာ မယ်မင်းကြီးမက မိုက်ကရိုဖုန်းလက်ထဲရောက်တာနဲ့ တစ်ခါတည်း 'အတွင်းကြေ'တော့တာပါပဲ။ ရောက်လာတက်နေတဲ့အချိန်ဆိုတော့ ဟိုနှစ်ကောင်လည်း မပြောသာဘူးပေါ့။ အဲဒီနှစ်ယောက်ကတော့ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း နှစ်လုံးနှစ်ဝတည်း တစ်ပြိုင်နက်ပြည့်စုံနေပါတယ်။ သည်းမခံနိုင်တဲ့အဆုံး မိုးသူက ဆိုဖာပေါ်အိပ်နေတဲ့ကျော်ဇေယျကို ဆောင့်ကန်ထည့်လိုက်တယ်။ ပြီးတော့ စန္ဒီမိုးရဲ့လော်သေးသေးလေးကိုယူပြီး အပြိုင်အော်ထည့်လိုက်ပါတယ်။

"စန္ဒီမိုး နင်အတွင်းကြေနေတာ ၂၇ခေါက်ရှိနေပြီ။ အမှုန့်မဖြစ်သေးဘူးလား။ ငါတို့တော့အတွင်းရော၊ အပြင်ပါ ကြေကုန်ပြီ။ နင်မနားသေးဘူးလား ဟင်။ ဒီလောက်အော်ရရင် တော်ရောပေါ့။ တော်ကြာ လိပ်ခေါင်းထွက်လာဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



မိုးသူအော်လိုက်တော့မှ စန္ဒီမိုးရဲ့ အသံတိတ်သွားတယ်။ မိုက်ကရိုဖုန်းကိုင်ပြီး တောင့်တောင့်ကြီးရပ်နေရာက ကြမ်းပြင်ပေါ် အရုပ်ကြိုးပြတ်ကျသွားတယ်။ ဒီတစ်ခါတော့ အတွင်းရော အပြင်ပါ တစ်ကယ်ကြေပြီထင်ပါရဲ့။ မိုးသူနဲ့ကျော်ဇေယျခမျာ မျက်ကလူးဆန်ပြာဖြစ်သွားတယ်။

"ဟာ စန္ဒီမိုး"

နှစ်ယောက်သားသွားပွေ့လိုက်ကြတော့ ဟိုက တုတ်တုတ်မျှမလှုပ်။

"ဟာ၊ ဒုက္ခပဲ၊ သတိလစ်သွားပြီထင်တယ်၊ဟာ၊ ဟေ့ကောင် မိုးသူလုပ်ပါဦးဟ"

"ဟာ ငါက ဘာလုပ်တတ်မှာလဲဟ၊ ကျွတ် စိတ်ညစ်လိုက်တာကွာ"

အင်း၊KTVကိုယောကျာ်းလေးနှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်လာပြီး မိန်းကလေးက သတိလစ်သွားတယ်လို့ ဘေးကကြားလိုက်ရရင် သီချင်းဆိုပြီး အမောဆို့သွားတယ်လို့ ဘယ်သူမှ တွက်မှာမဟုတ်ဘူး။ မိုးသူနဲ့ကျော်ဇေယျခမျာ စိမ့်နေအောင်အေးတဲ့ Air conခန်းထဲမှာ ချွေးသီးချွေးပေါက် သံပုရာသီးလောက်တောင် ကျလာပြီ ထင်မိပါတော့တယ်။

"စန္ဒီမိုး. . စန္ဒီမိုး၊ ဟေ့ကောင်မိုးသူ မင်းအပြင်ထွက်ပြီး ဆိုင်က လူတွေ အကျိုးအကြောင်းပြော။ တော်ကြာရှောသွားရင်အားလုံး ဒုက္ခသနာတက်ကုန်လိမ့်မယ်"

"အေး အေး"

မိုးသူက ထဖို့အလုပ်. .

"ငါတကယ်ရှောသွားရင်သိပ်ကောင်းမှာပဲ"

"အောင်. . မယ်. . လေး. . "

သူနားကပ်ပြီး စပီကာက ထွက်လာတဲ့ စန္ဒီမိုးအသံကြောင့် မိုးသူခမျာ မှင်တိုင်ရက်ပြုတ်ကျသွားပါတယ်။





"လန့်လိုက်တာ စန္ဒီမိုးရယ်၊ နင်သတိရလာပြီနော်။ တော်ပါသေးရဲ့ဟာ၊ ငါက နင်ရှောများရှောသွားပြီလားလို့၊ ငါတို့ကိုခင်ရင် ဒါမျိုးကြီး မနောက်ပါနဲ့ဟာ၊ နင့်မိုက်ကြီးလည်း ပိတ်ထားစမ်းပါဦး၊ လိမ်မာပါတယ်ဟာ။ ငါတို့တောင်းပန်ပါတယ်"

ဟိုနှစ်ကောင်က ပြူးပြာနေအောင် စန္ဒီမိုးကို တောင်းပန်ရပါတယ်။ ကြွေးရှင်ကိုတောင် ဒီလောက်တောင်းပန်စရာ လိုမှာမဟုတ်ဘူး။ အခုတော့။ စန္ဒီမိုးက လူးလဲထလိုက်ရင်း. .

"တောက်၊ ကျန်းမာရေးကလည်း အခုမှကောင်းနေလိုက်တာ။ သတိလစ်ချင်လို့တောင် လစ်လို့မရတဲ့ ဘဝ၊ ဟင်း. . "

သက်ပြင်းချပြီး ကြမ်းပြင်ပေါ် တင်ပလ္လင်ခွေထိုင်လိုက်တယ်။ ပြီးတော့ ကျော်ဇေယျကိုလက်ညှိုးထိုးပြပြီး ဆိုဖာပေါ်က သူ့စလင်းဘတ်ကို ယူခိုင်းလိုက်ပါတယ်။ စလင်းဘတ်ထဲက ဗူးအနက်လေးတစ်ဗူးထုတ်ပြီး စားပွဲပေါ် လှမ်းတင်လိုက်တယ်။ အားလုံးသဘောပေါက် လိုက်ပါတယ်။ ဒါ နာရီလေးဆိုတာကိုပါ။ စန္ဒီမိုးက ဗူးအဖုံးလေးဖွင့်လိုက်ပါတယ်။ အနီရောင်တောက်တောက် L.E.D မီးသီးတွေနဲ့ ဒီဂျစ်တယ် ဂဏန်းလေးတွေပြနေတဲ့ အချိန် က. . .

**00:00:09** တဲ့။

သတ်မှတ်ချိန်ရောက်ဖို့ ကိုးစက္ကန့်အလိုပေါ့။ ဂဏန်းလေးတွေက နောက်ပြန်ပြေးလွှား သွားကြတယ်။

'ရှစ်စက္ကန့်' 'ခုနှစ်စက္ကန့်' 'ခြောက်စက္ကန့်' 'ငါးစက္ကန့်'

သုံးယောက်သားနာရီလေးကို မမှိတ်မသုန်ကြည့်နေမိကြတယ်။ အားလုံးလည်း ရင်တထိတ်ထိတ်နဲ့။ဇါတ်လမ်းတွေထဲကလို ချိန်ကိုက်ဗုံး ရှေ့ထိုင်နေကြတဲ့ လူတွေအလား။ တစ်ယောက်ရဲ့သွေး တိုးသံကို နောက်တစ်ယောက်က ကြားရတော့မတတ် ဆိတ်ငြိမ်လို့၊

'လေး' 'သုံး' 'နှစ်' 'တစ်'

မိုးသူနဲ့ ကျော်ဇေယျတို့က မကြည့်ရဲသလို မျက်လုံးစုံမှိတ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြတယ်။ နာရီပေါ်က ဂဏန်းလေးတွေကပြေးလွှားရာမှ ငြိမ်သက်သွားကြတယ်။

**"00:00:00"**

"အီး ဟီး ဟင့်ဟင့် "

စန္ဒီမိုးဆီက ငိုသံ တလဟောပြိုဆင်းလာပါတယ်။

"မောင်ရယ်၊ နင့်ကိုငါ. . . ငါတကယ်စွန့်လွှတ်လိုက်ရပြီပေါ့။ နင်နဲ့ ငါတကယ်ဝေးကြပြီပေါ့"

သည်းသည်းလှုပ်လှုပ်ငိုကြွေးနေတဲ့ စန္ဒီမိုးက စားပွဲပေါ် မျက်နှာအပ်ချလိုက်ပါတယ်။ မိုးသူနဲ့ကျော်ဇေယျက မျက်လုံးကိုယ်စီ ဖွင့်ကြည့်ပြီး သက်ပြင်းကိုယ်စီချလိုက်ကြပါတယ်။ စားပွဲပေါ်က နာရီလေးကတော့ သုညခြောက်လုံးတန်းစီလို့။ ဒီအချိန်ဆိုရင် ဝင်းကိုသိုက်နဲ့မြမြလတ်တို့ တစ်ယောက်ကိုတစ်ယောက်မှီတွဲလို့ မင်္ဂလာခန်းမထဲ ဝင်လာရောပေါ့။ သူတို့နှစ်ယောက် တစ်ယောက် လက်တစ်ယောက် တင်းတင်းဆုပ်ကိုင်ထားချိန်မှာ စန္ဒီမိုးကတော့ သူ့ရှေ့ကစားပွဲပုလေးကိုပဲ တင်းတင်းဆုပ်နေရတော့တယ်။ တစ်ဘဝ လုံးမှာ နောက်ထပ်ငိုစရာမကျန်တော့လောက်အောင်ကို သည်းသည်း မည်းမည်း ငိုကြွေးပြီးတဲ့အချိန်မှာတော့ စန္ဒီမိုးက နီရဲအစ်မို့နေတဲ့ မျက်ဝန်းကြီးတွေနဲ့ မိုးသူကိုမေးလိုက်ပါတယ်။

"မိုးသူ. . နင်ဗေဒင်တွေယုံလားဟင်"

စန္ဒီမိုး ဘာကြောင့်မေးတယ်ဆိုတာ မိုးသူသဘောပေါက် လိုက်ပါတယ်။ ခက်လိုက်တာစန္ဒီမိုးရယ်။ မျက်ရည်တွေခန်းသွားပေမယ့် ရင်ထဲကအစွဲအလန်းက မခန်းနိုင်ပါဘဲလား။ အင်းလေ. . ဒီအချိန်မှာတော့ စန္ဒီမိုးအတွက် ဖြေဆေးလေးတစ်ခွက်မဟုတ်ရင်တောင်မှ တစ်စက်လောက်တော့ သောက်ခွင့်ရသင့်တာပေါ့။ မိုးသူက စာနာစိတ်နဲ့ ခေါင်းညိတ်ပြလိုက်တယ်။ စန္ဒီမိုးက ကျော်ဇေယျကို ထပ် မေးပြန်တယ်။

"နင်ရော -ယုံလားဟင်"





ကျော်ဇေယျက သက်ပြင်းချလိုက်တယ်။ ကြားနေဝါဒတို့ ဘယ်လိုမှကျင့်သုံးလို့ မရပါလားနော်။

"အားလုံးမဟုတ်ရင်တောင်မှ အတော်အသင့်တော့ လက်ခံပါတယ် စန္ဒီမိုးရယ်"

"ဒါဆိုရင်ဗေဒင်က ဟောထားတဲ့အတိုင်း မောင်နဲ့ငါ နောက် လေးနှစ်မှာ ပြန်ဆုံနိုင်သေးတာပေါ့"

မိုးသူနဲ့ ကျော်ဇေယျက တစ်ယောက်ကိုတစ်ယောက်ကြည့် လိုက်တယ်။

"လူတစ်ယောက်ရဲ့ အနာဂတ်ကို ဘယ်သူကမှ ကုန်စင် အောင်မပြောနိုင်ကြပါဘူး စန္ဒီမိုးရယ်။ ဗေဒင်ဆရာတွေ အနာဂတ်ကို ဟောတယ်ဆိုတာက တစ်ဝက်တစ်ပျက် စီထားတဲ့jij-saw ကတ်ပြား လေးတွေကိုကြည့်ပြီး ဘာပုံဖြစ်မလဲဆိုပြီး ကျန်တဲ့အကွက်တွေကို ပုံဖော်ကြည့်တာမျိုးပါ"

"ဟုတ်ပါတယ် စန္ဒီမိုးရယ်၊ အဲဒီအတွက်ကြောင့် နင်မလုပ် သင့်တာတွေ မကြံစည်သင့်တာတွေ မလုပ်ပါနဲ့၊ မကြံစည်ပါနဲ့ စန္ဒီမိုး ရယ်။ တကယ်လို့ နင်နဲ့ဝင်းကိုသိုက်မှာ ဖူးစာရှိသေးရင် မလွဲမသွေ ပြန်ဆုံရမှာပါ"

မိုးသူက ဒီစကားကိုအားယူပြီး ပြောလိုက်ပါတယ်။ စိတ်ထဲက နေလည်း ဝင်းကိုသိုက်နဲ့ မြမြလတ်တို့က တောင်းပန်နေမိပါတယ်။

"ခွင့်လွှတ်ပါ ဝင်းကိုသိုက်နဲ့ မြမြလတ်ရယ်။ မင်းတို့မင်္ဂလာ ယူနေတဲ့အချိန်မှာ ငါကတော့ နိမိတ်မကောင်းတဲ့ စကားတွေ ပြောနေရတယ်၊ ခွင့်လွှတ်ပါကွာ'

ဩော် ဒီအသိုင်းအဝိုင်းထဲ သူငယ်ချင်းဖြစ်နေရတာ နေရင်းထိုင်ရင်း အကုသိုလ်များလှချည်ရဲ့။ ဒင်းတို့သုံးယောက်ကို မဆာလာဖျော်တဲ့mixer ထဲသာ ထည့်မွှေပစ်ချင်စိတ်ပဲ ပေါ်လာ တော့တယ်။ ကျော်ဇေယျက တစ်ရှူးဗူးထဲကတစ်ရှူးတစ်ရွက်ကို ထုတ်ယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရော့ နင့်မျက်ရည်တွေ သုတ်လိုက်ဦး။ ပြီးရင်ငါတို့ပြန်ကြရအောင်။ ညနေစောင်းတော့မယ်။ ဒီထက်နောက်ကျသွားရင် ဒီဆိုင်တွေက မီးကလေးတွေလာဖို့မကောင်းတော့ဘူး"

စန္ဒီမိုးက တစ်ရှုံးယူပြီး မျက်ရည်တွေသုတ်နေပါတယ်။ ပြီးတော့မှ

"မိုးသူ၊ ကျော်ဇေယျ။ ငါနင်တို့နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်။ ဘာပဲပြောပြော ငါ့မှာ အားကိုးရတဲ့သူငယ်ချင်းတွေရှိသေးတယ်ဆိုတာ သိလိုက်ရလို့။ နင်တို့ကူညီလက်စနဲ့ ကူညီပါဦး"

"အင်း၊ ပြောပါဦး၊ အခုထက်တော့ မဆိုးတော့ဘူး မဟုတ်လား"

စန္ဒီမိုးက ပြုံးလိုက်ပြီး

"မဆိုးပါဘူးဟယ်။ ဟိုကားပေါ်မှာကျန်ခဲ့တဲ့ ဆာလာအိတ်ကို ဝင်းကိုသိုက်နဲ့မြမြလတ်ဆီပို့ပေးပါဟာ။ လက်ထဲထည့်ပေးဖို့မလိုပါဘူး။ သူတို့မြင်နိုင်တဲ့နေရာမှာ ထားခဲ့ရင်တော်ပါပြီ"

"အင်း၊ ရပါတယ်။ ဒါနဲ့ အဲဒီအိတ်ထဲမှာဘာတွေပါလဲ"

စန္ဒီမိုးကခေါင်းလေးငုံ့၊ အသံတိမ်တိမ်နဲ့ပြောလိုက်ပါတယ်။

"ငါရဲ့ နှလုံးသားပေါ့ဟယ်"

အားလုံးငြိမ်သက်သွားကြပါတယ်။ ပြီးတော့ အခန်းထဲက နေ ငြိမ်သက်စွာပဲ ပြန်ထွက်လာခဲ့ကြတယ်။ အပြန်လမ်းကားပေါ်မှာ စန္ဒီမိုးက စကားတစ်ခွန်းမေးတယ်။

"ဒီဇာတ်လမ်းကို နင်တို့နှစ်ယောက်လည်း အစအဆုံးသိနေကြတာပဲ ငါတို့သုံးယောက်မှာ ဘယ်သူမှားသလဲဟင်။ နင်တို့ရဲ့ အမြင်လေးငါသိချင်တယ်"

အခန်းထဲ လူကိုခေါင်းလာစားနေသေးတယ်။ အားလုံးပွဲသိမ်းသွားမှတော့ ဘယ်သူပဲမှားမှားပေါ့။ လွမ်းရင်လည်းကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေး လွမ်းနေတာမဟုတ်ဘူး။ မိုးသူက အမြင်ကတ်ကတ်နဲ့ စန္ဒီမိုးရဲ့အမေးကို ပြန်ဖြေလိုက်ပါတယ်။





"နင်တို့သုံးယောက်လုံး မမှားပါဘူး။ တကယ်မှားတာက နင့်အဒေါ်ဟ"

မိုးသူရဲ့ အဖြေစကားကြောင့် စန္ဒီမိုးမျက်လုံးပြူးသွားတယ်။ မဆီမဆိုင် သူ့အဒေါ်က ဘယ်အပေါက်က ဝင်လာရတာပါလိမ့်။

"ဟင်. . . ငါ့အဒေါ်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟ။ ဒီကိစ္စတွေဟာ မြမြလတ်အဒေါ်နဲ့ဝင်းကိုသိုက်အဖေတို့ ရည်းစားဖြစ်ခဲ့တာကနေ ပေတွေရှုပ်ကုန်တာ။ တစ်ကယ်လို့သာ နင့်အဒေါ်နဲ့ ဝင်းကိုသိုက်အဖေသာ ကြိုက်ခဲ့မယ်ဆိုရင် ဒီဇာတ်လမ်း အစအဆုံးပြန်ပြင်ရေးရတော့မှာ။ ငါပြောတာဟုတ်တယ်မလား"

ဒီတစ်ခါတော့ စန္ဒီမိုးတစ်ယောက် အူလည်ခုလည်လိုက်သွားပါတယ်။ အင်းနေရင်းထိုင်ရင်း စစ်ကိုင်းတောင်မှာ သီလရှင်ဝတ်နေတဲ့ အဒေါ်ဆရာလေးတစ်ယောက်၊ အဲလေ၊တစ်ပါးတော့ ခေါင်းကျိန်းရှာတော့မယ်။

"ကန်တော့၊ ဆရာလေးရေ ကန်တော့. . ကန်တော့"

• • • ☺ • • •



www.burmeseclassic.com

www.burmeseclassic.com


အနီရောင်ပါကင်စက္ကူကို ခွာခဲ့လိုက်တဲ့အခါ အထဲကစက္ကူဗူး အညိုလေးထွက်လာပါတယ်၊ သတို့သားက သတို့သမီးကို ပြောလိုက်ပါတယ်။

"ဒါ ခါတ်ဗူးဖြစ်မှာပေါ့"

"မဟုတ်လောက်ဘူး ကြွေခွက်အရှည်လေး ဖြစ်မှာ"

"ဒါဆို လောင်းမလား"

"အို၊ လောင်းတာပေါ့"

သတို့သားက လက်ထဲကဗူးအညိုကို ဖွင့်ပြီးအထဲက ပစ္စည်းကို ဆွဲထုတ်လိုက်တယ်။ ထွက်လာတာက ဖန်ခွက်လည်းမဟုတ်၊ ပန်းအိုးလည်းမဟုတ်၊ ခရားလည်းမဟုတ်၊ ခါတ်ဗူးလည်းမဟုတ်တဲ့ ဖန်ထည်ပစ္စည်းပါ။ ပတ်ပတ်လည်မှာ ခုံကြွလေးတွေဖော်ထားသေးတယ်။ လှတာကတော့ အတော်လှတယ်။ ဈေးလည်းကြီးမယ့်ပုံပဲ။ ခက်တာက. .

"ဒါကြီး ဘယ်နားသုံးရတာလဲမသိဘူး"

"အေးလေ၊ ပြန်ရောင်းရင်တောင် အရောင်းရခက်မယ့် ပစ္စည်းမျိုး၊ ဟဲ့ ပေးတဲ့လူနာမည် သေချာမှတ်ထားလိုက်။ သူတို့အလှည့်ကြုံရင် ဒီလိုပဲ ဘယ်နေရာသုံးရမှန်းမသိတဲ့ပစ္စည်းမျိုး လက်ဖွဲ့ရအောင်"

"အေး ကောင်းတယ်"

သတို့သားနဲ့သတို့သမီးက နဖူးချင်းခပ်သာသာလေး ဆောင့်ပြီး ရယ်လိုက်ကြပါတယ်။

"နောက်တစ်ထုပ်"

မျက်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဖောက်မနေပါနဲ့ဟာ tea setမှန်းအသိသာချည်း"

"အေး ဟုတ်တယ်၊ ဒါကပေါင်းအိုးဖြစ်မယ်"

"သေချာတာပေါ့"

"ဒါကြီးကရော"

သတို့သမီးက ရှည်မျောမျောထုပ်ကြီးကို ဆကြည့်ပြီးမေးလိုက်ပါတယ်။ သတို့သားက စဉ်းစဉ်းစားစားနဲ့

"ကီးဘုတ်ကြီးလား မသိဘူး"

"နင့်ကြီးဒေါ် ဘယ်သူက ကီးဘုတ်လက်ဖွဲ့မှာလဲဟ"

"ဖွဲ့ရင်ဖွဲ့မှာပေါ့။ နင်နဲ့ငါ အပျင်းပြေတီးရအောင်လို့လေ"

"ကဲပါ၊ ဖွင့်ကြည့်ရအောင်"

သတို့သားကပါကင်စက္ကူကို ဖြန်းကနဲဆွဲခွာလိုက်ပါတယ်။ တွေ့လိုက်ရတာက ဖော့ဘူးထဲမှာ စီစီရီရီ စနစ်တကျထုတ်ပိုးထားတဲ့ ဓားတွေပါ။ အရွယ်စုံ၊ ဆိုက်စုံ စုစုပေါင်း ၂၁လက်။ ဓားတွေက စတီးရောင်ပြောင်လက်နေတဲ့အပြင် လက်ကိုင်မှာလည်း ကနုတ်ပန်းတွေ ထွင်းထားသေးတယ်။ မီးဖိုချောင်သုံးပစ္စည်းရောဟုတ်ရဲ့လား မသိဘူး။

"ဟား ရေလည်းမိုက်တယ်ကွာ"

သတို့သားက ဓားတစ်ချောင်းဆွဲယူလိုက်ပြီး လက်ကိုင်ရိုးမှာ ထွင်းထားတဲ့ စာကိုဖတ်ကြည့်လိုက်ပါတယ်။

"ဟာ-ဒီမှာဖတ်ကြည့်စမ်း"

လက်ကိုင်မှာရေးထားတာက အင်္ဂလိပ်လိုပါ။ ဘာတွေရေးထားသလဲဆိုတော့

Be happy!

Win Ko Thike & Mya Mya Latt

For the sake of a lasting marriage တဲ့။

မြမြလတ်က စာကိုဖတ်ကြည့်ပြီး တိုးတိုးလေး မြန်မာလို ရွတ်ကြည့်နေပါတယ်။





"တစ်သက်တာ ရှေ့လက်တွဲနိုင်ဖို့အတွက်"

မြမြလတ်က ဓားလေးကိုပွတ်သပ်ပြီး ပြုံးလာပါတယ်။ မင်္ဂလာဆောင်မှာ ဓားတွေတန်းစီလက်ဖွဲ့ပြီး အိမ်ထောင်ရေးအခွန့်ရှည်ဖို့ဆုတောင်းပေးလိုက်သေး။ ဘယ်နိုင်ငံရဲ့ ထုံးစံလည်းတော့မသိဘူး။ ဒီလို သေသေချာချာလုပ်ပြီးလက်ဖွဲ့တာက သူ့အန်တီလေးကလွဲ ဘယ်သူမှမဖြစ်နိုင်ပါဘူး။ ဝင်းကိုသိုက်က ကျန်တဲ့အထုပ်တွေ လျှောက်ဖွကြည့်ရင်း

"ဟင်၊ ဟိုဆာလာအိတ်ကြီးကဘာလဲဟ၊ ဘယ်သူကလာထည့်ထားတာလဲ"

"အေးဟဲ့၊ လက်ဖွဲ့တော့ မဖြစ်နိုင်ဘူး"

ဝင်းကိုသိုက်က ဆာလာအိတ်ထုပ်ကို လှမ်းယူလိုက်တယ်။ ဆာလာအိတ်က အရွယ်နဲ့မလိုက်အောင် ပေါ့ပေါ့ပါးပါးပဲ။ ဆာလာအိတ်ပေါ်နဲ့ရေးထားတာက

"နင်တို့နှစ်ယောက်အတွက် ငါ့ရဲ့လက်ဖွဲ့"

"စန္ဒီမိုး" တဲ့။

စောစောကပျော်နေတာလေးတွေ ကြက်ပြေးငှက်ပြေးဖြစ်ကုန်တယ်။ စန္ဒီမိုး၊ စန္ဒီမိုး။ ဒင်းကအိပ်ခန်းထဲ အထိတောင် လိုက်နှောက်ယှက်နေတုံးပါလား။ ဝင်းကိုသိုက်က ဆာလာအိတ်ကို မသိမသာလေး ဘေးရွှေ့ထားလိုက်တယ်။ ပြီးတော့တွေ့ရာလက်ဖွဲ့တစ်ထုပ်ကို ကောက်ကိုင်လိုက်ပြီး

"ဟဲဟဲ၊ ပက်ကင်လေးကလှတယ်နော်၊ ဖွင့်ကြည့်ရအောင်လား"

"မကြည့်ဘူး"

မြမြလတ်ရဲ့အသံက မာဆတ်ဆတ်နဲ့။

"ဟိုဆာလာအိတ်ကို ဖွင့်ကြည့်မယ်။ အဲဒီဟာမ ဘာတွေကြံစည်ထားသလဲသိရအောင်"

"နင်ကလည်း မကြည့်ချင်ပါနဲ့ဟာ။ အလကား စိတ်အနှောက်



www.burmeseclassic.com

www.burmeseclassic.com



အယှက်ဖြစ်ခဲ့လို့"

"နင်ဖွင့်မလား၊ မဖွင့်ဘူးလား"

သတို့သမီးကဓားကိုင်ပြီး သတို့သားကို အတင်းဖွင့်ခိုင်းပါတယ်။

"ဟာ မလုပ်နဲ့လေ။ ညားကာစကတည်းက ဓားကိုင်ပြီးစကားပြောရတယ်ဆိုရင် လူကြားမကောင်းပါဘူးဟာ။ နင့်ဓားကြီးကို ဘေးချထားလိုက်ပါနော်။ ငါအသည်းယားလွန်းလို့၊ ဒီလိုမျိုးကြီးတော့ မကျီစားပါနဲ့ဟာ၊ နော်နော်"

"ဒါဆိုဖွင့်လေ"

"အေးပါဟာ၊ အေးပါ"

ဝင်းကိုသိုက်က ဆာလာအိတ်ကို ဆွဲဖွင့်လိုက်ပါတယ်။ ပထမဦးဆုံးထွက်လာတာက ဝက်ဝံမွေးပွရုပ်။ ဝက်ဝံရုပ်က တော်တော်လေးကြီးပါတယ်။ သုံးပေအမြင့်လောက်တောင်ရှိမလားပဲ။ ဒီအရုပ်မြင်လိုက်တာနဲ့ ဝင်းကိုသိုက်ရဲ့မျက်နှာက ဆိုဒ်ကြီးနေတဲ့ဘောင်းဘီကောက်စွတ်လိုက်သလိုမျိုး ချောင်ကျသွားတယ်။

"ဒါ. ."

မြမြလတ်က ဝက်ဝံရုပ်ကိုကြည့်ပြီး နှာခေါင်းရှုံ့ပါတယ်။ သိတာပေါ့၊ ဒီအရုပ်ကို။ စန္ဒီမိုးမွေးနေ့မှာ ဝင်းကိုသိုက်က လက်ဆောင်ပေးခဲ့တဲ့အရုပ်လေ၊ အဲဒီအရုပ်ဝယ်တုန်းက ဝင်းကိုသိုက်ဆီမှာ ပိုက်ဆံမပြည့်လို့ မြမြလတ်ဆီကတောင် ပိုက်ဆံချေးသွားသေး။ ပြီးတော့ [illegible]ကလက်ရေးလှလို့ဆိုပြီး ကတ်ပြားလေးမှာ စာတောင်ရေးပေးလိုက်ရသေး။ မှတ်မိပါသေးတယ်။ ဘာတဲ့. .

"ညညကျရင် ငါ့ကိုယ်စား ဖက်ထားနော်" ဆိုပဲ။ အင်းဟိုကလည်း ဖက်ထားထင်ပါ့။ ဝက်ဝံလေးတောင် အတော်အမွေးတုံးနေပြီ။ ဝက်ဝံရင်ဘတ်မှာတော့ စာရွက်လေးတစ်ရွက်။

"ငါဒီအရုပ်ကြီးကို ဆက်ပြီးဖက်အိပ်နေရင်၊ မနောက်နဲ့ သူများအိမ်ယာ ပစ်မှားသလိုဖြစ်နေမိမှာမို့ ပြန်ပို့ပေးလိုက်





တယ်။ ဝင်းကိုသိုက်ခရီးထွက်တဲ့အချိန် မြမြလတ်ဖက်အိပ်လို့ရတာပေါ့"

'စန္ဒီမိုး'

"တောက်"

မြမြလတ်ခမျာ အတော့်ကိုအီးပိတ်သွားပါတယ်။ လူများဖက်ပြီးသား အမွေးတုံးနေတဲ့အရုပ်ကိုများ ဖက်အိပ်ရဦးမယ်တဲ့။ စော်စော်ကားကား။ ဒါဖြင့် ဝင်းကိုသိုက်ကိုရော။ အင်း လူကတော့ အမွေးမတုံးသေးတော့ ရှိပစေတော့။ မြမြလတ်က စိတ်မြန်လက်မြန်နဲ့ ဆာလာအိတ်ကို ဆွဲမပြီးသွန်ထည့်လိုက်ပါတယ်။ ထွက်လာတာက ခြူတွေနဲ့နွားလည်ပတ်တစ်ခု၊ တိုလီမုတ်စတွေ၊ အရုပ်တွေ၊ ရေမွှေးပုလင်းအခွံတွေ၊ စာတွေ၊C.Dတွေ၊ ဓါတ်ပုံ Albumတွေ။ ဒါတွေအားလုံး ဝင်းကိုသိုက်နဲ့ စန္ဒီမိုး ပတ်သတ်သမျှနေမှာပေါ့။ အင်း အမှိုက်ပုံးနဲ့တော့ "ဆွေသားတော်ရင်း မိတ်ဖက်ခြင်း" တော့ဖြစ်ကုန်တော့မှာပဲ။ အဲဒီအပုံရဲ့ အပေါ်ဆုံးမှာတော့ လိမ္မော်ရောင်တောက်တောက် ရေကူးဝတ်စုံ အသစ်စက်စက်တစ်ထည်။

"ဟင်၊ ဒီရေကူးဝတ်စုံက ဘာကိစ္စ. . ."

မြမြလတ်အမေးကို ဝင်းကိုသိုက်က ခေါင်းခါပြလိုက်ပါတယ်။ တကယ်လည်း သူနဲ့အဲဒီရေကူးဝတ်စုံ ပတ်သတ်ခဲ့ခြင်းမရှိပါ။ ဘာကိစ္စ စန္ဒီမိုးက ရေကူးဝတ်စုံထည့်ပေးလိုက်ရပါလိမ့်။ ရေကူးဝတ်စုံပေါ်မှာ တော့ နောက်ထပ်စာတစ်စောင်။

"မြမြလတ်'

ဒီရေကူးဝတ်စုံက မောင်နဲ့ငါ မင်္ဂလာဆောင်ဖြစ်ပြီး ဟန်နီးမွန်းထွက်ရင် ပင်လယ်ကမ်းခြေတစ်ခုခု သွားမယ်ဆိုတဲ့ စိတ်ကူးနဲ့ ကြို ဝယ်ထားခဲ့တာ။ ကြာတော့လည်း ကြာခဲ့ပြီပေါ့ အခုတော့ ငါဒီဝတ်စုံလေးကို ဝတ်ခွင့်မကြုံတော့ဘူး။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



နင်သာဝတ်လိုက်တော့။ နင်နဲ့ငါ ကိုယ်လုံးချင်းသိပ်မကွာတော့ တော်မှာပါ။

"စန္ဒီမိုး"

"ငါလေ၊ တောက်"

ဒီတစ်ခါတော့ မြမြလတ်ခမျာ စိတ်မထိန်းနိုင်တော့ပဲ ပေါက်ကွဲသွားပါတော့တယ်။ ဟုတ်တယ်၊ လွန်ခဲ့တဲ့လေးရက်၊ စန္ဒီမိုးနဲ့ တွေ့ပြီးကတည်းက စိတ်ထိန်းထားရတာ။ အနားမှာရှိတဲ့ ဓားတစ်ချောင်းကိုဆွဲယူပြီး ဝက်ဝံရုပ်ရော ၊ရေကူးဝတ်စုံရော နုတ်နုတ်စင်းနေပါတော့တယ်။

"ကဲဟယ်၊ ကဲဟယ်။ လူကိုဒီလောက်တောင်စော်ကားဦး"

ဝင်းကိုသိုက်ခမျာ အသာလေးကုပ်နေရတယ်။ မိန်းမများ ဒေါသထွက်တာ ကြောက်စရာကောင်းပါလား။ သွားလည်းမဆွဲရဲဘူး။ တော်တော်ကြာ နုတ်နုတ်စင်းနေတဲ့အထဲ သူပါပါသွားဦးမယ်။ မင်္ဂလာဦးညမှာ ဓားနှစ်ဆယ့်တစ်ချောင်းနဲ့ သိုင်းကျင့်စဉ်ကျင့်နေတဲ့ သတို့သမီးကို ကြောက်ကြောက်နဲ့ အခန်းထောင့်မှာ ကုပ်ကုပ်ကလေး ထိုင်ကြည့်နေတဲ့သတို့သားရဲ့ပုံက ကမ္ဘာကျော်လောက်ပေရဲ့။ တောက် နာလိုက်တာ။ စောစောက ဝိုင်းအုံနေတဲ့ ဗီဒီယိုသမားတွေ ဓာတ်ပုံသမားတွေကို ပြေးခေါ်လို့ရရင်ခေါ်လိုက်ချင်သေးရဲ့။ အတော်ကြာမှမောလို့ ခြေပစ်လက်ပစ်ထိုင်နေတဲ့မြမြလတ်နား ဝင်းကိုသိုက်က မရဲတရဲလေး တိုးလာတယ်။

"မြမြလတ်"

"ဘာ၊ နင်ငါ့အနားမကပ်နဲ့။ ဒီည နင့်အသက်နင်စိတ်မချဘူး ဆိုရင် အခြားအခန်းသွားအိပ်။ ငါ ဒေါသမပြေသေးဘူး။ အေး နောက် တစ်ခုထပ်ပြောမယ်။ မနက်ဖြန် ချောင်းသာကိုသွားမယ့် ဟန်းနီးမွန်း ခရီးစဉ်ကိုလည်း ဖျက်ပစ်လိုက်။ ပင်လယ်နဲ့ပတ်သတ်ရင် ငါဘယ်နေ ရာမှ မသွားဘူး။ ဒါပဲ"





ဝင်းကိုသိုက်ခမျာ စောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံးယူပြီး အခြားအခန်းပြောင်းအိပ်လိုက်ရတယ်။ မင်္ဂလာဦးညဆိုတာကြီးကို နှမြောတော့နှမြောပေမယ့် ကိုယ့်အသက်ထက်တော့ ဘယ်ဟာမှ အရေးမကြီးဘူးလေ။ ဒီညမြမြလတ်ဘေးအိပ်ရမယ့်အစား မယ်ကုဝဏ်ဘီလူးမဘေး သွားအိပ်ရင်တောင်မှ စိတ်ချလက်ချအိပ်ရ ဦးမှာ။ နောင်ဆိုရင် မင်္ဂလာဆောင်ခါနီးရင် သတို့သားတွေ အရင်ဆုံး အသက်အာမခံလေး ပြေးလုပ်ထားရမလိုတောင်ဖြစ်နေပြီ။

"ကဲ ဝင်းကိုသိုက်ရေ ဒီညတော့ one man showပဲကျင်းပ လိုက်တော့"

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com



မိတ္တူဆိုင်ရှေ့

"အစုံ ငါးဆယ်ကူးချင်လို့"

ကောင်မလေးက စာရွက်ဘစ်ရွက်ထုတ်ပြီး၊ မိတ္တူကူးပေးမယ့် လူဆီကမ်းပေးလိုက်ပါတယ်။ မိတ္တူကူးပေးတဲ့လူက စာရွက်ကိုဖြန့်ပြီး စာသားတွေကို အမှတ်မထင် ဖတ်လိုက်ပါတယ်။

"ဗုဒ္ဓဟူးသား မောင်ဝင်းကိုသိုက်အတွက် တစ်နှစ်စာဟောစာတမ်း" တဲ့

မိတ္တူကူးစက်ထဲက စာရွက်ကလေးတွေက တစ်ရွက်ပြီးတစ်ရွက်။ ကောင်မလေးရဲ့စိတ်တွေကလည်း တဖျတ်ဖျတ်။

. . . ☺ . . .



www.burmeseclassic.com

www.burmeseclassic.com



မြစ်အလယ်မှာ. . . လေတဖြူးဖြူး၊ လှိုင်းတလှုပ်လှုပ်။

လှိုင်းတွေလေတွေကြားမှ စက္ကူလှေငယ်လေးတွေက လူးလူးလွန့်လွန့်။ လှိုင်းပုတ်လိုက်တိုင်း၊ စက္ကူလှေငယ်လေးတွေ တာရှည်မရပ်တည်နိုင်ပဲ နစ်မြုပ်သွားလေရဲ့။ မနစ်မြုပ်သေးတဲ့ စက္ကူလှေတွေ ကြားမှာတော့ တကယ့်လှေတစ်စင်း။ လှေဆိုတာထက် စက်တပ်သမ္ဗာန်ဆို ပိုမှန်လိမ့်မယ်။ သမ္ဗာန်ဦးထိပ်မှာတော့ ကောင်မလေးတစ်ယောက် စက္ကူတွေနဲ့လှေပုံစံချိုးပြီး ရေထဲလွှတ်နေလေရဲ့။ ကောင်မလေးဘေးမှာတော့ လေတိုက်တိုင်း တဖျတ်ဖျတ်လူးနေတဲ့

စက္ကူလေးတွေ၊ စက္ကူတွေမှာလည်း စာတွေရေးထားသေးတယ်။ သမ္ဗာန်သမားကြီးက သူ့ဆီလွင့်လာတဲ့ စက္ကူတစ်ရွက်ကို လှမ်းဖမ်းလိုက်ပြီး၊ စာကိုအမှတ်တမဲ့ ဖတ်ကြည့်လိုက်ပါတယ်။

"ဗုဒ္ဓဟူးသား မောင်ဝင်းကိုသိုက်အတွက် တစ်နှစ်စာဟောစာတမ်း" ဆိုပဲ။ အင်းဒီကောင်မလေး ယတြာလာချေတယ်ထင်ပါ့။

ကောင်မလေးက စက္ကူတစ်ရွက်ချန်ထားလိုက်ပြီး ကျန်တဲ့စက္ကူအားလုံးကိုလှေချိုးပြီး ရေထဲလွှတ်လိုက်တယ်။ အဲဒီနောက်တော့ နှုတ်တတိုးတိုးလေး ရေရွတ်နေမိတယ်။





"မောင်ရယ်၊ငါ့ဆီမှာ နှင်နဲ့ပတ်သတ်တာဆိုလို့ ဒီဗေဒင်စာရွက်လေးတစ်ရွက်ပဲကျန်ပါတော့တယ်။ ဒါကို ငါလွှင့်ပစ်ဖို့ကြိုးစားခဲ့ပေမယ့် ငါမပစ်ရက်ဘူးဟယ်။ ဒီစာရွက်လေးကိုတော့ ငါ့ကို သိမ်းဆည်းထားခွင့်ပေးပါ။ နှင်ကငါ့ကို နောက်ငါးနှစ်ဆိုတာကို မေ့ပျောက်ခိုင်းပေမယ့် ငါ့ရင်ထဲမှာ ဘယ်လိုမှ မမေ့နိုင်ပါဘူးမောင်ရယ်။ ငါ့ကို ဒီအိပ်မက်တော့ ဆက်မက်ခွင့်ပေးပါ။ အဲဒီအိပ်မက်ကို ငါ့ရင်ထဲမှာပဲ ဝှက်ထားမှာပါမောင်ရယ်။ အခု ငါလေ နှင့်ကိုလွမ်းတဲ့ စိတ်နဲ့ နှင့်ရဲ့ဟောစာတမ်းလေးကို အစောင်ငါးဆယ်မိတ္တူ ဆွဲ စက္ကူလှေ လုပ်ပြီး မြစ်ပြင်ထဲကနေ၊ ငါ့အလွမ်းတွေ ထည့်မျှောနေတာ။ ဟောဒီ မြစ်ပြင်ကြီးကနေတစ်ဆင့် ပင်လယ်ကြီးဆီ ၊ အဲဒီပင်လယ်ကြီးကနေတစ်ဆင့် နှင်နဲ့မြမြလတ်တို့ ဟန်းနီးမွန်းထွက်နေတဲ့ ချောင်းသာကမ်းခြေဆီရောက်သွားလိမ့်မယ်လို့ ငါယုံတယ်သိလား။ တကယ်လို့ နှင်စက္ကူလှေလေးတစ်စင်းမြင်တွေ့ခဲ့မယ်ဆိုရင် ငါ့အလွမ်းတွေ ထည့်ထားတဲ့စက္ကူလှေပဲလို့ ယုံကြည်ပေးပါ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်၊ မန္တလေး ကားလမ်းပေါ်မှာ ခရီးသွားအေဂျင်စီက ကားလေးတစ်စင်း အမြန်နှုန်းနဲ့ပြေးလွှားနေပါတယ်။ ကားရှေ့ခန်းမှာတော့ ကားဒရိုင်ဘာ၊ ကားနောက်ခန်းမှာတော့ ဝင်းကိုသိုက်နဲ့ မြမြလတ်။

သူတို့နှစ်ယောက် ဟန်းနီးမွန်းခရီးထွက်လာကြတာပါ။ မြမြလတ်က ပင်လယ်ကမ်းခြေနား လုံးဝမသွားဘူးဆိုလို့ နွေခေါင်ခေါင်ကြီး အထက်အညာကို ဟန်းနီးမွန်းခရီး အရေးပေါ်စီစဉ်လိုက်ရတယ်။ ရှမ်းပြည်နယ်သွားကြရအောင်ဆိုတော့ အင်းလေးကန်မှာရေရှိတယ်တဲ့။ ဒီမြမြလတ်တစ်ယောက် တတ်နိုင်ရင်ရေတောင်မသောက်ပဲနေဦးမလား မပြောတတ်ဘူး။

"ဝင်းကိုသိုက် ကားမှန်ချလိုက်ဟာ"

မြမြလတ်က ဝင်းကိုသိုက်ရဲ့ပုခုံးပေါ်မှီပြီး ပြောလိုက်ပါတယ်။ ဟင် ကိုယ့်ဘာသာကိုယ်ချရင်လည်းဖြစ်သားနဲ့ ခုကတည်းက ခိုင်းချင်နေပြီ။

"လေပူတွေတိုက်တယ်ဟ"

ဝင်းကိုသိုက်က ငြင်းကြည့်လိုက်ပါတယ်။ ဒါပေမယ့်

"ဖွင့်ပါဆို၊ နင်ကလည်း"

ဝင်းကိုသိုက် သက်ပြင်းလေးချပြီး မှန်တံခါးကို ဖွင့်ပေးလိုက်ပါတယ်။ ဝူးကနဲတိုက်လာတဲ့လေပူတွေနဲ့အတူ ကားထဲကို တစ်စုံတစ်ရာ ပြေးဝင်လာပါတယ်။ နှစ်ယောက်သားကြည့်လိုက်တော့

"ဟယ် စက္ကူလေယာဉ်ပျံလေးတော့"

ပြီး။

လွင်မင်းအုံ့

မျက်ပွင့်စာပေ

www.burmeseclassic.com